ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွနေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

၁၃၈၀ ပြည့်နှစ် ဒုတိယဝါဆိုလဆန်း ၁၄ ရက်၊ ကြာသပတေးနေ့။ Thursday 26 July 2018 ၉၃၅၉

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန နှစ်နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနား တက်ရောက် ထူးချွန်ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၏ နှစ်နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇူလိုင် ၂၅**

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၏ နှစ်နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ဗဟိုဌာန(NRPC)၌ ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်၍ ထူးချွန်ဝန်ထမ်းများနှင့် ထူးချွန်ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော် အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီ အထောက်အပံ့ပေးရေး၊

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ဂျပန်-မဲခေါင် လွှတ်တော်အသင်းဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ
စာမျက်နှာ » ၅

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ဂျပန်-မဲခေါင် လွှတ်တော်အသင်းဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ
စာမျက်နှာ » ၅

မောင်တောဒေသ၌ ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာအဖွဲ့ ကွင်းဆင်း သတင်းရယူ
စာမျက်နှာ » ၉

မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်ရှိ ရေဘေးသင့်ဒေသများသို့ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက သွားရောက်ထောက်ပံ့
စာမျက်နှာ » ၁၁

ဂျပန်နိုင်ငံ အပူချိန်လွန်ကဲမှုကြောင့် ၂၀၂၀ အိုလံပစ် အားကစားပြိုင်ပွဲအတွက် စိုးရိမ်မှုများမြင့်တက်
စာမျက်နှာ » ၁၂

မသန်စွမ်းသူတို့အား ခြေတုလက်တုများကို ဩဂုတ် ၁၇ ရက်အထိ အခမဲ့ တပ်ဆင်ပေးသွားမည်
စာမျက်နှာ » ၁၆



# ကြေးမုံ

## သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွား

မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးနောက် သာသနာတော် အရှည်တည်တံ့ခိုင်မြဲရေး၊ သာသနာတော်သန့်ရှင်းရေး၊ တရားဒေသနာများ မကွယ်ပျောက်ရေးအတွက် သင်္ဂါယနာတင်ပွဲ ခြောက်ကြိမ် ကျင်းပခဲ့သည့်အပြင် သံဃာ့အစည်းအဝေးကြီးများကို နှစ်စဉ်ကျင်းပခဲ့သည်။ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဆောင်ရွက်ခြင်းသည် ဗုဒ္ဓဘာသာဝင်တို့၏ စိတ်သန္တာန်၌ မြတ်စွာဘုရားရှင်၏ အဆုံးအမ တရားတော်တို့ တည်တံ့ပြန့်ပွားအောင် ဆောင်ရွက်ခြင်း၊ သာသနာကို ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြစ်သည်။

မြတ်စွာဘုရားရှင်သာသနာတော်တွင် ထေရ်ကြီးဝါကြီး အရှင်သူမြတ်တို့က ရဟန်းရှင်လူပြည်သူများ အကုသိုလ်အမှုများ မဖြစ်အောင် ဆောင်ရွက်ခြင်း၊ သုစရိုက်တရားများ တိုးပွားအောင် ကျင့်ကြံအားထုတ်ခြင်းတို့ကို ညွှန်ပြသည်။ မျက်မှောက်ကာလတွင် သာသနာရေးနှင့်ပတ်သက်၍ အဓိကကျသည့်အဖွဲ့အစည်းကြီးမှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းသာမက အတိုင်းတိုင်းအပြည်ပြည်မှ ရဟန်းရှင်လူပြည်သူများ အသိအမှတ်ပြုထားသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဖြစ်သည်။

ထိုသံဃာ့အဖွဲ့အစည်းကြီးတွင် ပါဝင်တော်မူကြသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အရှင်သူမြတ်တို့သည် ခန္တီတရားလက်ကိုင်ထားခြင်း၊ ရှင်ကောင်း၊ ရဟန်းကောင်းတို့၏ အနွယ်စဉ်၌ ပါဝင်စေခြင်း၊ သာသနာတော် အရေးကိစ္စဟူသမျှတို့၌ စေ့စေ့ငုငုကြည့်ရှုမြော်မြင်နိုင်ကြသည့် ပုဂ္ဂိုလ်များဖြစ်ခြင်း၊ ဒုက္ခဘုံသား သပ္ပုရိသသတ္တဝါအများအား တရားတော်ဖြင့် ဖေးမကူညီစောင့်ရှောက်တော်မူခြင်း စသည်တို့နှင့် ပြည့်စုံအောင် ကျင့်ကြံကြိုးကုတ် အားထုတ်တော်မူလျက်ရှိသည်။

ယခုအခါ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်မှ သာမဏာသာရုပ္ပ မဖြစ်သော အမှုကိစ္စများ မပေါ်ပေါက်စေရေးအတွက် ညွှန်ကြားလွှာများ ထုတ်ပြန်၍ ဒေသအလိုက်တွင် သာသနာနှင့်မလျော်ကန်သည့် အမှုကိစ္စများ မပြုလုပ်မိကြစေရန် သတိပေးခဲ့သည်။ သို့သော်လည်း ဖောက်ဖျက်မှုများ ဆက်လက်ရှိနေပြီး အမှုအခင်းများဖြစ်လာသည်အထိ စက်ဆုပ်ဖွယ်ရာ၊ စိတ်မချမ်းမြေ့ဖွယ်ရာ ကြားသိနေရကြောင်း သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ သတ္တရသမအစည်းအဝေး ပထမနေ့တွင် ဆရာတော် အရှင်သူမြတ်တို့၏ လျှောက်ထားချက်အရ ကြားသိရသည်။

မြတ်စွာဘုရားရှင် ဟောဖော်ညွှန်ပြထားသော ဝိနည်းဒေသနာ တရားတော်တို့နှင့်အညီ သံဃာ့ကိစ္စ သံဃာဆောင်ရွက်ဟူသော နိုင်ငံတော်သံဃမဟာနာယကမူအရ နိုင်ငံတော်သံဃမဟာနာယက သံဃာ့အဖွဲ့အစည်းကြီးနှင့်အတူ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့က မြတ်စွာဘုရားရှင်၏ သာသနာတော်ကြီး သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် သာသနာတော်ကို ထိန်းသိမ်းစောင့်ရှောက်တော်မူခြင်းတည်းဟူသော တာဝန်များအား အလေးဂရုပြု သန့်ရှင်းဆောင်ရွက်တော်မူနေသည်ကို တွေ့ရသည်။

သာမဏာသာရုပ္ပမဖြစ်သည့် အမှုကြီးငယ်တို့မှအစ ပါရာဇိကကျသည့်ကြီးလေးသော အမှုများအထိ မည်သည့်အမှုမဆို သာသနာတော်နှင့် မအပ်စပ်သည့်အမှုများ၊ သာသနာတော်ကို ပျက်စီးစေသော ပြုလုပ်မှုများ ဖြစ်ပါသည်။ ထိုအမှုတို့ကို အနည်းငယ်မျှသော သံဃာက ပြုလုပ်မိသည် ဖြစ်၍ ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးပုပ်မည့်အရေးကို သိတော်မူကြသော အရှင်သူမြတ်တို့က သတိပေးထောက်ပြပြီး သာသနာတော်ကြီး အရေးကို သတိကြီးစွာဖြင့် လက်ကိုင်ထား ဆောင်ရွက်တော်မူလျက်ရှိပါသည်။

သို့ဖြစ်ရာ လေးလလျှင် တစ်ကြိမ်ကျင်းပသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ အစည်းအဝေးကြီးများသည် သံဃာ့ကိစ္စ သံဃာဆောင်ရွက်ဟူသော မူအတိုင်း သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးလုပ်ငန်းများကို မြတ်စွာဘုရားရှင် အဆုံးအမနှင့်အညီ ပိုမိုကြိုးပမ်းအားထုတ် စောင့်ရှောက်နိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။ ။

MYANMAR DigitalNews
Presented by NPE
www.mdn.gov.mm

## သစ်တောများ ပျက်စီးပြုန်းတီးခြင်းမှ ကြိုတင်ကာကွယ်ရေးဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၅**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် Exo World Group of Companies Limited မှ ဥက္ကဋ္ဌ ဦးသိန်းသန်းနှင့် မလေးရှားနိုင်ငံ LAX Global Resources မှ Executive Chairman, Mr. Dato'Seri DiRaja Syed Razlan Jamalullail တို့အား ယမန်နေ့ နံနက် ၁၁ နာရီတွင် ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် ဇီဝသယံဇာတများကို ထိန်းသိမ်း စောင့်ရှောက်ခြင်း၊ သစ်တောများ ပျက်စီးပြုန်းတီးခြင်းမှ ကြိုတင်ကာကွယ်ခြင်း၊ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် လုပ်ငန်းစဉ်များအား စဉ်ဆက်မပြတ် စီမံချက်များ ချမှတ်ဆောင်ရွက်ခြင်း၊ သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းနှင့် သဘာဝသစ်တောများမှ စီးပွားရေးဆိုင်ရာတန်ဖိုးမြင့် ကုန်ပစ္စည်းများ ထုတ်လုပ်သည့် လုပ်ငန်းများအား မြန်မာနိုင်ငံတွင် ရာနှုန်းပြည့်ရင်းနှီးမြှုပ်နှံမှုများပြုလုပ်၍ အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



## ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး မုံရွာအကျဉ်းထောင် စစ်ဆေး

**မုံရွာ ဇူလိုင် ၂၅**

ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးအောင်ဇော်သိန်းသည် ယမန်နေ့ နံနက် ၉ နာရီခွဲက မုံရွာအကျဉ်းထောင်သို့ သွားရောက်စစ်ဆေးကြည့်ရှုခဲ့သည်။

ယင်းသို့ စစ်ဆေးရာတွင် မုံရွာအကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ဝင်းနှင့် မုံရွာအကျဉ်းထောင် တာဝန်ခံအရာရှိ ဦးခင်မောင်ထွန်းတို့က အကျဉ်းသူ၊ အကျဉ်းသားများ၏ နေထိုင်စားသောက်မှုအခြေအနေ၊ ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေ၊ သောက်သုံးရေရရှိမှုအခြေအနေများနှင့် စာပေဗဟုသုတလေ့လာနိုင်ရန် စာကြည့်တိုက် ဆောင်ရွက်ထားရှိမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးက ပြစ်ဒဏ်ကျခံရသူများ၏အဆောင်များနှင့် စားဖိုဆောင်များ၌ သန့်ရှင်းစွာထားရှိမှု ရှိ၊ မရှိ၊ သက်သာချောင်ချိမှု ရှိ၊ မရှိ၊ ဆေးကုသနိုင်ရန် အခွင့်အရေး ရှိ၊ မရှိ၊ ညှဉ်းပန်းနှိပ်စက်မှု ရှိ၊ မရှိ၊ ဥပဒေနှင့်အညီ ရသင့်ရထိုက်သော အခွင့်အရေးများ ရရှိခြင်း ရှိ၊ မရှိတို့ကို မေးမြန်းစစ်ဆေးပြီး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

## သဘာဝဘေးအန္တရာယ်လျှော့ချရေးဆိုင်ရာ စီမံခန့်ခွဲမှု အလုပ်ရုံဆွေးနွေး

**မင်းဘူး ဇူလိုင် ၂၅**

Save The Children အဖွဲ့က စီစဉ်ကျင်းပသည့် သဘာဝဘေးအန္တရာယ်လျှော့ချရေးဆိုင်ရာ စီမံခန့်ခွဲမှု အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီက မင်းဘူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုဗဟိုပြုစင်တာ ခန်းမ၌ ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် မင်းဘူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးသန်းဌေးက အဖွင့်အမှာစကားပြောကြားပြီး Save The Children အဖွဲ့မှ ပညာရေးစီမံချက် စီမံကိန်းအရာရှိ ဦးသန်းထွဋ်က အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာသူများက တစ်ဦးချင်း မိတ်ဆက်ခြင်း၊ ဆွေးနွေးပွဲ မျှော်လင့်ချက်များနှင့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး ရပ်ရွာမြေပုံ၊ ကျောင်းမြေပုံရေးဆွဲခြင်းများ လက်တွေ့ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဆွေးနွေးပွဲကို ဇူလိုင် ၂၅ ရက်မှ ၂၆ ရက်အထိ နှစ်ရက်တာ ဆွေးနွေးခဲ့ကြပြီး ဆွေးနွေးပွဲသို့ မင်းဘူး(စကု)မြို့နယ်အတွင်းရှိ ကျေးရွာ ၁၅ ရွာမှ ဆရာ ဆရာမများ၊ စာကြည့်တိုက်မှူးများ စုစုပေါင်း ၄၅ ဦး တက်ရောက် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မျိုးမြတ်(မင်းဘူး)**




## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဇူလိုင် ၂၅**

ရန်ကုန်(ရွှေဈေး) ၉၄၈၀၀၀ - ၉၄၈၀၀၀ မန္တလေး(ရွှေဈေး) ၉၄၈၀၀၀ - ၉၄၈၀၀၀

**စက်သုံးဆီဈေးနှုန်း**

| | | | ရန်ကုန် | မန္တလေး |
|---|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၉၀၅/၉၁၅ ကျပ်၊ | ၉၄၅/၉၅၅ ကျပ် |
| (ခ) | အောက်တိန်း ၉၅ | တစ်လီတာ | ၉၁၅/၉၄၀ ကျပ်၊ | ၉၈၅/၉၉၅ ကျပ် |
| (ဂ) | အောက်တိန်း ၉၂ | တစ်လီတာ | ၈၇၀/၈၉၀ ကျပ်၊ | ၉၃၅/၉၅၀ ကျပ် |
| (ဃ) | အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၁၅/၉၃၀ ကျပ်၊ | ၉၅၅/၉၆၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၆၅/၈၇၂ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၇၅/၈၈၂ ကျပ်၊အောက်တိန်း ၉၂ တစ်လီတာ ၈၁၀/၈၁၈ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၂၇. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၆၈. ၃ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၁၀. ၁၂ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၂. ၇၆၃ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၅၁. ၁၈ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀. ၆၉၇ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၈၁. ၄ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၆. ၅၀ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၆၁. ၃ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၄၆. ၂ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ

**ခေတ္တစာတည်းမှူးချုပ်** - ဦးဝင်းရွှေ
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန နှစ်နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

☆ ရှေ့ဖုံးမှ

ပြန်လည်နေရာချထားရေး ဖွံ့ဖြိုးရေးစီမံကိန်း(UEHRD)ကော်မတီမှ ဒေါက်တာအောင်ထွန်းသက်နှင့် ဦးတိုးအောင်၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာအကြီးအကဲများ၊ အရာထမ်း အမှုထမ်းများ၊ ထူးချွန်ဆုရ ဝန်ထမ်းများ၊ ဆုရကျောင်းသား ကျောင်းသူများ၊ ဝန်ထမ်းမိသားစုများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

## နိုင်ငံအတွက် အဓိကကျတဲ့တာဝန်

ရှေးဦးစွာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဩဝါဒစကားပြောကြားရာတွင် "ကျွန်မတို့ဝန်ကြီးဌာနက ဝန်ကြီးဌာနအသစ်ဆိုတော့ လုပ်ရကိုင်ရတာ ခက်ခဲတာတွေလည်း ရှိပါလိမ့်မယ်။ ဒါပေမယ့်လည်း အင်မတန်မှ အဓိကကျတဲ့၊ နိုင်ငံအတွက် အဓိကကျတဲ့ တာဝန်ကို ထမ်းဆောင်ရတဲ့အတွက် ကျေနပ်မှုလည်းရှိမယ်လို့ ကျွန်မတို့မျှော်လင့်ပါတယ်။ ဒီဝန်ကြီးဌာနမှာ အခြားဌာနအသီးသီးက ရောက်လာတဲ့ ဝန်ထမ်းတွေက တစ်ယောက်နဲ့တစ်ယောက် သိကျွမ်းပြီးတော့ နိုင်ငံအတွက် လုပ်တဲ့နေရာမှာ ဘယ်လိုပုံစံနဲ့လုပ်ရမလဲဆိုတာကို သင်ယူနိုင်မယ်လို့ ကျွန်မတို့ မျှော်လင့်ပါတယ်။

"အတိုင်ပင်ခံရုံးရဲ့အလုပ်တွေဟာ ကျွန်မတို့အစိုးရရဲ့ ရည်ရွယ်ချက်တွေနဲ့ အဓိကရည်ရွယ်ချက်တွေကို အကောင်အထည်ဖော်ဖို့ဖြစ်ပါတယ်၊ ဥပမာဆိုလို့ရှိရင် တရားဥပဒေစိုးမိုးရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး၊ တကယ့်စစ်မှန်တဲ့ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီးကို ဦးတည်ရေးဆိုတာဟာ ကျွန်မတို့အစိုးရရဲ့ ရည်ရွယ်ချက်တွေဖြစ်သလို နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနက အကောင်အထည်ဖော်ဖို့ဆိုရင် အခွင့်အရေးတွေအများကြီးရှိပါတယ်။ နိုင်ငံအတွက်၊ နိုင်ငံ့အကျိုးအတွက် လုပ်ပေးနိုင်တယ်ဆိုတာ လူတိုင်းရတဲ့ အခွင့်အရေးမဟုတ်ပါဘူး၊ ကိုယ်ရတဲ့ အခွင့်အရေးကိုယ်သုံးမှပဲ ဒီအခွင့်အရေးဟာ တန်ဖိုးရှိမှာပါ။

## ကံကောင်းတယ်လို့ သတ်မှတ်စေချင်

"တချို့ကဆိုရင် ကြီးမားတဲ့၊ လေးပင်တဲ့ တာဝန်တွေ ထမ်းဆောင်ရတာ ငါတို့ကံမကောင်းဘူးလို့ ဒီလိုပဲယူဆကြပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ခဏခဏပြောတယ်။ ကံနဲ့ ကံရဲ့ အဓိပ္ပာယ်ကိုတော့ ပြန်ပြီးတော့ပြောချင်ပါတယ်။ ကံဆိုတာ တကယ်တော့ပြုလုပ်ခြင်းပါပဲ။ လူတွေက အများအားဖြင့် ကံဆိုတာ အတိတ်ကံကိုပဲ မြင်မိကြတာပါ။ ကံမကောင်းလို့ဆိုတာ တရားသဘောအရပြောရင် အရင်တုန်းက လုပ်ခဲ့တဲ့ ကိစ္စတွေကြောင့်၊ လုပ်ရပ်တွေကြောင့် အဲဒီလုပ်ရပ်တွေရဲ့ အကျိုးအရ မကောင်းတဲ့အကျိုးကို ခံစားရတဲ့အခါကျရင် ကံမကောင်းဘူးပေ့ါ။ ဒါပေမယ့် ကျွန်မတို့က ကံကိုဒီလိုမစဉ်းစားစေချင်ဘူး။ ပစ္စုပ္ပန်ကံပဲ အဓိကဖြစ်ပါတယ်၊ ကျွန်မတို့ဆီကိုရောက်လာတဲ့ ဝန်ထမ်းတွေက ကံကောင်းတယ်လို့ ကိုယ့်ကိုယ်ကိုယ် သတ်မှတ်စေချင်ပါတယ်။

"ပြည်ထောင်စုဝန်ကြီးရဲ့ ဦးဆောင်မှု၊ စောစောကပြောတဲ့အတိုင်း နိုင်ငံရေးအရ၊ ဝန်ထမ်းလောကအရ အင်မတန်မှ အတွေ့အကြုံရှိတဲ့ ပုဂ္ဂိုလ်များနဲ့ အတူလုပ်ရတယ်ဆိုတာ ကောင်းတယ်ဆိုတာဟာ အလုပ်တော့ များများလုပ်ရမယ်။ ဒါပေမယ့် အဆင့်မြင့်မြင့် အလုပ်လုပ်ဖို့ဆိုတာဟာ အင်မတန်မှ လိုအပ်လာပါတယ်။ ကျွန်မတို့နိုင်ငံရဲ့ အားနည်းချက်တစ်ခုက ဘာလဲဆိုတော့ ပညာရေးမှာ နိမ့်ကျသွားတဲ့ကိစ္စပါ။ ပညာရေးမှာ နိမ့်ကျသွားတဲ့ကိစ္စဆိုတာက တခြားအရာတွေနဲ့မတူပါဘူး။ ဥပမာ၊ စီးပွားရေးမှာ နိမ့်ကျသွားတယ်ဆိုတာက ပညာရေးမြင့်မားတဲ့၊ ပညာအရည်အချင်းမြင့်မားတဲ့ နိုင်ငံသူ နိုင်ငံသားတွေရှိတယ်ဆိုရင် မြန်မြန်ပြန်ပြီးတော့ တည်ဆောက်လို့ရပါတယ်။

"လူတစ်ယောက်ဖြစ်ဖို့က အနှစ် ၂၀ ကြာတယ်တဲ့။ ပြောချင်တာက လူလားမြောက်ဖို့။ အသက် ၂၀ လောက်ရှိတဲ့အခါမှာမှ လူလားမြောက်တယ်။ အဲဒီအချိန်အခါမှာမှ လောကကြီးထဲကို ကိုယ့်ဟာကိုယ်ဝင်ပြီးတော့ ကိုယ့်ဟာကိုယ် လောကရဲ့စိန်ခေါ်မှုတွေကို ရင်ဆိုင်ဖို့ကအဆင်သင့်ဖြစ်တယ်။ ဒီတော့ ကျွန်မတို့နိုင်ငံရဲ့ ပညာရေးစနစ်နဲ့ ညှိပြီးတော့ ကြည့်လိုက်မယ်ဆိုရင်လည်း တက္ကသိုလ်ဘွဲ့ရပြီးတဲ့အချိန်ကာလ ပတ်ဝန်းကျင်ပေ့ါ။ အဲဒါလည်းမှန်ပါတယ်။ ဒါပေမယ့် အခုခေတ်မှာတော့ ကျွန်မတို့က တက္ကသိုလ်ပညာတင်မဟုတ်ဘူး၊ အသက်မွေးဝမ်းကျောင်းပညာကိုပါ အားပေးတဲ့ခေတ်ဆိုတော့ ကိုယ့်ရဲ့ပညာသင်တဲ့ ကာလပြီးဆုံးတဲ့အချိန်ပေ့ါ။ ကိုယ်ကနေပြီးတော့ ဒီပညာတွေကို အသုံးချပြီးတော့ လောကကြီးကိုရင်ဆိုင်နိုင်တဲ့အချိန်ဆိုတာဟာ ကိုယ်လူလားမြောက်တဲ့အချိန်ပါပဲ။

## အပင်ပန်းနည်းနည်းခံရလိမ့်မယ်

"ကျွန်မတို့ရဲ့ ပညာရေးစနစ်က အားနည်းခဲ့တဲ့အခါကျတော့ ကျွန်မတို့ပြည်သူပြည်သားများဟာ မျိုးဆက်နှစ်ဆက်လောက်က တော်တော်ကို ကံမကောင်းဘူးပေ့ါ။ အတိတ်ကံမကောင်းဘူးပေ့ါ။ အဲဒီတော့ အတိတ်ကံ၊ မကောင်းတဲ့ကံကို ပစ္စုပ္ပန်ကံနဲ့ ကျွန်မတို့ပြန်ပြီးတော့ကာရမယ်၊ ပြန်ပြီးတော့ ကျော်လွှားရမယ်။ အရင်တုန်းက ပညာရေးစနစ်က အားနည်းခဲ့လို့ မလုပ်တတ်ပါဘူး၊ မကိုင်တတ်ပါဘူးဆိုတာဟာ ဆင်ခြေမဟုတ်ဘူး။ အခုအချိန်မှာ ပိုပြီးကြိုးစားရမယ်။ တကယ်ကြိုးစားချင်ရင် ဖြစ်ပါတယ်။ ဒါပေမယ့် ဝါယမစိုက်ထုတ်ရမယ်။ အပင်ပန်းနည်းနည်းခံရလိမ့်မယ်။ ဥပမာဆိုရင် အိမ်ပြန်ရတဲ့အခါကျတော့ ညနေမှာ မောပန်းတဲ့အခါကျရင် အနားယူချင်ကြတယ်။ ဒါပေမယ့် တိုးတက်ချင်ရင် ကိုယ်အနားယူရမယ့်အချိန်ထဲက နည်းနည်းဖဲ့ပြီးတော့ ကိုယ့်ရဲ့အရည်အချင်း တိုးတက်ရေးအတွက် ကြိုးစားရမှာပဲ။ ဥပမာဆိုရင် နည်းနည်းပိုပြီးတော့ ငယ်တဲ့ဝန်ထမ်းတွေဆိုရင် ပိုပြီးတော့ အဆင့်မြင့်တဲ့ပညာသင်ကြားရေးအတွက် လေ့လာရေးအတွက် အချိန်တော့ယူရမှာပဲ။ ဘာမှမလုပ်ဘဲနဲ့တော့ ဘာမှမဖြစ်လာဘူး။ သူ့ဘာသာသူ အလိုလိုဖြစ်လာတယ်လို့ မရှိပါဘူး။ ကျွန်မအမြဲပြောပါတယ်။ အခြေအနေတစ်ခုကို သူ့ဘာသာသူဖြစ်သွားမှာပါလို့ ဒီလိုထားလို့ဘယ်တော့မှမဖြစ်ပါဘူး။ သူ့ဘာသာသူ ဖြစ်သွားတာက ကိုယ်မကြိုက်တဲ့ပုံစံပဲဖြစ်သွားမှာပါ။

"ကိုယ်ကြိုက်တဲ့ပုံစံဖြစ်ဖို့ဆိုတာ အားလုံးကဝိုင်းပြီးတော့ ကြိုးစားရမှာဖြစ်တယ်။ ကျွန်မတို့နိုင်ငံအတွက် တရားဥပဒေစိုးမိုးရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ အမျိုးသားရင်ကြားစေ့ရေး ဒါတွေဖြစ်ဖို့ဆိုတာ အဓိကအားဖြင့် ရှေ့ဆောင်နေတဲ့ အစိုးရနဲ့ ဝန်ထမ်းတွေကနေပြီးတော့ လုပ်ပြရမယ်။ ဝန်ထမ်းတွေရဲ့ကဏ္ဍဟာ အင်မတန်မှ အရေးကြီးပါတယ်။

## အပြောင်းအလဲ

"ဝန်ထမ်းတွေဟာ သိက္ခာရှိတယ်။ ဝန်ထမ်းတွေကို ပြည်သူလူထုက ယုံကြည်မှုရှိရင် အစိုးရအပြောင်းအလဲ ဘယ်လိုပဲဖြစ်ဖြစ် လူထုရဲ့စိတ်က တည်ငြိမ်တယ်။ ကျေနပ်တယ်။ လုံခြုံတယ်။ ဒီမိုကရေစီစနစ်ကို လိုချင်တယ်ဆိုရင် အစိုးရအပြောင်းအလဲတွေရှိမှာပဲဆိုတာ ကျွန်မတို့လက်ခံတယ်။ အစိုးရအပြောင်းအလဲ ဘယ်တော့မှမရှိဘူးဆိုပြီး စိတ်ထားရင် အဲဒါဒီမိုကရေစီ စိတ်ထားမရှိတာဘဲ။ ဒီမိုကရေစီဆိုတာကိုက အစိုးရအပြောင်းအလဲ ပြေပြေပြစ်ပြစ်နဲ့ ဖြစ်ဖို့အတွက်ပဲဖြစ်ပါတယ်။ ဘာဖြစ်လို့ အပြောင်းအလဲဖြစ်ဖို့လိုလဲဆိုတော့ လောကကြီးက အမြဲပဲပြောင်းလဲနေတယ်။ အဲဒီလောကကြီး ပြောင်းလဲတာနဲ့အမျှ နိုင်ငံတစ်နိုင်ငံကို ဦးဆောင်နေတဲ့ အဖွဲ့များ၊ ပုဂ္ဂိုလ်များက ပြောင်းလဲသင့်တယ်။ ဒါမှ လောကကြီးနဲ့ဟန်ချက်ညီညီသွားနေနိုင်မှာပါ။ ဒါကြောင့် ကျွန်မတို့ ဝန်ထမ်းများဟာ ဘယ်လိုပဲ အစိုးရတွေပြောင်းလဲပြောင်းလဲ ဝန်ထမ်းတွေရဲ့ အရည်အချင်းနဲ့ ဝန်ထမ်းတွေရဲ့ တည်ကြည်ဖြောင့်မတ်မှုကြောင့် ပြည်သူလူထုကို စိတ်လုံခြုံမှုပေးစေချင်တယ်။

"အတိုင်ပင်ခံရုံးဝန်ကြီးဌာနက နည်းနည်းထူးခြားတယ်။ ထူးခြားတာနဲ့အမျှ ကျွန်မတို့ ဝန်ထမ်းတွေကိုလည်း ထူးထူးခြားခြားဖြစ်စေချင်တယ်။ ထူးထူးခြားခြား ဖြစ်အောင်လို့လည်း ကိုယ့်ကိုယ်ကိုယ်ပြုစုပျိုးထောင်စေချင်တယ်။ ကျွန်မတို့ အချင်းချင်းကိုလည်း ညီညီညွတ်ညွတ်နဲ့ လုပ်စေချင်တယ်။ ကျွန်မတို့ဝန်ကြီးဌာနက တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် အတိုင်ပင်ခံရုံးဝန်ကြီးဌာနကို စံပြဝန်ကြီးဌာနဖြစ်စေချင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ သွန်သင်ဆုံးမပေးမယ့် လူကြီးတွေရှိတဲ့အခါမှာ ကိုယ့်ကိုယ်ကိုယ် စံပြဝန်ထမ်းတစ်ယောက်ဖြစ်အောင် လုပ်ဖို့ အခွင့်အရေးတွေရတယ်။ ဒီအခွင့်အရေးတွေကို လက်လွှတ်မခံပါနဲ့။ ကျွန်မတို့နိုင်ငံက အခက်အခဲအမျိုးမျိုးနဲ့ ရင်ဆိုင်ရတယ်ဆိုတာလည်း ဒီဝန်ကြီးဌာနအသိဆုံးပဲ။

## အခွင့်အရေးကိုတန်ဖိုးထားပါ

"တကယ်ရှုန်းကန်ရပြီဆိုရင် တခြားဝန်ကြီးဌာနတွေလည်း ရုန်းကန်ရပါတယ်။ ဒါပေမယ့် အတိုင်ပင်ခံရုံးဝန်ကြီးဌာနက အဓိကနေရာမှာ တာဝန်ထမ်းဆောင်ခဲ့တဲ့ အကြိမ်တွေက များစွာပဲဖြစ်ပါတယ်။ ဒီဝန်ကြီးဌာနကဆိုရင် အမျိုးသားပြန်လည်ရင်ကြားစေ့ရေး၊ ငြိမ်းချမ်းရေးနဲ့လည်း ဆက်နွှယ်နေတယ်။ နိုင်ငံခြားရေးကိစ္စတွေနဲ့လည်း ဆက်နွှယ်နေတယ်။ ပြည်တွင်းလုံခြုံမှု၊ လုံခြုံရေးကိစ္စတွေ၊ တည်ငြိမ်ရေးကိစ္စတွေနဲ့လည်းဆက်နွှယ်နေတယ်။ အဲဒီလိုဆက်နွှယ်နေတဲ့ ကိစ္စတွေအားလုံးကို ဝိုင်းဝန်းပြီးတော့ ဖြေရှင်းပေးဖို့ရနိုင်တဲ့ ရတဲ့အခွင့်အရေးကို တန်ဖိုးထားပါ။ အဲဒီဟာအတွက် ဂုဏ်ယူပါ။ ကိုယ်လုပ်ရတဲ့အလုပ်အတွက် ကိုယ်ဝမ်းသာဖို့၊ ကိုယ့်အနေနဲ့ ကျေနပ်ဖို့က အင်မတန်မှ အရေးကြီးပါတယ်။ အလုပ်ကျေနပ်မှုရှိမှ လူတစ်ယောက်ဟာ ကိုယ့်ဘဝကိုလည်း ကျေနပ်မှုရှိမှာပါ။ ဝန်ထမ်းတစ်ယောက်ရဲ့ဘဝက နာရီပေါင်းအများစုက အလုပ်ခွင်မှာပဲ နေရတယ်။ ဒီနာရီပေါင်းအများစုအတွင်းမှာ ကျေနပ်မှုရှိနိုင်မှ ကိုယ့်ဘဝကို ကျေနပ်မှုရှိနိုင်မှာပါ။ ကိုယ့်ဘဝကို ကိုယ်ကျေနပ်မှုရှိနိုင်မှ ကိုယ့်သားတွေ ကိုယ့်သမီးတွေကလည်း ဘဝကျေနပ်မှုရှာပုံရှာနည်းကို နားလည်မှာဖြစ်ပါတယ်။

"နိုင်ငံ့တာဝန်ထမ်းဆောင်နေတဲ့ တစ်ချိန်တည်းမှာပဲ ကိုယ့်ရဲ့မိသားစုအပေါ်မှာလည်း တာဝန်ကျေပွန်တယ်လို့ ဒီလိုပဲသတ်မှတ်စေချင်တယ်။ တချို့ကတော့ ဒီအလုပ်နဲ့ မိသားစုကြားမှာ။ နောက်ကျွန်မတို့ ဝန်ထမ်းအများစုက အမျိုးသမီးတွေဖြစ်နေတဲ့အခါကျတော့ အလုပ်နဲ့မိသားစုကြားမှာ လွန်ဆွဲနေရသလို ခံစားကြရပါတယ်။ ဒါကလည်း သဘာဝကျပါတယ်။ ဒါကြောင့် ကျွန်မတို့အနေနဲ့လည်း ဝန်ထမ်းများရဲ့ မိသားစုဘဝပိုပြီးတော့ စိုပြည်အောင်လို့ တတ်နိုင်သမျှ ကျွန်မတို့ ကြိုးစားပြီးတော့ လုပ်ပေးမှာပါ။ ဥပမာဆိုရင် ကျွန်မတို့ အဓိကထားတဲ့ကိစ္စတစ်ခုက ဝန်ထမ်းအိမ်ရာပေ့ါ။ ဝန်ထမ်းအိမ်ရာကို အဓိကထားရတယ်ဆိုတာဟာ ဝန်ထမ်းများဟာ နိုင်ငံအတွက် လုပ်သက်တစ်သက်လုံး အင်အားတွေစိုက်ထုတ်ပြီးတဲ့အခါကျတော့ အေးအေးဆေးဆေးနဲ့ အငြိမ်းစားယူနိုင်စေချင်တယ်။

## ဝန်ထမ်းအိမ်ရာတွေကို ဦးစားပေးတယ်

"ကိုယ့်မှာ ဒီနိုင်ငံအတွက် တာဝန်တွေထမ်းဆောင်ပြီးတဲ့အချိန်မှာ ဘယ်သွားရမှန်းမသိ၊ ဘယ်နေရမှန်းမသိ၊ ဘယ်သားသမီးနဲ့ကပ်ပြီးနေရမှန်းမသိ၊ ဘယ်သွားပြီးတော့ နေစရာရှာရမှန်းမသိတဲ့ ဘဝမျိုးမဖြစ်စေချင်ဘူး။ နိုင်ငံ့တာဝန်ထမ်းဆောင်ပြီးတဲ့ အချိန်ကာလမှာ အေးအေးဆေးဆေးနဲ့ ကိုယ့်ရဲ့ဆန္ဒအရပေ့ါ။ လောကီအလုပ်ပဲဖြစ်ဖြစ်၊ လောကုတ္တရာအလုပ်ပဲဖြစ်ဖြစ် ဆက်ပြီးတော့လုပ်နိုင်မယ့်အနေအထား ရှိစေချင်တယ်။ ဒါကြောင့်မို့ ကျွန်မတို့က ဝန်ထမ်းအိမ်ရာတွေကို အင်မတန်မှ ဦးစားပေးတယ်။ ဦးစားပေးတယ်ဆိုတာဟာ ရေတိုမဟုတ်ပါဘူး။ ရေတိုဝန်ထမ်းကောင်းတွေရဖို့တင် မဟုတ်ဘူး။ ရေရှည်မှာ နိုင်ငံပေါ်မှာ တာဝန်ကျေသွားတဲ့ဝန်ထမ်းအနေနဲ့ စိတ်အေးလက်အေးနဲ့နေသွားဖို့ဖြစ်ပါတယ်။

"အဲဒီလိုနေနိုင်ဖို့ကိုလည်း ဝန်ထမ်းတွေအတွက် လုပ်ပေးချင်တဲ့ကိစ္စတွေအားလုံး လုပ်ပေးဖို့ဆိုတာ နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့လိုတယ်။ ဘဏ္ဍာလည်း တောင့်ဖို့လိုတယ်။ ဘဏ္ဍာငွေတောင့်ဖို့ဆိုတာ အစိုးရကနေ ရုန်းကန်ရတယ်။ အစိုးရကနေပံ့ပိုးပေးရတယ်။ ဝန်ထမ်းတွေကအစိုးရအဖွဲ့တွေကို ပံ့ပိုးတဲ့အခါမှာ စေတနာသန့်သန့်နဲ့ ပံ့ပိုးပေးစေချင်တယ်။ ကိုယ့်ရဲ့ဌာနကို အသစ်ရောက်လာတဲ့ ဝန်ကြီးပဲဖြစ်ဖြစ်၊ အခြားဝန်ထမ်းပဲဖြစ်ဖြစ် အမြန်ဆုံးအရည်အချင်းပြည့်ဝအောင် အလုပ်တာဝန်ကို ပြည့်ပြည့်ဝဝ ကျေကျေပွန်ပွန် ထမ်းဆောင်နိုင်အောင် ကူညီပံ့ပိုးပေးတယ်ဆိုတာဟာ အင်မတန်မှ ဂုဏ်သိက္ခာရှိတဲ့အလုပ်ဖြစ်ပါတယ်။ ပူးပေါင်းဆောင်ရွက်နိုင်တဲ့ အရည်အချင်းဟာ အင်မတန်မှအရေးကြီးပါတယ်။

စာမျက်နှာ ၄ သို့ ❍



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် ပြည်ထောင်စုဝန်ကြီးရုံးမှ ဝန်ထမ်းများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

○ စာမျက်နှာ ၃ မှ

"အခုခေတ်မှာ ညီလာခံတွေ၊ အလုပ်ရုံဆွေးနွေးပွဲတွေမှာဆိုရင် အမြဲပဲ ခေါင်းဆောင်အရည်အချင်းကို အဓိကထားကြတယ်။ အဲဒါကို ကျွန်မက သိပ်မကြိုက်ဘူး။ ခေါင်းဆောင်လုပ်ချင်တာထက် အစုအဖွဲ့တစ်ခု အသင်းတစ်သင်းမှာ လုပ်နိုင်တဲ့ အရည်အချင်းဟာ အရေးကြီးဆုံးပါပဲ။ အဲဒီအရည်အချင်းသာရှိမယ်ဆိုရင် နိုင်ငံဟာ တကယ့်ကို တိုးတက်မှာပါ။ အဲဒါကြောင့် ဝန်ထမ်းတွေကလည်း ဒီစိတ်ဓာတ်နဲ့ လုပ်စေချင်တယ်။ အဖွဲ့အစည်း စိတ်ဓာတ်နဲ့ ငါတို့ဟာ တစ်ဖွဲ့တည်း၊ တစ်စုတည်း၊ ငါတို့လက်တွဲပြီး ဆောင်ရွက်မှ တိုးတက်နိုင်မယ်။ လက်တွဲပြီး ဆောင်ရွက်ခြင်းဟာ တိုးတက်မှုရရုံမက စိတ်ချမ်းသာမှုကိုလည်း အများကြီးပေးပါတယ်။

### တိုးတက်မှုတွေရနိုင်

"ကိုယ့်အချင်းချင်း၊ မိတ်ဆွေအချင်းချင်း၊ ရဲဘော်ရဲဘက်အချင်းချင်း၊ လုပ်ဖော်ကိုင်ဖက်အချင်းချင်း အပြည့်အဝ တစ်ယောက်နဲ့တစ်ယောက် လက်တွဲပြီးတော့ လုပ်တယ်ဆိုရင် ဝန်ထုပ်ဝန်ပိုးကလည်း ပေါ့သွားသလိုဖြစ်ပါတယ်။ အလုပ်ကလည်း မြန်မြန်ဆန်ဆန် ထိထိရောက်ရောက် အောင်မြင်တယ်။ ခေါင်းတစ်လုံးထက် ခေါင်းနှစ်လုံးဟာ ပိုပြီးတော့သာပါတယ်။ ဒီခေါင်းနှစ်လုံးဟာ တစ်ယောက်နဲ့တစ်ယောက် တိုက်နေရင်တော့ ဘယ်သာမလဲ။ ပူးပေါင်းပြီး ဆောင်ရွက်မယ်ဆိုရင်တော့ ပိုပြီးတော့ အင်မတန်မှ တိုးတက်မှုတွေ ရနိုင်တယ်။

"နိုင်ငံ့အတွက် ကျွန်မတို့ လုပ်နေရတဲ့အချိန်ဟာ အင်မတန်မှ အဓိကကျတဲ့ အချိန်ဖြစ်တယ်။ နောင်မျိုးဆက်သစ်တွေအတွက် ကျွန်မတို့နိုင်ငံရဲ့ သမိုင်းရဲ့ နောက်ခြေလှမ်းအတွက် လမ်းခင်းနေတာပါ။ အဲဒီအခွင့်အရေးဆိုတာဟာ မျိုးဆက်တိုင်းရတာမဟုတ်ပါဘူး။ လုပ်ချင်ပါတယ်ဆိုလို့လည်း လုပ်လို့ရမှာ မဟုတ်ပါဘူး။ ဥပမာ ဖွံ့ဖြိုးပြီးနိုင်ငံတွေပဲ ကြည့်လိုက်ပါ အင်မတန်မှ တိုးတက်ပြီး ဖွံ့ဖြိုးတဲ့၊ ချမ်းသာနေတဲ့ နိုင်ငံတွေမှာဆိုရင် အစိုးရတွေ၊ ဝန်ထမ်းတွေ ရင်ဆိုင်ရတဲ့ စိန်ခေါ်မှုတွေဟာ ကျွန်မတို့ ရင်ဆိုင်ရတဲ့ စိန်ခေါ်မှုတွေထက် အများကြီးနည်းပါတယ်။

### နောင်တရစရာမရှိ

"ကျွန်မတို့ နိုင်ငံကတော့ ပြည်သူလူထုတွေ အာဟာရပြည့်ဝဖို့အတွက် ရုန်းကန်နေရတဲ့အခြေအနေပါ။ ဒီလို လုပ်နိုင်တဲ့အခွင့်အရေးရတာကို ဝမ်းသာပါ။ စိတ်မပျက်ပါနဲ့။ အခွင့်အရေးကိုလည်း ပြည့်ပြည့်ဝဝသုံးပါ။ နောင်ကျမှ နောင်တမရပါစေနဲ့။ ကိုယ်လုပ်သင့် လုပ်ထိုက်တဲ့ကိစ္စကို သင့်တော်တဲ့အချိန်မှာ မလုပ်ရင် နောင်တရတာတွေ ဖြစ်ရပါလိမ့်မယ်။ ကံအကောင်းဆုံး ပုဂ္ဂိုလ်တွေကတော့ ဘဝရဲ့အဆုံးမှာ နောင်တ ဘာမှရစရာမရှိတဲ့ ပုဂ္ဂိုလ်တွေပါ။ အဲဒီလို ပုဂ္ဂိုလ်တွေဖြစ်ဖို့ဆိုတာ ကိုယ်တစ်ယောက်တည်းပဲ လုပ်လို့ရတယ်။ အခြားသူ ဘယ်သူကမှ လုပ်ပေးလို့မရဘူး။ ကိုယ်နောင်တရခြင်း၊ မရခြင်းဟာ ကိုယ့်ပေါ်မှာပဲ မူတည်တယ်။

### နိုင်ငံ့အကျိုး သယ်ပိုးနိုင်ကြပါစေ

"အဲဒါကြောင့် ကျွန်မတို့ရဲ့ဝန်ထမ်းများအနေနဲ့ ဝန်ထမ်းလောက ကနေ အငြိမ်းစား ယူသွားတဲ့အခါမှာ ကိုယ်လုပ်ခဲ့တဲ့အလုပ်အတွက် နောင်တရစရာ မရှိအောင် နေကြပါ။ အဲဒီလိုသာ လုပ်ခဲ့မယ်ဆိုရင် တစ်ယောက်ချင်း၊ တစ်ယောက်ချင်းအတွက် မဟုတ်ဘူး။ ကျွန်မတို့ရဲ့ နိုင်ငံအတွက် အင်မတန်မှ အကျိုးရှိမှာ ဖြစ်ပါတယ်။

"နိဂုံးချုပ်အနေနဲ့ ဝန်ကြီးဌာနမှာရှိတဲ့ ဝန်ထမ်းအားလုံး ကျန်းမာချမ်းသာစွာနဲ့ နိုင်ငံ့အကျိုးကို ပီပီပြင်ပြင်နဲ့ သယ်ပိုးနိုင်ကြပါစေလို့ ဆုတောင်းမေတ္တာပို့သပါတယ်"ဟု ပြောကြားသည်။

အခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပြည်ထောင်စုရာထူးဝန်အဖွဲ့က ဖွင့်လှစ်ခဲ့သည့် အရာထမ်းလောင်းအခြေခံသင်တန်း ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာသင်တန်း အမှတ်စဉ်(၂)တွင် သင်တန်းသားစံပြဆုရရှိခဲ့သည့် ဦးစီးအရာရှိ ဒေါ်တင်စန္ဒာဝင်း၊ စာရေးဝန်ထမ်းအခြေခံသင်တန်း အမှတ်စဉ် (၅၅)တွင် စာပေထူးချွန်ဆုရရှိခဲ့သည့် အကြီးတန်းစာရေး ဒေါ်ခင်နေခြည်ထွန်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ခဲ့သည့် Linux Foundation Course သင်တန်းတွင် ပထမဆုရရှိခဲ့သည့် ဦးစီးအရာရှိ ဒေါ်နှင်းနှင်းဝေတို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သည့် ဝန်ထမ်းမိသားစုဝင် မောင်အောင်မျုးသက်အား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်သည်။

### ပညာသင်စရိတ် ထောက်ပံ့ပေးအပ်

ထို့နောက် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက ၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုအောင်မြင်ခဲ့သည့် ဝန်ထမ်းမိသားစုဝင် ကျောင်းသူ နှစ်ဦး၊ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် ပညာသင်ယူလျက်ရှိသည့် တက္ကသိုလ်ကျောင်းသားကျောင်းသူများ၊ အခြေခံပညာအထက်တန်း၊ အခြေခံပညာအလယ်တန်းနှင့် အခြေခံပညာမူလတန်းတို့တွင် ပညာသင်ယူလျက်ရှိသည့် ကျောင်းသားကျောင်းသူများအတွက် ပညာသင်စရိတ်နှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဒေါက်တာအောင်ထွန်းသက်တို့သည် အခမ်းအနားသို့ တက်ရောက်လာသည့် ပြည်ထောင်စုဝန်ကြီးရုံးမှ ဝန်ထမ်းများ၊ မူဝါဒရေးရာ ဦးစီးဌာနမှ ဝန်ထမ်းများ၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၏ နှစ်နှစ်ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်လာသူများအား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး မသန်စွမ်းမှုဆိုင်ရာ ကမ္ဘာ့ထိပ်သီးဆွေးနွေးပွဲ တက်ရောက်

**နေပြည်တော် ဇူလိုင် ၂၅**


လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ဗြိတိန်နိုင်ငံ လန်ဒန်မြို့တွင် ဇူလိုင် ၂၃ ရက်မှ ၂၄ ရက်အထိ နှစ်ရက်တာ ကျင်းပခဲ့သည့် မသန်စွမ်းမှုဆိုင်ရာ ကမ္ဘာ့ထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည်။



ထိပ်သီးဆွေးနွေးပွဲ ပထမနေ့တွင် Civil Society Forum အား ကျင်းပရာ ကမ္ဘာ့နိုင်ငံအသီးသီးမှ မူဝါဒချမှတ်သူများ၊ ကျွမ်းကျင်သူများ၊ မသန်စွမ်းသူများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းတို့မှ ပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြပြီး မသန်စွမ်းသူများ၏ စီးပွားရေးစွမ်းဆောင်ရည်မြင့်မားရေး၊ မသန်စွမ်းသူများ လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံခံရမှု ကင်းဝေးပြီး တန်းတူညီမျှ ပါဝင်ဆောင်ရွက်နိုင်ရေး၊ မသန်စွမ်းမှုဆိုင်ရာ သတင်းအချက်အလက်များ ကောက်ယူမှု သေချာစေရေး၊ မသန်စွမ်းမှုဆိုင်ရာ ကိစ္စရပ်များအား အကဲဖြတ်လေ့လာဆန်းစစ်မှုတွင် မသန်စွမ်းသူများ ကိုယ်တိုင် ပါဝင်ဆောင်ရွက်နိုင်ရေး၊ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းနှင့် ၂၀၃၀ အစီအစဉ်တို့ကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး၊ မသန်စွမ်းမှုအကျုံးဝင် ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ရာတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းတို့၏ အရေးကြီးသော အခန်းကဏ္ဍ၊ မသန်စွမ်းမှုအမျိုးမျိုးတို့အတွက် အသိပညာမြင့်မားစေရေး၊ မူဝါဒချမှတ်သူများ အပါအဝင် အစိုးရနှင့် အရပ်ဘက် အဖွဲ့အစည်းများအနေဖြင့် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းနှင့် မသန်စွမ်းမှုအကျုံးဝင် ဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်သည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်တို့ကို သိရှိနားလည်နိုင်ရေး ဆွေးနွေးကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇူလိုင် ၂၄ ရက်တွင် ကျင်းပသည့် မသန်စွမ်းမှုဆိုင်ရာ ကမ္ဘာ့ထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ကြပြီး ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ကမ္ဘာ့နိုင်ငံအသီးသီး ပါဝင်လက်မှတ်ရေးထိုးခဲ့ကြသည့် မသန်စွမ်းမှုအကျုံးဝင် (Charter for Change) နှင့်ပတ်သက်၍ မြန်မာနိုင်ငံအနေဖြင့် မူဝါဒပိုင်းဆိုင်ရာ လေ့လာဆန်းစစ်မှုများ ပြုလုပ်ရေး၊ လူတိုင်း အကျုံးဝင်ပညာရေး၊ မသန်စွမ်းသူများ၏ စီးပွားရေးစွမ်းဆောင်ရည် မြင့်မားရေးနှင့် မသန်စွမ်းသူများအတွက် အဆင်ပြေသင့်တော်သည့် လုပ်ငန်းခွင်ပတ်ဝန်းကျင်များ ဖန်တီးရေး၊ နည်းပညာခေတ်နှင့်အညီ မသန်စွမ်းသူများ သတင်းအချက်အလက်နှင့် နည်းပညာများ အသုံးပြုဆောင်ရွက်နိုင်ရေး၊ မသန်စွမ်းမှု စစ်တမ်းကောက်ယူနိုင်ရေး၊ မသန်စွမ်းမှုအကျုံးဝင် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းအစီအစဉ်များ ချမှတ်ဆောင်ရွက်ရေး၊ သဘာဝဘေးနှင့် အခြားအရေးပေါ် အခြေအနေတို့တွင် မသန်စွမ်းသူများအား ကူညီကာကွယ်စောင့်ရှောက်ရေးနှင့် ပြန်လည်ထူထောင်ရေးတို့ကို အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**သတင်းစဉ်**



# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ဂျပန်-မဲခေါင် လွှတ်တော်အသင်းဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၂၅**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် ဂျပန်နိုင်ငံ ပညာရေး၊ ယဉ်ကျေးမှု၊ အားကစား၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဟောင်းနှင့် ဂျပန်-မဲခေါင် လွှတ်တော်အသင်းဥက္ကဋ္ဌ H .E. Mr. Ryu Shionoya အား ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံစဉ် ဂျပန်-မြန်မာ နှစ်နိုင်ငံအကြား လွှတ်တော်အချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ၊ ဥပဒေပြုရေးဆိုင်ရာ ကိစ္စရပ်များ၊ ဂျပန်နှင့်မဲခေါင်နိုင်ငံများအကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်အောင် ဆောင်ရွက်ရေးနှင့် မဲခေါင်ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၊ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးဇော်သိန်းနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ဂျပန်-မဲခေါင် လွှတ်တော်အသင်းဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၂၅**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ဂျပန်နိုင်ငံ ပညာရေး၊ ယဉ်ကျေးမှု၊ အားကစား၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဟောင်းနှင့် ဂျပန်-မဲခေါင် လွှတ်တော်အသင်းဥက္ကဋ္ဌ H. E. Mr. Ryu Shionoya နှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)**

ထိုသို့တွေ့ဆုံစဉ် ဂျပန်-မြန်မာ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးမှု ပိုမိုနက်ရှိုင်းစွာ ဆက်ဆံရေး၊ လွှတ်တော်များ ဖွဲ့စည်းမှု၊ ဥပဒေပြုရေးဆိုင်ရာ လုပ်ငန်းစဉ်များ၊ နှစ်နိုင်ငံအကြား စီးပွားရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ၊ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ အမျိုးသားလွှတ်တော် မြန်မာ-ဂျပန် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေး အသင်းဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



# မြန်မာနိုင်ငံကြက်ခြေနီအသင်း အကြိမ်(၈၀)မြောက် ဗဟိုကောင်စီအစည်းအဝေးဖွင့်ပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၅**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ အကြိမ်(၈၀)မြောက် ဗဟိုကောင်စီ အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဌာနချုပ် စုဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်အမှာစကား ပြောကြားသည်။

**မဟာဗျူဟာများ ချမှတ်**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ဆောင်ရွက်ချက်များသည် အထူးသဖြင့် အရေးပေါ်အခြေအနေများတွင် နိုင်ငံအတွက် များစွာအရေးကြီးသဖြင့် မိမိတို့ဝန်ကြီးဌာနအနေဖြင့် ဆက်လက်ပံ့ပိုးပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရာတွင်လည်းကောင်း၊ အသင်း၏ဆောင်ရွက်မှုလုပ်ငန်းများ ယခုထက်ပိုမိုထိရောက်လျင်မြန်စွာနှင့် တုံ့ပြန်မှုအားကောင်းစွာဖြင့် အောင်မြင်စေရန်အတွက် လည်းကောင်း၊ လုပ်ရိုးလုပ်စဉ်အတိုင်းမဟုတ်ဘဲ ဆန်းသစ်တီထွင်သော အတွေးအမြင်များဖြင့် လုပ်ငန်းစဉ်များ၊ မဟာဗျူဟာများချမှတ် ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

ပြည်သူများနှင့်ကြက်ခြေနီ တစ်သားတည်းဖြစ်ကာ ပြည်သူထဲက ကြက်ခြေနီများ ဖြစ်လာစေရန် ကြက်ခြေနီစကားဝိုင်းငယ်များ ပြုလုပ်ခြင်းဖြင့် ကြက်ခြေနီအသင်း၏ ခံယူချက်များ၊ ရပ်တည်မှုများနှင့် ဆောင်ရွက်ချက်များကို ပြည်သူလူထုသိမြင်စေရန် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းအနေဖြင့် လှိုင်သာယာမြို့နယ်ရှိ ထိန်ပင်အမှိုက်ပုံ မီးလောင်ကျွမ်းမှုဖြစ်စဉ်တွင် ဆောင်ရွက်ခဲ့မှုအပေါ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ချီးကျူးဂုဏ်ပြုခဲ့ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့်လည်း လတ်တလော ရေကြီးမှုဖြစ်စဉ်များအပါအဝင် မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ကိုယ်ကျိုးမပါ စေတနာမှန်ကန်စွာ ကြိုးပမ်းဆောင်ရွက်နေမှုများကို အသိအမှတ်ပြု ချီးကျူးပါကြောင်း ပြောကြားသည်။

ထို့နောက် အကြိမ်(၈၀)မြောက် ဗဟိုကောင်စီအစည်းအဝေးကို ဆက်လက်ကျင်းပရာ သဘာပတိ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာဒေါ်မြသူက အမှာစကားပြောကြားသည်။

ယင်းနောက် ဒုတိယဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ ဒေါ်နန်းထွမ်းလှက (၇၉)ကြိမ်မြောက် ဗဟိုကောင်စီအစည်းအဝေး၏ ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ရှင်းလင်းတင်ပြပြီး အထွေထွေအတွင်းရေးမှူး ဦးခင်မောင်လှက အကြိမ်(၈၀)မြောက် ဗဟိုကောင်စီအစည်းအဝေးသို့ တင်သွင်းသည့် အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို ဖတ်ကြားတင်ပြသည်။

ထို့နောက် အချိန်ပြည့်အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးကင်ဘို့ခွင်းက အမှုဆောင်အဖွဲ့၏ ဘဏ္ဍာရေးအစီရင်ခံစာနှင့် Audit and Risk Committee ၏ အစီရင်ခံစာတို့ကို ဖတ်ကြားတင်ပြပြီး အချိန်ပြည့်အလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာဒေါ်အမယာမော်နိုင်က အသင်းဌာနချုပ်၏ ၂၀၁၇ ခုနှစ် အောက်တိုဘာလမှ ၂၀၁၈ ခုနှစ် ဇွန်လအထိ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် အထွေထွေအတွင်းရေးမှူး ဦးခင်မောင်လှက ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ဆောင်ရွက်လျက်ရှိသည့် ကြက်ခြေနီလှုပ်ရှားမှုများကို ရှင်းလင်းတင်ပြပြီး ဥပဒေအကြံပေး ပါမောက္ခဒေါက်တာ ဒေါ်မေထားက မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥပဒေပြင်ဆင်ချက်များနှင့် နည်းဥပဒေ (မူကြမ်း)ကို တင်ပြသည်။

ထို့နောက် အချိန်ပိုင်းအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဂဲနက်စ်က ရွေးချယ်တင်မြှောက်ရေးစည်းမျဉ်း(မူကြမ်း)ကို ရှင်းလင်းတင်ပြပြီး မြန်မာနိုင်ငံကြက်ခြေနီသူနာပြုတပ်ဖွဲ့ ဗဟိုဦးစီးမှူးချုပ် ဦးမျိုးမင်းနောင်က တပ်ဖွဲ့ဗဟိုအုပ်ချုပ်ရေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးဌာနကိုယ်စားပြု ဗဟိုကောင်စီဝင်များကိုယ်စား ညွှန်ကြားရေးမှူးချုပ် ပါမောက္ခဒေါက်တာသာထွန်းကျော်က ဝန်ကြီးဌာနများနှင့် ကြက်ခြေနီအသင်းတို့ ပူးပေါင်းဆောင်ရွက်သည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး လူမှုအဖွဲ့အစည်းကိုယ်စားပြု ဗဟိုကောင်စီဝင်များကိုယ်စား ကိုယ်စားလှယ်တစ်ဦးက ဗဟိုကောင်စီ၏ ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီများက တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

အဆိုပါ မြန်မာနိုင်ငံကြက်ခြေနီအသင်း အကြိမ်(၈၀)မြောက် ဗဟိုကောင်စီ အစည်းအဝေးကို ဇူလိုင် ၂၆ ရက်ထိ ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**





# ကုန်သွယ်ရေးစစ်ပွဲ

**■ စောနိုင်(အသုံးချဘောဂဗေဒ)**

ကုန်သွယ်ရေးစစ်ပွဲ ဟူသော ဝေါဟာရတွင် "စစ်ပွဲ" စကားလုံးပါကတည်းက ကုန်သွယ်ရေးစစ်ပွဲသည် နှစ်ဖက်အကျိုးရှိစေသည့် အခြေအနေမျိုး ဖြစ်ထွန်းနိုင်မည် မဟုတ်ကြောင်း လူတိုင်း ခန့်မှန်းနိုင်သည်။ စစ်ပွဲကဲ့သို့ လက်နက်ကိရိယာများဖြင့် ပစ်ခတ်တိုက်ခိုက်မှုများပြုလုပ်ခြင်း မဟုတ်သောကြောင့် လူနှင့် အဆောက်အအုံ ရုပ်ဝတ္ထုများပျက်စီးမှုကို လတ်တလော မျက်မြင်တွေ့ရလိမ့်မည်မဟုတ်။ သို့သော် အချိန်ကြာမြင့်မှုအလိုက် အနိုင်အရှုံး ရလဒ်များအောက်တွင် နှစ်ဖက် လူမှုအကျိုးစီးပွား ထိခိုက်ပျက်စီးမှုများ အနည်းနှင့်အများရှိလာမည်မှာ သေချာသည်။ ဆုံးရှုံးနစ်နာမှု၊ ထိခိုက်ပျက်စီးမှုများတွင် ငွေကြေးအကျိုးအမြတ်များသာမက ဆက်စပ်နေသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည်ဖြင့် စီးပွားရေးအဆောက်အအုံထဲရှိ ကဏ္ဍအားလုံးတွင် တစ်နွယ်ငင် တစ်စင်ပါ ဆင့်ပွား၍ ပျက်စီးမှုများဖြစ်စေသည်။ ထို့ကြောင့် စစ်ပွဲ ဟုဆိုပါက မည်သည့်စစ်ပွဲမှမကောင်းဟု ကောက်ချက်ချရပါလျှင် လက်ခံကြလိမ့်မည်ထင်သည်။

**ဘတစ်ပြန် ကျားတစ်ပြန်**

ကုန်သွယ်မှုစစ်ပွဲဟူသည် နိုင်ငံများအကြား ကုန်သွယ်မှုနှင့်ပတ်သက်၍ ကိုယ်ကျိုးစီးပွားကာကွယ်နိုင်ရန် အားထုတ်ကြခြင်းဖြင့် ကုန်သွယ်ရေးကိစ္စရပ်များတွင် ထိပ်တိုက်ရင်ဆိုင်ရသည့် အခြေအနေဖြစ်သည်။ ထို့ကြောင့် ကုန်သွယ်မှုစစ်ပွဲသည် ကုန်သွယ်ဖက်နိုင်ငံများကြား ကိုယ်ကျိုးစီးပွားကာကွယ်မှုဝါဒ ကျင့်သုံးခြင်းကြောင့် ဖြစ်ပေါ်လာသော နောက်ဆက်တွဲရလဒ်ဖြစ်သည်ဟုဆိုရမည်။ တစ်ဖက်နိုင်ငံများမှ သွင်းကုန်များ မိမိတို့နိုင်ငံများအတွင်းသို့ အလွယ်တကူဝင်ရောက်လာခြင်းမရှိစေရန် ရည်ရွယ်ချက် ထားရှိလျက် အရေအတွက် ကိုတာသတ်မှတ်ချက်များ သို့မဟုတ် အကောက်ခွန်များကဲ့သို့ ကုန်သွယ်ရေးအတားအဆီးများ ချမှတ်ခြင်းကို ကုန်သွယ်ဖက်နိုင်ငံများအကြား အပြန်အလှန်တုံ့ပြန်ပြုလုပ်ကြခြင်း ဖြစ်သည်။ ထိုသို့ ကုန်သွယ်ဖက်နိုင်ငံများကြား အခွန်တိုးမြှင့် စည်းကြပ်ကောက်ခံသောအခါ သွင်းကုန်များ ဝင်ရောက်မှုတွင် အပြန်အလှန်ခက်ခဲမှုများ ဖြစ်လာသည်။ ဤသို့ဖြင့် အပြန်အလှန်စည်းကြပ်ခြင်းကို ဘတစ်ပြန် ကျားတစ်ပြန် ပြုလုပ်ကြရင်း သွင်းကုန်များစီးဝင်မှု လျော့နည်းကျဆင်းကာ နှစ်နိုင်ငံကုန်သွယ်မှုပမာဏပါ ကျဆင်းလာတော့သည်။ အကျိုးဆက်အားဖြင့် နိုင်ငံများ၏ပြည်တွင်းထုတ်လုပ်မှုများပါ ထိခိုက်မှုရှိလာတတ်သည်။ ထို့ကြောင့် နိုင်ငံများအကြား ကိုယ်ကျိုးစီးပွားကာကွယ်မှုများသည် နိုင်ငံနှစ်ခုလုံး၏ ကုန်ထွက်ဖွံ့စည်းမှုကိုပါ အဆင့်လျော့ကျရွေ့သွားစေနိုင်သည်။ ပိုမိုပြင်းထန်လာပါက နှစ်ဖက်အကျိုးစီးပွားကို ထိခိုက်မှုများစွာဖြစ်စေသည်။

**ထိခိုက်ပျက်စီးမှုများဖြစ်စေ**

စီးပွားရေးပညာရှင်အချို့ကလည်း နိုင်ငံတစ်နိုင်ငံ၏ ကုန်သွယ်မှုဆိုင်ရာ ကိုယ်ကျိုးစီးပွားကာကွယ်မှုတချို့သည် အကျိုးဖြစ်ထွန်းမှုထက် နှစ်ဖက်အကျပ်အတည်းဖြစ်စေမည့် အပြန်အလှန်တုံ့ပြန်မှုကိုသာ ပိုမိုဦးတည်စေသည်ဟုဆိုထားသည်။ ဥပမာ နိုင်ငံတစ်နိုင်ငံသည် ၎င်းတို့နိုင်ငံတွင်းသို့ ဝင်ရောက်လာသည့် သွင်းကုန်များပေါ်တွင် အကောက်ခွန် တိုးမြှင့်စည်းကြပ်ကောက်ခံပါက သွင်းကုန်များနှင့်ပတ်သက်သည့် တစ်ဖက်နိုင်ငံသည်လည်း ၎င်းတို့နိုင်ငံတွင်းသို့ ပြန်လည်ဝင်ရောက်လာမည့် သွင်းကုန်များအပေါ်တွင် အခွန်များမြှင့်တင်စည်းကြပ်ပေလိမ့်မည်။ ထိုသို့ အပြန်အလှန် သွင်းကုန်ခွန်များမြှင့်တင်မှုသည် နှစ်နိုင်ငံကုန်သွယ်မှုကို ထိခိုက်မှုများဖြစ်စေလျက် နောက်ဆုံးတွင် နှစ်ဖက်နိုင်ငံများ၏ စီးပွားရေးအခြေအနေများကို ထိခိုက်ပျက်စီးမှုများဖြစ်စေသည်ဟု သုံးသပ်ထားကြသည်။ နိုင်ငံများ၏ကုန်သွယ်မှုနှင့်ပတ်သက်သည့် ကိုယ်ကျိုးစီးပွားကာကွယ်မှုများတွင် အစိုးရများ၏ ပြည်တွင်းလုပ်ငန်းများကို ထောက်ပံ့ကြေးပေး၍ လုပ်ဆောင်ခြင်းများလည်း ရှိတတ်သည်။ ထိုသို့ပြုမူဆောင်ရွက်မှုများပြုလုပ်ပါက တစ်ဖက်နိုင်ငံမှ တုံ့ပြန်ဆောင်ရွက်ရန် ပိုမိုခက်ခဲနိုင်ပြီး ကိုယ်ကျိုးစီးပွားကာကွယ်မှု အရှိန်မြင့်တက်လာမည်။ နောက်ဆုံးတွင် အစိုးရများအကြား အငြိုးအတေး ဖြစ်လာနိုင်သည်ဟု ကောက်ချက်ချရမည်။ ထောက်ပံ့ကြေးပေး၍ ကိုယ်ကျိုးစီးပွားကာကွယ်ခြင်းမျိုးကို ငွေကြေးအရင်းအနှီးနည်းပါးသည့် ဆင်းရဲနွမ်းပါးသော နိုင်ငံများအနေဖြင့် လုပ်ဆောင်ရန်စွမ်းရည်ရှိကြမည်မဟုတ်ပေ။ မည်သို့ပြုမူသည်ဖြစ်စေ ကိုယ်ကျိုးစီးပွားကာကွယ်မှုကြောင့်ဖြစ်ပေါ်လာသော ကုန်သွယ်ရေးစစ်ပွဲသည် နိုင်ငံတကာကုန်သွယ်ရေးနယ်ပယ်တစ်ခုလုံးပေါ်တွင် သက်ရောက်လာခဲ့ပါက ဖွံ့ဖြိုးပြီး ချမ်းသာသော နိုင်ငံငယ်များထက် ဖွံ့ဖြိုးဆဲ နိုင်ငံငယ်များပေါ် ပိုမိုထိခိုက်မှုများ ရှိလာတတ်ပေသည်။

**ဆိုးကျိုးသာဖြစ်စေ**

ထို့ကြောင့် ကုန်သွယ်ရေးစစ်ပွဲများ၏ နောက်ဆုံးအကျိုးရလဒ်သည်ကား ဆိုးကျိုးသာဖြစ်စေသည်ကို သမိုင်းအတွေ့အကြုံများက သက်သေပြခဲ့ပြီးဖြစ်သည်။ သို့သော် ၂၁ ရာစု၏ ဒုတိယ ဆယ်စုနှစ်အကုန်ကာလ၊ ယခုလတ်တလော ကမ္ဘာ့စီးပွားရေးအခင်းအကျင်းတွင် "ကုန်သွယ်ရေးစစ်ပွဲ" ဟူသော အသံများကို ထပ်ခါတလဲလဲ ပြန်လည်၍ကြားနေရသည်။ ထိုမှတစ်ဆင့် ဇူလိုင်လပထမပတ်တွင်မူ စတင်အကောင်အထည်ဖော်ခဲ့ကြပြီဖြစ်ကြောင်း နိုင်ငံတကာသတင်းများတွင် မြင်တွေ့သိရှိခဲ့ပြီ။ တစ်ကမ္ဘာလုံး အဆက်အစပ်အားကောင်းနေသော ဂလိုဘယ်လိုက်ဇေးရှင်း ကမ္ဘာတွင် အတိတ်ကာလကုန်သွယ်ရေးစစ်ပွဲများထက် ဆိုးကျိုးသက်ရောက်မှုပို၍ ကျယ်ပြန့်နိုင်ဖွယ်၊ ပို၍ထိခိုက်လာဖွယ်ရှိမည်။ ကောင်းကျိုးထက် ဆိုးကျိုးများကိုသာ ပိုမိုဖြစ်စေနိုင်သော ဘတစ်ပြန် ကျားတစ်ပြန် ကုန်သွယ်ရေးဟန့်တားမှုဖြစ်စဉ်ကို မည်သူက စတင်ခဲ့သနည်း။

**အမေရိကန်၏ ပြုမူဆောင်ရွက်မှု**

ကနဦး ကုန်သွယ်မှုစိန်ခေါ်သံသည် ကမ္ဘာ့စီးပွားရေးအင်အားကြီး အမေရိကန်နိုင်ငံ၏သမ္မတ ဒေါ်နယ်လ်ထရန့်ထံမှ ပေါ်ထွက်လာခြင်းဖြစ်သည်။ ၂၀၁၈ ခုနှစ် မတ်လကုန်ခါနီးတွင် တရုတ်နိုင်ငံ၏သွင်းကုန် သံမဏိနှင့် အလူမီနီယံများအပေါ် အခွန် ပိုမိုစည်းကြပ်မည့်ကိစ္စနှင့်ပတ်သက်၍ သမ္မတထရန့်က လက်မှတ်ရေးထိုးအတည်ပြုခဲ့သည်။ တရုတ်နိုင်ငံသည်လည်း ၎င်းတို့၏ အကျိုးစီးပွားကို ကာကွယ်ရန်အတွက် အမေရိကန်မှ တရုတ်သို့ တင်သွင်းသည့် ကုန်စည်များအပေါ် အခွန်တိုးမြှင့်ကောက်ခံရန် အစီအမံများ ချမှတ်ဆောင်ရွက်ခဲ့သည်။ အမေရိကန်၏ ပြုမူဆောင်ရွက်မှုသည် တရုတ်သွင်းကုန်များအပေါ် အကောက်ခွန်တိုးမြှင့်စည်းကြပ်ရုံဖြင့် မပြီး။ အီးယူ၊ ကနေဒါ၊ မက္ကဆီကိုနိုင်ငံတို့မှသွင်းလာမည့် သံမဏိသွင်းကုန်များပေါ်တွင်ပါ ပိုမိုကောက်ခံစည်းကြပ်ရန်ရှိလာခဲ့ရာ အီးယူသည် တရုတ်နိုင်ငံ၏ လမ်းစဉ်ကိုလိုက်၍ အမေရိကန်ထုတ်ကုန်များအပေါ် ပြန်လည်အခွန်တိုးမြှင့်မည်ဟု တုံ့ပြန်ခဲ့ပြီး သွင်းကုန်ခွန်တိုးမြှင့်မည့်စာရင်းကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ တင်ပြခဲ့သည့် အခြေအနေအထိဖြစ်လာခဲ့သည်။ ထို့ပြင် အမေရိကန်နိုင်ငံ၏ အပြုအမူသည် ၎င်းနှင့် ကုန်သွယ်မှုအဆက်အဆံကြီးမားသည့် အိန္ဒိယနိုင်ငံပေါ်လည်း သက်ရောက်မှုများ ရှိလာခဲ့သည်။ အမေရိကန်နိုင်ငံသို့ နှစ်စဉ်တင်သွင်းနေသည့် သံမဏိနှင့် အလူမီနီယံ အပါအဝင် အိန္ဒိယသွင်းကုန်များပါ ထိခိုက်မှုရှိမည့် အလားအလာများဖြစ်လာခဲ့သည်။ ထို့အတွက် အိန္ဒိယနိုင်ငံသာမက တူရကီနိုင်ငံတို့ကလည်း အမေရိကန်မှတင်သွင်းသည့် ကုန်ပစ္စည်းများကို အခွန်သစ်များ တိုးမြှင့်ကောက်ရန် ပြင်ဆင်နေခဲ့ကြသည်။

အမေရိကန်သည် ကုန်သွယ်ရေးစစ်မီးကို စတင်မွှေးခဲ့ပြီ။ မကျေနပ်ချက်ဒေါသလောင်စာ ရှိနေကြပြီဖြစ်သော ကုန်သွယ်ဖက်နိုင်ငံများထံမှ တုံ့ပြန်လောင်ကျွမ်းစေမှုများ ဆက်လက်ဖြစ်ပေါ်လာတော့မည်။ ထိုမှတစ်ဆင့် ဆက်လက်၍ ကမ္ဘာအနှံ့ ကူးစက်လောင်ကျွမ်းမှုများ ဖြစ်လာနိုင်ပြီး ဒီမိုနိုသက်ရောက်မှုသဘောအရ ကမ္ဘာ့နိုင်ငံအတော်များများတွင် တစ်နွယ်ငင်တစ်စင်ပါ ကုန်သွယ်ရေးအခြေအနေများအပေါ် သက်ရောက်ထိခိုက်မှုရှိလာမည်။ နောက်ဆုံး နိုင်ငံအသီးသီးတို့ ကုန်ထုတ်လုပ်မှုကဏ္ဍကျဆင်းမှု ကြုံတွေ့လာရဖွယ်ရှိမည်။ ထို့ကြောင့် ပညာရှင်များ၊ သုတေသီများနှင့် ကမ္ဘာ့နိုင်ငံခေါင်းဆောင်အတော်များများထံမှ စိုးရိမ်သံများကို ကြားလာနေရခြင်းဖြစ်သည်။ ထို့ကြောင့် စီးပွားရေးအင်အားကြီး၊ စားသုံးမှုအင်အားကြီးသည့် ကုန်သွယ်ရေး ကိုယ်ကျိုးကာကွယ်မှု စတင်ခဲ့သော အမေရိကန်နိုင်ငံသည် အတိတ်ကာလ၏ ကုန်သွယ်ရေးစစ်ပွဲ သက်ရောက်မှုအခြေအနေများကို ပြန်လှည့်ကြည့်၍ ဆင်ခြင်စဉ်းစားတတ်ဖို့ လိုလာသည်။

ပထမကမ္ဘာစစ်အပြီးကာလ သမ္မတ ဟားဘတ် ဟူးဗား လက်ထက် အမေရိကန်နိုင်ငံသည် စီးပွားရေးကျဆင်း၍ ပြည်တွင်းလုပ်ငန်းများ အခက်အခဲများရင်ဆိုင်နေရချိန်တွင် စမုသ်-ဟော်လီ အခွန်အက်ဥပဒေ (Smoot-Hawley Tariff Act)ဖြင့် ကိုယ်ကျိုးစီးပွားကာကွယ်သည့် အပြုအမူလုပ်ဆောင်ခဲ့သည်။ ရည်ရွယ်ချက်သည် အမေရိကန်သို့ ဝင်ရောက်လာသည့် သွင်းကုန်များ လျှော့ချ၍ အမေရိကန်စီးပွားရေး အကျိုးဖြစ်ထွန်းစေရန်ဖြစ်သည်။ သို့သော် ကုန်သွယ်ဖက်နိုင်ငံများမှ ပြန်လည်တုံ့ပြန်လာသော ကုန်သွယ်မှု အတားအဆီးများကိုဖြစ်ပေါ်စေခဲ့ပြီး နိုင်ငံများအကြား ကုန်သွယ်ရေး အကျပ်အတည်းများဆီသို့ ဦးတည်သွားခဲ့သည်။ နောက်ဆုံးရလဒ်မှာ နိုင်ငံအတွက် ပိုမိုဆိုးရွားသော စီးပွားရေးအကျပ်အတည်းကို ရင်ဆိုင်ခဲ့ကြရသည်။

**အကျိုးအမြတ် မဖြစ်ထွန်းခဲ့**

အမေရိကန်နိုင်ငံ၏ အယောက် ၄၀ မြောက် သမ္မတရော်နယ်လ်ရေဂင်လက်ထက် (၁၉၈၁ ခုနှစ်မှ ၁၉၈၉ ခုနှစ်အထိ) ကာလများတွင်လည်း အမေရိကန်နိုင်ငံက ဂျပန်သွင်းကုန်များနှင့်ပတ်သက်၍ ကိုတာအရေအတွက် ကန့်သတ်ချက်နှိုင်းယှဉ်မှုများ ရှိခဲ့ဖူးသည်။ အမေရိကန်အလုပ်အကိုင်များစွာ ဆုံးရှုံးမှု ကာကွယ်နိုင်သော်လည်း နောက်ဆုံးရလဒ်မှာ အကျိုးဖြစ်ထွန်းမှုထက် ဆုံးရှုံးမှုက ပိုမိုများပြားခဲ့သည်ကို တွေ့ရှိခဲ့ရသည်။ သမ္မတ ဂျော့ဒဗလျူဘုရှ်လက်ထက် (၂၀၀၁-၂၀၀၉ ခုနှစ်)တွင် သံမဏိသွင်းကုန်များပေါ်တွင် အကောက်ခွန်များ မြှင့်တင်ကောက်ခံခဲ့သည်။ ကုန်သွယ်ဖက် ဥရောပနိုင်ငံများမှ ပြန်လည်တုံ့ပြန်မှုများကို ကြုံတွေ့လာခဲ့ရသဖြင့် အစီအစဉ်ပြန်လည်ရုပ်ဆိုင်း ခဲ့ရသည်။ ထို့အတူ အနီးကပ်ဆုံး အတိတ်ကာလဖြစ်သည့် သမ္မတအိုဘားမားလက်ထက် တရုတ် တာယာသွင်းကုန်များအပေါ် အခွန်တိုးမြှင့်စည်းကြပ်သည့် အားထုတ်မှုသည်လည်း အမေရိကန်အတွက် အကျိုးအမြတ် မဖြစ်ထွန်းခဲ့ပေ။

ယခုလည်း အမေရိကန်မှစတင်ခဲ့သည့် ကုန်သွယ်ရေးစစ်ပွဲ၏ သက်ရောက်လာနိုင်ခြေများကို ကုန်သွယ်ဖက်နိုင်ငံများသာမက အမေရိကန်ပြည်တွင်းစိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းရှင်များ၊ အခြားသော ကဏ္ဍများမှ ကုန်ထုတ်လုပ်ငန်းရှင်များ စိုးရိမ်ပူပန်လျက်ရှိနေကြလေပြီ။ သမ္မတ ထရန့်မှန်းချက်အတိုင်း အမေရိကန်အကျိုးစီးပွားဖြစ်ထွန်းမှု နှမ်းထွက် ကိုက်၊ မကိုက် ခန့်မှန်းတွက်ချက်နေကြပြီဖြစ်သည်။ နစ်နာချက်ကို ဤသို့ ပြန်လည်တုံ့ပြန်မှုသည် အလုပ်မဖြစ်ခဲ့သည်မှာ သမိုင်းရှိခဲ့ပြီဖြစ်သည်။ သမ္မတကိုယ်တိုင် စဉ်းစားဆုံးဖြတ်ချက်လော၊ အကြံပေးတို့၏ အတွေးအခေါ်များကြောင့်လော။ မိမိတို့ကိုယ်ကျိုးစီးပွားကာကွယ်မှုအတွက် အကျိုးဖြစ်ထွန်းမှုနည်းသည့် အတွေ့အကြုံရှိခဲ့ဖူးသော နည်းလမ်းကို ပြန်လည်ကျင့်သုံးရန် မည်ကဲ့သို့ အစပြုခဲ့သနည်း ဟူသည်မှာ စိတ်ဝင်စားစရာဖြစ်သည်။

**ကမ္ဘာ့စီးပွားရေးအခင်းအကျင်း ဟန်ချက်ပျက်စေမည်လော**

အမေရိကန်သမ္မတ၏ စီးပွားရေးအကြံပေးအကြီးအကဲ Gary Cohn ကမူ တရုတ်သွင်းကုန်များကို အခွန်တိုးမြှင့်ကောက်ခံမည့် အစီအစဉ်ကြေညာကတည်းက အိမ်ဖြူတော်ကို စွန့်ခွာခဲ့ပြီဖြစ်သည်။ အမေရိကန်သမ္မတထရန့်၏ တဇွတ်ထိုးအပြုအမူသည် ယခင် အတိတ်ကာလများနှင့်မတူသည့် ကမ္ဘာ့စီးပွားရေးအခင်းအကျင်းကို အကြီးအကျယ် ဟန်ချက်ပျက်စေတော့မည်လော။

နိုင်ငံတစ်နိုင်ငံသည် ၎င်းတို့၏ စီးပွားရေးပြဿနာများကို ကုစားနိုင်ရန်အတွက် အသုံးပြုသည့် နည်းလမ်းသည် အိမ်နီးချင်းနိုင်ငံ သို့မဟုတ် ကုန်သွယ်ဖက်နိုင်ငံ သို့မဟုတ် အခြားနိုင်ငံများကို အခက်အခဲများ ကြုံတွေ့လာစေပါက အိမ်နီးချင်းဒုက္ခဖြစ်စေသော ပေါ်လစီကို ကျင့်သုံးခြင်းဟု ပညာရှင်များ၊ သုတေသီများက ဆိုသည်။ ထိုသို့ မိမိနိုင်ငံ တစ်ဘို့တည်းသာကြည့်ခြင်း၊ ကိုယ်ကျိုးစီးပွားကိုသာ အလွန်အမင်း ဦးစားပေးကာကွယ်ခြင်းသည် စီးပွားရေးကပ်များဖြစ်စေသည့် အကြောင်းရင်းခံဖြစ်စေသည်ဟု သုံးသပ်ခဲ့ကြပြီးဖြစ်သည်။

ယခု အမေရိကန်နှင့် တရုတ်နိုင်ငံတို့အကြား ကုန်သွယ်ရေးစစ်ပွဲ အစပျိုးခဲ့ပြီ။ ဖွံ့ဖြိုးပြီးနိုင်ငံကြီးများအနေဖြင့် ချဉ်းကပ်မှုနည်းလမ်းအမျိုးမျိုးဖြင့် ပြင်းထန်စွာ မဖြစ်ပေါ်လာရေး အားထုတ်နေကြပေမည်။ ဖွံ့ဖြိုးဆဲနိုင်ငံငယ်များအတွက်မူ အင်အားကြီးနိုင်ငံတို့၏ စိတ်လိုက်မာန်ပါ လှုပ်ရှားမှုများကြောင့် ဖြစ်ပေါ်လာမည့် ကုန်သွယ်ရေးအခြေအနေ အပြောင်းအလဲဇာတ်ကွက်များကို ကမ္ဘာ့စီးပွားရေးမြင်ကွင်းကျယ်ကြီးပေါ်တွင် စိုးရိမ်တကြီး စောင့်ကြည့်မှန်းဆ၊ တတ်နိုင်အားဖြင့် ပြင်ဆင်ထားရုံမှတစ်ပါး အခြားမရှိလေပြီ။ ။

> **"** နိုင်ငံတစ်နိုင်ငံသည် ၎င်းတို့၏ စီးပွားရေးပြဿနာများကို ကုစားနိုင်ရန်အတွက် အသုံးပြုသည့်နည်းလမ်းသည် အိမ်နီးချင်းနိုင်ငံ သို့မဟုတ် ကုန်သွယ်ဖက်နိုင်ငံ သို့မဟုတ် အခြားနိုင်ငံများကို အခက်အခဲများ ကြုံတွေ့လာစေပါက အိမ်နီးချင်းဒုက္ခဖြစ်စေသော ပေါ်လစီကို ကျင့်သုံးခြင်းဟု ပညာရှင်များ၊ သုတေသီများက ဆိုသည်။ ထိုသို့ မိမိနိုင်ငံ တစ်ဘို့တည်းသာကြည့်ခြင်း၊ ကိုယ်ကျိုးစီးပွားကိုသာ အလွန်အမင်း ဦးစားပေးကာကွယ်ခြင်းသည် စီးပွားရေးကပ်များဖြစ်စေသည့် အကြောင်းရင်းခံဖြစ်စေသည်ဟု သုံးသပ်ခဲ့ကြပြီးဖြစ် **"**



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် သစ်ပင်စိုက်ပျိုးပေးနေစဉ်။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း သစ်ပင်စိုက်ပျိုးပေးနေစဉ်။

# လွှတ်တော်ရုံးများ၏ ၂၀၁၈ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ စုပေါင်းကျင်းပ

**နေပြည်တော် ဇူလိုင် ၂၅**

လွှတ်တော်ရုံးများ၏ ၂၀၁၈ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် လွှတ်တော်ဝင်းအတွင်း၌ စုပေါင်းကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများ၊ ကော်မတီအတွင်းရေးမှူးများ၊ လွှတ်တော်ရုံးအသီးသီးမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများနှင့် ကော်မတီအတွင်းရေးမှူးများက သတ်မှတ်နေရာများတွင် သစ်ပင်များကို စိုက်ပျိုးပေးခဲ့ကြသည်။

ထို့နောက် လွှတ်တော်ရုံးအသီးသီးမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများက ကံ့ကော်၊ ခရေ၊ ရွှေသပြေနှင့် စိန်ပန်းပင်များကို စုပေါင်းစိုက်ပျိုးကြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့က လိုက်လံကြည့်ရှုအားပေးကြသည်။

**သတင်းစဉ်**

# နယ်စပ်ရေးရာဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၅**

နယ်စပ်ရေးရာဝန်ကြီးဌာန၏ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၈ နာရီခွဲတွင် ဝန်ကြီးဌာနရုံး ပတ်ဝန်းကျင်နှင့် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက်ရှိ ဆောက်လုပ်ဆဲဝန်ထမ်းအိမ်ရာ ပတ်ဝန်းကျင်တို့၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်နှင့် ဇနီးဒေါ်ခိုင်မေကြူတို့က မဟော်ဂနီပင်ကို စိုက်ပျိုးပေးပြီး ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်နှင့် တာဝန်ရှိသူများ၊ အရာထမ်း၊ အမှုထမ်းများက ရတနာတန်းဝင် ကျွန်းပင်၊ ပျဉ်းကတိုးပင်၊ မဟော်ဂနီပင်၊ ကံ့ကော်ပင်နှင့် ခရေပင် စုစုပေါင်း အပင် ၈၅၀ ကို စိုက်ပျိုးကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် နယ်စပ်ရေးရာဝန်ကြီးဌာန ရုံးဧရိယာအတွင်း ယခင်နှစ်မိုးရာသီအထိ စုပေါင်းစိုက်ပျိုးခဲ့သော ပိတောက်ပင် ၅၀၊ သပြေပင် ၅၀၊ ကျွန်း ၅၁၆ ပင်၊ ပျဉ်းကတိုး ၄၇၅ ပင်၊ မဟော်ဂနီ ၂၇၅ ပင်၊ ကံ့ကော် ၉၅ ပင်၊ ငုချယ်ရီ ၅၅ ပင် စုစုပေါင်း ရတနာတန်းဝင် သစ်ပင် ၁၅၁၆ ပင်တို့၏ ရှင်သန်ဖြစ်ထွန်းမှုကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မန္တလေး)ကျင်းပရေးလုပ်ငန်းကော်မတီ ညှိနှိုင်းစည်းဝေး

**နေပြည်တော် ဇူလိုင် ၂၅**

လူငယ်ဘက်စုံ ဖွံ့ဖြိုးရေးပွဲတော်(မန္တလေး)ကျင်းပရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ လုပ်ငန်းကော်မတီဝင် အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မန္တလေး) ကျင်းပရေး ဦးစီးကော်မတီကို နိုင်ငံတော်သမ္မတရုံးက ၂၀၁၈ ခုနှစ် ဖွန်လ ၂၅ ရက်တွင် ဖွဲ့စည်းပေးခဲ့ပြီး လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မန္တလေး) ကျင်းပရေးလုပ်ငန်းကော်မတီကို ၂၀၁၈ ခုနှစ် ဇူလိုင်လ ၄ ရက်တွင် ဖွဲ့စည်းခဲ့ပါကြောင်း၊ အလားတူ လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန် ဆပ်ကော်မတီ ၁၄ ခုနှင့် ကဏ္ဍများအားလုံးဟန်ချက်ညီစွာ ပေါင်းစပ်ဆောင်ရွက်နိုင်ရန် အတွင်းရေးမှူးများအဖွဲ့ကိုလည်း ဖွဲ့စည်းပြီးဖြစ်ပါကြောင်း၊ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် (မန္တလေး) အောင်မြင်စွာကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍများအလိုက် ပေါင်းစပ်ညှိနှိုင်းရန် ကျန်ရှိမှုများကို ပွင့်လင်းမြင်သာစွာ ဆွေးနွေးပေးကြပါရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် လုပ်ငန်းကော်မတီဝင်များနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ပြီးစီးမှုများ၊ ဆောင်ရွက်ရန် ကျန်ရှိမှုများကို ရှင်းလင်းတင်ပြကြပြီး အစည်းအဝေးကို ညနေ ၃ နာရီတွင် ရပ်နားခဲ့သည်။

ယခု ကျင်းပမည့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မန္တလေး)ကို မန္တလေးတက္ကသိုလ်တွင် ဩဂုတ် ၁၀ ရက်မှ ၁၃ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံကုမ္ပဏီများဆိုင်ရာ စည်းမျဉ်းများ ၂၀၁၈ ထုတ်ပြန်ကြေညာခြင်း

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ ၄၆၂၊ ပုဒ်မခွဲငယ်(၁)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံကုမ္ပဏီများဆိုင်ရာ စည်းမျဉ်းများ ၂၀၁၈ ကို ထုတ်ပြန်ကြေညာထားပြီးဖြစ်ပါသည်။ အဆိုပါ စည်းမျဉ်းများအား ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန အင်တာနက်စာမျက်နှာ www.dica.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်းနှင့် ၂၀၁၈ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် စတင်ထုတ်လွှင့်မည့် အီလက်ထရောနစ် မှတ်ပုံတင်စနစ် Myanmar Companies Online MyCO၊ www.myco.dica.gov.mm တွင်လည်း ဖော်ပြသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန**

# ပဲခူးနှင့် လေးမြို့မြစ်ရေ စိုးရိမ်ရေမှတ် ကျော်လွန်နိုင်

**နေပြည်တော် ဇူလိုင် ၂၅**

ယနေ့နံနက် ၈ နာရီခွဲအချိန် တိုင်းထွာချက်အရ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပေဝက်ခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနိုင်သည်။

အလားတူ လေးမြို့မြစ်ရေသည် မြောက်ဦးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သဖြင့် ပဲခူးမြို့နယ်နှင့် မြောက်ဦးမြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။

**ကြေးမုံ**

သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

**ဒုတိယအကြိမ်မှ**

စက်တင်ဘာလအထိ ခြောက်လ ဘဏ္ဍာနှစ်အတွင်း ပြန်လည်ပြုပြင်ရန်အတွက် စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးမှ အသေးစိတ်စိစစ်တွက်ချက်ရာ ခန့်မှန်းငွေကျပ် ၁၈၉၇ ဒသမ ၁၆၀ သန်း ကုန်ကျမည်ဖြစ်ပါကြောင်း။

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း(မိုရာ) သဘာဝဘေးဒဏ်ကြောင့် ပျက်စီးမှုများသည် ကြိုတင်မသိမြင်နိုင်သော ရုတ်တရက်ဖြစ်ပေါ်ခဲ့သည့် သဘာဝဘေးဒဏ် အမျိုးအစားဖြစ်သောကြောင့် ဘဏ္ဍာငွေလျာထားချက် မရှိသဖြင့် ပျက်စီးမှုများ ပြန်လည်ပြုပြင်ရန်အတွက် ငွေကျပ် ၁၈၉၇ ဒသမ ၁၆၀ သန်းအား အရေးပေါ်ရန်ပုံငွေတွင် ကျခံသုံးစွဲခွင့်ရရှိရေး တင်ပြဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဇွန်လ ၂၁ ရက်တွင် ကျင်းပသော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ်(၁၁/၂၀၁၈)အရ သဘောတူပြီးဖြစ်ပါသဖြင့် ပြည်ထောင်စုလွှတ်တော်မှ မှတ်တမ်းတင် အတည်ပြုပေးနိုင်ရန် ရှင်းလင်းတင်ပြသည်။

## အရေးပေါ်ရန်ပုံငွေမှ ငွေကျပ် ၈၁၇၅ ဒသမ ၂၇၂ သန်း ခွဲဝေသုံးစွဲခဲ့

**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်**က မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် ဂျပန်နိုင်ငံအစိုးရ အထောက်အပံ့နှင့် ဆောင်ရွက်သည့် The Project for Extension of Broadcast Equipment of Myanmar Radio and Television အတွက် ထောက်ပံ့ငွေ ဂျပန်ယန်း ၂၂၆၃ သန်းတန်ဖိုးရှိသည့် Project ကိုရရှိခဲ့ပါကြောင်း၊ အဆိုပါ Project နှင့်ပတ်သက်ပြီး Exchange of Note ကို ၂၀၁၇ ခုနှစ် မတ်လ ၃ ရက်တွင်လည်းကောင်း၊ Grant Agreement ကို ၂၀၁၇ ခုနှစ် မတ်လ ၂၉ ရက်တွင်လည်းကောင်း သဘောတူလက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလ ၆ လတာ ဘတ်ဂျက်လျာထားချက်ကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသို့ ၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်၌ ပေးပို့ရာတွင် Broadcasting Equipment ပစ္စည်းများ ဝယ်ယူရမည့် ဘတ်ဂျက်ငွေ ပမာဏကို တိကျစွာ မသိရှိရသေးသည့်အတွက် လျာထားနိုင်ခြင်း မရှိခဲ့ပါကြောင်း။

ဂျပန်နိုင်ငံအစိုးရ အထောက်အပံ့နှင့် Broadcasting Equipment ပစ္စည်းများဝယ်ယူရန် တင်ဒါဖွင့်ဖောက်စစ်ဆေးခြင်းကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၄ ရက်တွင် ဂျပန်နိုင်ငံ၌ ပြုလုပ်သည့်အခါတွင် Sumitomo Corporation က ဂျပန်ယန်း ၁၉၆၉ သန်းနှင့် တင်ဒါအောင်မြင်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၉ ရက်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် စာချုပ်ချုပ်ဆိုခဲ့ပါကြောင်း၊ စာချုပ်ပါ အချက်များအရ စက်ပစ္စည်းများအတွက် ကြိုတင်ပေးချေရန် ၃၀ ရာခိုင်နှုန်းဖြစ်သည့် ဂျပန်ယန်း ၄၆၉ ဒသမ ၉၁၇ သန်းနှင့် အဆောက်အအုံပြင်ဆင်ထိန်းသိမ်းခြင်းအတွက် ၄၀ ရာခိုင်နှုန်းဖြစ်သည့် ဂျပန်ယန်း ၄၆ ဒသမ ၈ သန်း စုစုပေါင်းဂျပန်ယန်း ၅၁၆ ဒသမ ၇၁၇ သန်းကို ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအတွင်း ပေးချေရမည်ဖြစ်ပါကြောင်း။

ယခုကဲ့သို့ ပေးချေနိုင်မှု ဖြစ်ပေါ်လာသည့်အခါတွင် မူလလျာထားနိုင်မှုမရှိခဲ့သည့်အတွက် ပြန်ကြားရေးဝန်ကြီးဌာနတစ်ခုလုံး၏ ဘတ်ဂျက်မှလည်းကောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ငွေလုံးငွေရင်း ခွင့်ပြုငွေမှလည်းကောင်း သုံးစွဲနိုင်ခြင်းမရှိသည်ကို တွေ့ရှိရသည့်အတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအား ညှိနှိုင်းခဲ့ရာ အရေးပေါ်ရန်ပုံငွေမှ တောင်းခံသုံးစွဲသွားရန် သဘောထား ပြန်ကြားခဲ့သည့်အတွက် စီးပွားရေးရာကော်မတီ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးများသို့ အဆင့်ဆင့် တင်ပြပြီး ခွင့်ပြုချက်ရယူခဲ့ပါကြောင်း။

ယင်းကိစ္စရပ်သည် ငွေကြေးထုတ်ယူသုံးစွဲခြင်း မဟုတ်ဘဲ ထောက်ပံ့မှုများကို သတ်မှတ်ဘတ်ဂျက်ကာလအတွင်း ပေးချေနိုင်ရေးအတွက် အရအသုံးစာရင်းအနေဖြင့် ဆောင်ရွက်ရခြင်းမျိုးဖြစ်ပါကြောင်း၊ ၂၀၁၈ ခုနှစ် ဇွန်လ ၂၁ ရက်တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၁/၂၀၁၈)မှ ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလ အတွင်း ပေးချေရမည့် ဂျပန်ယန်း ၅၁၆ ဒသမ ၇၁၇ သန်း နှင့်ညီမျှသော ငွေကျပ် ၆၂၇၈ ဒသမ ၁၁၂ သန်းကို အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို ခွင့်ပြုခဲ့ပြီးဖြစ်သည့်အတွက် ပြည်ထောင်စုလွှတ်တော်မှ မှတ်တမ်းတင်ပေးနိုင်ပါရန် ရှင်းလင်းတင်ပြသည်။

အဆိုပါ **၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပါ အရေးပေါ်ရန်ပုံငွေမှ ငွေကျပ် ၈၁၇၅ ဒသမ ၂၇၂ သန်း ခွဲဝေသုံးစွဲခဲ့သည့်ကိစ္စရပ်**နှင့်စပ်လျဉ်း၍ လွှတ်တော်က မှတ်တမ်းတင်ကြောင်း ပြည်ထောင်စုလွှတ်တော် နာယက မန်းဝင်းခိုင်သန်းက ကြေညာသည်။

## သဘာဝရော်ဘာထုတ်လုပ်သော နိုင်ငံများအသင်းသို့ ဝင်ရောက်ရန် ဆွေးနွေး

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသည့် **သဘာဝရော်ဘာ ထုတ်လုပ်သော နိုင်ငံများအသင်းသို့ ဝင်ရောက်ရန်နှင့် နှစ်စဉ်ကြေးထည့်ဝင်ရန်ကိစ္စ**နှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က သဘာဝရော်ဘာထုတ်လုပ်သော နိုင်ငံများအသင်း(Association of Natural Rubber Producing Countries - ANRPC) ကို မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ၁၉၇၀ ပြည့်နှစ်တွင် စတင်တည်ထောင်ခဲ့ပါကြောင်း၊ အသင်းအနေဖြင့် ကမ္ဘာ့သဘာဝရော်ဘာလုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်များ စုစည်းသည့် အရင်းအမြစ်ဌာနတစ်ခုဖြစ်သည့်အပြင် အစိုးရများအချင်းချင်း ရော်ဘာလုပ်ငန်းဆိုင်ရာ ဆန်းစစ်ခြင်းနှင့် မူဝါဒများ ချမှတ်ရေးဆွဲခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည့်အဖွဲ့အစည်း ဖြစ်ပါကြောင်း။



ပြည်ထောင်စုဝန်ကြီး
ဒေါက်တာဖေမြင့်



ပြည်ထောင်စုဝန်ကြီး
ဦးကျော်တင်



ပြည်ထောင်စုဝန်ကြီး
သူရဦးအောင်ကို



ဒုတိယဝန်ကြီး
ဗိုလ်ချုပ်မြင့်နွယ်

ANRPC အသင်းသို့ ဝင်ရောက်ရခြင်းမှာ သဘာဝရော်ဘာ ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးကိစ္စများကို ညှိနှိုင်းဆောင်ရွက်နိုင်ရန်၊ အဖွဲ့ဝင်နိုင်ငံများအချင်းချင်း နည်းပညာပူးပေါင်းဆောင်ရွက်နိုင်ရန်၊ သဘာဝရော်ဘာ ဈေးနှုန်းကောင်းမွန် တည်ငြိမ်မှုရှိနေစေရန်အတွက် ရေရှည်ဆက်လက်ဆောင်ရွက်နိုင်ရန်နှင့် သဘာဝရော်ဘာလုပ်ငန်းများတွင် ထိခိုက်နိုင်သော ကိစ္စရပ်များကို ပူးပေါင်းဖြေရှင်း ဆောင်ရွက်သွားနိုင်ရန် ရည်ရွယ်ပါကြောင်း။

အသင်းဝင်ခြင်းဖြင့် ရော်ဘာဆိုင်ရာ သတင်းအချက်အလက်များ ရရှိနိုင်မှုနှင့်အတူ ရော်ဘာတင်ပို့မှုကို တိုးမြှင့်နိုင်မည့် အခွင့်အလမ်းများ ရရှိလာမည့်အပြင် ဆွေးနွေးပွဲများမှ ဈေးကွက်ချဲ့ထွင်နိုင်မှုနှင့် စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ နည်းပညာများ၊ နည်းစနစ်များ လေ့လာခွင့်ရရှိလာနိုင်မည် ဖြစ်ပါကြောင်း လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

အဆိုပါ **သဘာဝရော်ဘာ ထုတ်လုပ်သော နိုင်ငံများအသင်းသို့ ဝင်ရောက်ရန်နှင့် နှစ်စဉ်ကြေးထည့်ဝင်ရန်ကိစ္စ**နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ပြည်ထောင်စုလွှတ်တော် နာယက က ကြေညာသည်။

## ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေကြမ်းပါ စီမံကိန်းလုပ်ငန်းများနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းပါ ရငွေသုံးငွေများနှင့် စပ်လျဉ်း၍ လွှတ်တော်သို့ ရှင်းလင်းတင်ပြ

ယင်းနောက် **၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းပါ စီမံကိန်းလုပ်ငန်းများနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းပါ ရငွေသုံးငွေများ**နှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ နိုင်ငံတော်သမ္မတရုံးနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးတို့နှင့် စပ်လျဉ်း၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ပြည်ထောင်စုလွှတ်တော်ရုံးနှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ စောသန်းထွန်း၊ အမျိုးသားလွှတ်တော်ရုံးနှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းကော်မတီ အတွင်းရေးမှူး ဒေါက်တာစိုင်းဆိုင်ကျော်ဆမ်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှ တရားသူကြီး ဦးမြင့်အောင်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးမှ အဖွဲ့ဝင် ဦးမြင့်ဝင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ အဖွဲ့ဝင် ဦးစိုးရယ်၊ ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်၊ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးလှကျော်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးကျော်မျိုးတို့က ကဏ္ဍအလိုက် လွှတ်တော်သို့ ရှင်းလင်းတင်ပြကြသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာနနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်**က ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် ရငွေလျာထားမှု၌ အဓိကရငွေမှာ ဆောင်ရွက်ပေးမှုအတွက်ရရှိသည့် ရငွေသာဖြစ်ပြီး ပစ္စည်းဟောင်းရောင်းချရငွေ၊ တင်ဒါပုံစံရောင်းချရငွေ၊ ဘဏ်တိုးနှင့် နှစ်လွန်ရငွေ စသည့် ရငွေလျာထားချက်တွင် ကျပ်သန်းပေါင်း ၁၉၃၀ လျာထားပါကြောင်း၊ ဗီဇာပြုလုပ်ခကဲ့သို့ ကောက်ခံရရှိမှုများမှာ သက်ဆိုင်ရာဝန်ကြီးဌာန အသီးသီး၏ ရငွေများဖြစ်သည့်အတွက် နိုင်ငံခြားရေးဝန်ကြီးဌာန၏ ရငွေမဟုတ်ပါကြောင်း။

သုံးငွေအပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၏ သာမန်အသုံးစရိတ်အတွက် မူဘောင် သတ်မှတ် ခွင့်ပြုငွေကျပ်သန်းပေါင်း ၅၂၅၃၈ ဒသမ ၂၆၂ အား အဆိုပြုလျာထားခဲ့ပါကြောင်း၊ ထို့အတူ ငွေလုံးငွေရင်း အသုံးစရိတ်ဘောင် သတ်မှတ်ချက်အရ နိုင်ငံခြားရေးဝန်ကြီးဌာနအတွက် ငွေကျပ် ၁၄၁၉၉ ဒသမ ၄၁၅ သန်း အဆိုပြုခဲ့ရာ ကော်မတီသုံးရပ် (စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် စက်ပစ္စည်းကြီးကြပ်မှုကော်မတီ) တို့မှ စိစစ်ပြီး ကျပ်သန်းပေါင်း ၁၃၅၅၂ ဒသမ ၉၉၃ သန်းအား ခွင့်ပြုခဲ့ပါကြောင်း။

နိုင်ငံခြားရေးရာဦးစီးဌာန ငွေလုံးငွေရင်း အသုံးစရိတ်၏ ဆောက်လုပ်ရေးကဏ္ဍတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ရန်ကုန်ရုံးရှိ RC ငါးထပ်တိုက် သံတမန်သင်တန်းကျောင်း (Diplomatic Academy) ဆောက်လုပ်ခြင်း၊ မီးသတ်ရေကန်ဆောက်လုပ်ခြင်း၊ စတိုဂိုဒေါင်တစ်ခုနှင့် လုံခြုံရေးအဆောက်အအုံဆောက်လုပ်ခြင်း၊ Fire Alarm တပ်ဆင်ခြင်း၊ လျှပ်စစ်မီးကြိုး၊ ရေပိုက်သွယ်တန်းခြင်း၊ ဆေးသုတ်ခြင်း အပါအဝင် အဆောက်အအုံ အကြီးစားပြင်ဆင်ခြင်းလုပ်ငန်းများ ထည့်သွင်းတင်ပြထားပါကြောင်း။

မြန်မာသံတမန်နှင့် ကောင်စစ်ဝန်အဖွဲ့ရုံး ဆောက်လုပ်ရေးကဏ္ဍတွင် မြန်မာသံရုံး ပရီတိုးရီးယားမြို့ရှိ နိုင်ငံတော်ပိုင် သံရုံးအကြီးအကဲ နေအိမ်ဆောက်လုပ်ခြင်း၊ မြန်မာသံရုံး လန်ဒန်မြို့မှ သံရုံးအဆောက်အအုံ အကြီးစားမွမ်းမံခြင်းနှင့် မြန်မာသံရုံး ကင်ဘာရာမြို့မှ သံရုံးဝင်းအတွင်း၌ (4 Unit) ဝန်ထမ်းအိမ်ရာသစ်ဆောက်လုပ်ခြင်း လုပ်ငန်းများအား ၁၈ လ စီမံကိန်းဖြင့် ဆောင်ရွက်နေပြီဖြစ်၍ ကျန် ၁၂ လအတွက် လျာထားခြင်း၊ မြန်မာသံရုံး ကိုလံဘိုမြို့မှ သံရုံးအဆောက်အအုံဝယ်ယူခြင်းနှင့် သံရုံး ၁၀ ရုံးရှိ နိုင်ငံတော်ပိုင်အဆောက်အအုံများ အကြီးစားမွမ်းမံပြင်ဆင်ခြင်းတို့ကို ထည့်သွင်းတင်ပြထားပါကြောင်း ရှင်းလင်းတင်ပြသည်။

**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်** က ဘဏ္ဍာရေးကော်မရှင်က ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ရသုံးငွေစာရင်းအရ စုစုပေါင်း ရငွေကျပ် ၈၀၄၃၉ ဒသမ ၄၈ သန်း(ငွေကျပ် ၈၀ ဘီလီယံကျော်) အတည်ပြုပေးခဲ့ပါကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် သာမန်အသုံးစရိတ် ငွေကျပ် ၈၃၄၅၀ ဒသမ ၈၄၇ သန်း (ငွေကျပ် ၈၃ ဘီလီယံကျော်)၊ ငွေလုံးငွေရင်း အသုံးစရိတ် ငွေကျပ် ၃၅၇၉၄ ဒသမ ၂၀၀ သန်း(ငွေကျပ် ၃၅ ဘီလီယံကျော်) စုစုပေါင်း ငွေကျပ် ၁၁၉၂၄၅ ဒသမ ၀၄၇ သန်း (ငွေကျပ် ၁၁၉ ဘီလီယံကျော်) အဆိုပြုခဲ့ပါကြောင်း။

ယင်းအဆိုပြုမှုအပေါ် ဘဏ္ဍာရေးကော်မရှင်မှ စိစစ်ချက်များအရ ငွေကျပ်သန်းပေါင်း ၁၀၅၈၅ ဒသမ ၀၀၄ သန်း (ငွေကျပ် ၁၀ ဘီလီယံကျော်) လျှော့ချခဲ့ပြီး သာမန်အသုံးစရိတ်တွင် ငွေကျပ် ၈၀၆၅၇ ဒသမ ၀၂၀ သန်း (ငွေကျပ် ၈၀ ဘီလီယံကျော်)၊ ငွေလုံးငွေရင်း အသုံးစရိတ်တွင် ငွေကျပ် ၂၈၀၀၃ ဒသမ ၀၂၃ သန်း (ငွေကျပ် ၂၈ ဘီလီယံကျော်) စုစုပေါင်း ငွေကျပ် ၁၀၈၆၆၀ ဒသမ ၀၄၃ သန်း (ငွေကျပ် ၁၀၈ ဘီလီယံကျော်) သတ်မှတ်ပေးခဲ့ပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းပါ ပြန်ကြားရေးဝန်ကြီးဌာန၏ ရငွေသုံးငွေစာရင်းကို အဆင့်ဆင့် စိစစ်ထားပြီး ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို**က ဝန်ကြီးဌာနအနေဖြင့် ၂၀၁၈ ခုနှစ် အောက်တိုဘာလမှ ၂၀၁၉ ခုနှစ် စက်တင်ဘာလအထိ ရငွေတင်ပြချက်များတွင် သာမန်ရငွေကျပ် ၉၅၀၀ သန်းနှင့် ငွေလုံးငွေရင်းရငွေကျပ် ၂၀၂၃၁ ဒသမ ၀၆၄ သန်း လျာထားပါကြောင်း၊ အသုံးစရိတ်အပိုင်းတွင် သာမန်အသုံးစရိတ် ငွေကျပ် ၂၄၁၈၁ ဒသမ ၉၀၀ သန်းနှင့် ငွေလုံးငွေရင်း အသုံးစရိတ်ငွေကျပ် ၁၂၈၁၄ ဒသမ ၄၀၃ သန်း လျာထားပါကြောင်း။

ငွေလုံးငွေရင်းအသုံးစရိတ် ဆောက်လုပ်ရေးကဏ္ဍတွင် အမျိုးသားစာကြည့်တိုက် (ရန်ကုန်)အဖြစ် ပြောင်းရွှေ့ဖွင့်လှစ်မည့် ပန်းဘဲတန်းမြို့နယ်ရှိ အမှတ် ၆၀၄/၆၀၈ အဆောက်အအုံအဟောင်း မွမ်းမံခြင်းအတွက် ငွေကျပ် ၅၉၉၂ သန်း၊ ရုံးအမှတ်(၃၁)အတွင်း ရုံးအဆောက်အအုံအသစ် ဆောက်လုပ်ရန် RC သုံးထပ်၊ ကွန်ကရစ်လမ်းခင်းခြင်း၊ ခြံစည်းရိုးကာရံခြင်း ဆောင်ရွက်ရန်အတွက် ငွေကျပ် ၁၁၈၇ ဒသမ ၇၆၀ သန်းနှင့် ငွေကျပ်သန်း ၇၀၀ အထက်လုပ်ငန်းတွင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)ဝင်းအတွင်း သံကူကွန်ကရစ် ခြောက်ခန်းတွဲ၊ လေးထပ် ဝန်ထမ်းအိမ်ရာနှင့် သံကူကွန်ကရစ် သုံးထပ်စာသင်ဆောင် တည်ဆောက်ခြင်း၊ ငွေကျပ်သန်း ၃၀၀ အထက်တွင် ဗဟန်းမြို့နယ် ကမ္ဘာ့ဇရိပ်သာဝင်းအတွင်းတွင် ပန်းချီပန်းပုဌာန သင်ကြားဆောင် တစ်ထပ်တည်ဆောက်ခြင်း၊ ကမ္ဘာအေးကုန်းမြေ အမှုထမ်းအိမ်ရာ ခြောက်ခန်းတွဲ RC လေးထပ် နှစ်ဆောင် ဆောက်လုပ်ခြင်းလုပ်ငန်းနှင့် မွမ်းမံထိန်းသိမ်းရေးလုပ်ငန်းများအတွက် ငွေကျပ်သန်း ၁၀၀ အထက် လုပ်ငန်း လေးခု၊ ငွေကျပ်သန်း ၅၀ နှင့်အထက် လုပ်ငန်း ၁၃ ခု၊ ငွေကျပ်သန်း ၄၀ နှင့်အထက် လုပ်ငန်း သုံးခု၊ ငွေကျပ်သန်း ၃၀ နှင့်အထက် လုပ်ငန်း ခုနစ်ခု၊ ငွေကျပ်သန်း ၂၀ နှင့်အထက် လုပ်ငန်း ၄ ခု၊ ငွေကျပ် ၁၀ သန်းနှင့်အထက် လုပ်ငန်း ၁၅ ခုနှင့် ငွေကျပ် ၁၀ သန်းအောက် လုပ်ငန်း ၂၁ ခု တို့ကို လျာထားရေးဆွဲထားပါကြောင်း။

စာမျက်နှာ ၉ သို့

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၏ ဆဋ္ဌမအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ ကျင်းပ



**နေပြည်တော် ဇူလိုင် ၂၅**
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၏ ဆဋ္ဌမအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်းနှင့်ဇနီး ဒေါ်အေးသီတာ၊ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဦးအောင်မြင့်၊ ဦးထွန်းခင်၊ ဦးလှတင့်၊ ဦးမြင့်နိုင်နှင့်ဇနီး၊ ဦးသန်းဌေးနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြပြီး ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

အခမ်းအနားသို့ နေပြည်တော် ဇေယျာသီရိမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ရတနာစံပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရ အမှူးပြုသော သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြသည်။

အခမ်းအနားတွင် ဧည့်ပရိသတ်များက ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ယင်းနောက် ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် အန္တရာယ်ကင်း ပရိတ်တရားတော်များကို နာယူကြပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဆရာတော်ထံမှ အနုမောဒနာတရား နာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး ဆရာတော်၊သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❍ **စာမျက်နှာ ၈ မှ**

စက်ပစ္စည်းကဏ္ဍတွင် ရုံးသုံး၊ ဌာနသုံး စက်ကိရိယာများ၊ အခြားကဏ္ဍတွင် ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ် သုတေသနလုပ်ငန်းဆောင်ရွက်ခြင်း၊ ပုဂံဒေသနှင့် မြောက်ဦးဒေသတို့အား ကမ္ဘာ့အမွေအနှစ်စာရင်း ဝင်ရောက်နိုင်ရန် ကြိုတင်ပြင်ဆင်ခြင်းနှင့် မြေပုံထုတ်ခြင်း၊ မြောက်ဦးယဉ်ကျေးမှု အမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်း ဝင်ရောက်နိုင်ရေးအတွက် နိုင်ငံခြားသားပညာရှင် ငှားရမ်းခြင်း၊ ပြည်ပပညာရှင်များအတွက် စရိတ်ချီးမြှင့်ခြင်းနှင့် စာကြည့်တိုက်သုံး စာအုပ်စာတမ်းများ စသည်တို့အတွက် လျာထားရေးဆွဲထားပါကြောင်း ရှင်းလင်းတင်ပြသည်။

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း**က ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ် ရငွေပိုင်းတွင် သာမန်ရငွေအနေဖြင့် ငွေကျပ် ၅၃၀ ဒသမ ၅၅၀ ဘီလီယံ၊ ငွေလုံးငွေရင်းရငွေအနေဖြင့် ငွေကျပ် ၉ ဒသမ ၈၀၄ ဘီလီယံနှင့် ကြွေးမြီ ရငွေကျပ် သုည ဒသမ ၀၃၀ ဘီလီယံ စုစုပေါင်းငွေကျပ် ၅၄၀ ဒသမ ၃၈၄ ဘီလီယံ ရရှိရန် လျာထားပါကြောင်း။

သာမန်ရငွေတွင် အခွန်အကောက်ရငွေကျပ် ၃၆ ဒသမ ၁၈၈ ဘီလီယံ၊ အခြားသာမန် ရငွေကျပ် ၄၉၃ ဒသမ ၅၈၃ ဘီလီယံနှင့် ပြည်ပအကူအညီရငွေကျပ် သုည ဒသမ ၇၇၉ ဘီလီယံ စုစုပေါင်း သာမန်ရငွေအနေဖြင့် ငွေကျပ် ၅၃၀ ဒသမ ၅၅၀ ဘီလီယံ ရရှိမည်ဖြစ်ပါကြောင်း။

သာမန်အသုံးစရိတ်အနေဖြင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ငွေကျပ် ၃၃ ဒသမ ၇၃၄ ဘီလီယံ၊ လုပ်ငန်းသုံးရင်းနှီးငွေမှ ငွေကျပ် ၂၉၀ ဒသမ ၂၃၉ ဘီလီယံ၊ ပြည်ပအကူအညီရငွေမှ ငွေကျပ် သုည ဒသမ ၇၇၉ ဘီလီယံ စုစုပေါင်း သာမန်အသုံးစရိတ် ငွေကျပ် ၃၂၄ ဒသမ ၇၅၂ ဘီလီယံ သုံးစွဲရန် လျာထားပါကြောင်း၊ ဦးစီးဌာနများအတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲပြီး နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများအတွက် လုပ်ငန်းသုံးရင်းနှီးငွေမှ ကျခံသုံးစွဲမည် ဖြစ်ပါကြောင်း၊ သာမန်အသုံးစရိတ်ပိုင်းရှိ ပြည်ပအကူအညီရငွေမှ သုံးစွဲငွေမှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနတို့နှင့် ဆက်စပ်ဆောင်ရွက်သော စီမံကိန်းများအတွက် သုံးစွဲသွားမည် ဖြစ်ပါကြောင်း။

ငွေလုံးငွေရင်း အသုံးစရိတ်အနေဖြင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ငွေကျပ် ၂၀ ဒသမ ၂၈၇ ဘီလီယံ၊ လုပ်ငန်းသုံးရင်းနှီးငွေမှ ငွေကျပ် ၃ ဒသမ ၅၁၁ ဘီလီယံ၊ ပြည်ပအကူအညီရငွေမှ ငွေကျပ် ၉ ဒသမ ၈၀၄ ဘီလီယံ စုစုပေါင်းငွေလုံးငွေရင်း အသုံးစရိတ်မှာ ငွေကျပ် ၃၃ ဒသမ ၆၀၂ ဘီလီယံ သုံးစွဲမည်ဖြစ်ပါကြောင်း၊ ငွေလုံးငွေရင်း အသုံးစရိတ်ပိုင်းရှိ ပြည်ပအကူအညီရငွေမှသုံးစွဲငွေမှာ သစ်တောဦးစီးဌာန၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန၊ မြန်မာ့သစ်လုပ်ငန်းတို့နှင့် ဆက်စပ်ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများအတွက် ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

**ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်**က ကာကွယ်ရေးဝန်ကြီးဌာန၏ ဘဏ္ဍာနှစ်အလိုက် အရအသုံး သုံးနှစ်စာ နှိုင်းယှဉ်ချက်များကို တင်ပြသွားမည်ဖြစ်ပါကြောင်း၊ သာမန်အသုံးစရိတ်အနေဖြင့် ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်း (RE)တွင် ငွေကျပ် ၁၆၅၃ ဒသမ ၁၆၄ ဘီလီယံ၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်း(RE)တွင် ငွေကျပ် ၁၇၆၅ ဒသမ ၉၄၁ ဘီလီယံနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ရသုံးခန့်မှန်းခြေငွေစာရင်း(BE)အတွက် ငွေကျပ် ၁၈၁၈ ဒသမ ၁၄၆ ဘီလီယံ တောင်းခံထားပါသဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်း(RE)ထက် ငွေကျပ် ၅၂ ဒသမ ၂၀၅ ဘီလီယံ တိုးမြှင့်တောင်းခံထားပါကြောင်း။

ငွေလုံးငွေရင်း အသုံးစရိတ်အနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပြုပြင်ပြီး ခန့်မှန်းခြေ ငွေစာရင်း(RE)တွင် ငွေကျပ် ၁၃၃၇ ဒသမ ၃၉၈ ဘီလီယံ၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်း(RE)တွင် ငွေကျပ် ၁၄၂၇ ဒသမ ၀၁၀ ဘီလီယံနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ရသုံးခန့်မှန်းခြေငွေစာရင်း(BE)အတွက် ၁၄၃၁ ဒသမ ၉၁၉ ဘီလီယံ တောင်းခံထားပါသဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်(RE)ထက် ငွေကျပ် ၄ ဒသမ ၉၀၉ ဘီလီယံ တောင်းခံထားပါကြောင်း။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်း(RE) (သာမန်ငွေလုံးငွေရင်း) စုစုပေါင်းအနေဖြင့် ၂၉၉၀ ဒသမ ၅၆၂ ဘီလီယံ၊ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်း(RE)တွင် ငွေကျပ် ၃၁၉၂ ဒသမ ၉၅၁ ဘီလီယံနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ရသုံးခန့်မှန်းခြေငွေစာရင်း(BE)အတွက် အသုံးစရိတ် စုစုပေါင်းငွေကျပ် ၃၂၅၀ ဒသမ ၀၆၅ ဘီလီယံ တောင်းခံထားပါသဖြင့် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်း(RE)ထက် ငွေကျပ် ၅၇ ဒသမ ၁၁၄ ဘီလီယံ တိုးမြှင့်တောင်းခံထားပါကြောင်း၊ ထိုသို့ တိုးမြှင့်တောင်းခံရခြင်းမှာ ၂၀၁၈ ခုနှစ် ဧပြီလတွင် နိုင်ငံ့ဝန်ထမ်းလစာများ တိုးမြှင့်လာသောကြောင့် ထပ်မံလိုအပ်ငွေမှာ ငွေကျပ် ၁၂၇ ဒသမ ၅၁၇ ဘီလီယံ ဖြစ်သော်လည်း ကျန်အသုံးစရိတ်များအား လျှော့နည်းတောင်းခံထားပါသဖြင့် မဖြစ်မနေလိုအပ်သည့် ငွေကျပ် ၅၇ ဒသမ ၁၁၄ ဘီလီယံကိုသာ တိုးမြှင့်တောင်းခံထားပါကြောင်း ရှင်းလင်းတင်ပြသည်။

**နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွန်း**က ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ် အသုံးစရိတ်လျာထားချက်တွင် သာမန်အသုံးစရိတ်ငွေကျပ် ၃၂၃၅၂ ဒသမ ၉၅၆ သန်း၊ ငွေလုံးငွေရင်း အသုံးစရိတ်မှာ ငွေကျပ် ၁၀၁၉၄၉ ဒသမ ၃၆၈ သန်း စုစုပေါင်းငွေကျပ် ၁၃၄၃၀၂ ဒသမ ၃၂၄ သန်း လျာထားပါကြောင်း၊ သာမန်အသုံးစရိတ်ငွေကျပ် ၃၂၃၅၂ ဒသမ ၉၅၆ သန်းတွင် လစာနှင့်အုပ်ချုပ်မှုသုံးအတွက် သာမန်အသုံးစရိတ်ငွေကျပ် ၂၁၈၄၁ ဒသမ ၇၆၇ သန်းနှင့် ထောက်ပံ့အသုံးစရိတ် ငွေကျပ် ၁၀၅၁၁ ဒသမ ၁၈၉ သန်းတို့ကို တင်ပြထားခြင်း ဖြစ်ပါကြောင်း။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ အမျိုးသားစီမံကိန်းနှင့်အညီ ဘဏ္ဍာငွေအခြေအနေအပေါ် ချင့်ချိန်လျက် နယ်စပ်ဒေသများ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှန်တကယ် ဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းများနှင့် အကြီးအကဲခရီးစဉ်၊ လွှတ်တော်ကတိကဝတ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများမှ တင်ပြချက်များ၊ တိုင်းရင်းသား အဖွဲ့အစည်းများ၏ တင်ပြချက်များ၊ ငြိမ်းချမ်းရေးနှင့် IDP ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများ၏ စားဝတ်နေရေးကိစ္စရပ်များနှင့်စပ်လျဉ်းသော နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုသာ ရန်ပုံငွေအနည်းဆုံးဖြင့် ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး လျာထားတောင်းခံထားခြင်း ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်**က ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်အတွက် ကဏ္ဍအလိုက် စုစုပေါင်း ထုတ်လုပ်မှုတန်ဖိုး (GDP) ပုံမှန်ဈေးနှုန်းအရ လယ်ယာကဏ္ဍအနေဖြင့် ငွေကျပ် ၁၁၆၃၀ ဒသမ ၀၄၆ ဘီလီယံ ရည်မှန်းထားရှိပြီး ၂ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်ရန်နှင့် သားငါးကဏ္ဍအနေဖြင့် ငွေကျပ် ၅၃၆၂ ဒသမ ၉၇၄ ဘီလီယံ ရည်မှန်းထားရှိပြီး လေးရာခိုင်နှုန်းတိုးတက်ရန် ရည်မှန်းထားပါကြောင်း။

ဝန်ကြီးဌာန၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းပါ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ရငွေ(ပြည်ပအကူအညီ ရငွေအပါအဝင်) အနေဖြင့် ငွေကျပ် ၅၇၆ ဒသမ ၅၈၆ ဘီလီယံ ဖြစ်ပါကြောင်း၊ သာမန်ရငွေမှာ ငွေကျပ် ၁၄၁ ဒသမ ၂၄၂ ဘီလီယံ၊ ငွေလုံးငွေရင်းရငွေကျပ် ၄၃ ဒသမ ၈၇၈ ဘီလီယံ၊ ကြွေးမြီရငွေကျပ် ၃၉၁ ဒသမ ၄၆၆ ဘီလီယံ ဖြစ်ပါကြောင်း။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် စီမံကိန်းရေးဆွဲမှုတွင် အခြေခံမူအဖြစ် ချမှတ်ထားသည့် နိုင်ငံတော်၏ စီးပွားရေးမူဝါဒများ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များ ရေရှည်တည်တံ့ဖွံ့ဖြိုးမှု ပန်းတိုင်များနှင့် ချိတ်ဆက်အကောင်အထည်ဖော်နိုင်ခြင်း၊ အများပြည်သူ အကျိုးဖြစ်ထွန်းမှု၊ စီးပွားရေးအရ ထိရောက်စွာ အကျိုးဖြစ်ထွန်းနိုင်မှု၊ ပို့ကုန်တိုးတက်စေရန်နှင့် နည်းပညာနှင့် ဘဏ္ဍာရေး အရင်းအမြစ်များ ရရှိသုံးစွဲနိုင်ရေးအပေါ် အခြေပြု ရေးဆွဲဆောင်ရွက်ခဲ့ပါကြောင်း ရှင်းလင်းတင်ပြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး တတိယနေ့ကို ဇူလိုင် ၂၆ ရက်တွင် ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**သူရဇော်**
**ဓာတ်ပုံ-အေးသန်း(သတင်းစဉ်)**



# မောင်တောဒေသ၌ ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာအဖွဲ့ ကွင်းဆင်းသတင်းရယူ

**မောင်တော ဇူလိုင် ၂၅**
ရခိုင်ပြည်နယ် မောင်တောဒေသ တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးကိစ္စရပ်များ အပါအဝင် သိရှိလိုသည်များကို မြေပြင်ကွင်းဆင်းသတင်းရယူရန် ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများပါဝင်သည့် သတင်းအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့မှ ထွက်ခွာလာရာ ရေချမ်းပြင်ဆိပ်ကမ်းမှတစ်ဆင့် ကိုင်းကြီး (မြို့)ကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာပြောင်းရွှေ့နေထိုင်မှု၊ ကျေးရွာသစ်တွင် နိုင်ငံတော်အထောက်အပံ့ဖြင့် နေအိမ်များ ဆောက်လုပ်ပေးထားမှု၊ ပညာရေး၊ ကျန်းမာရေးဆောင်ရွက်ပေးထားမှုတို့နှင့်စပ်လျဉ်း၍ တာဝန်ရှိသူများက ရှင်းလင်းပြောကြားသည်။

ထို့နောက် သတင်းမီဒီယာအဖွဲ့က လက်ရှိနယ်မြေလုံခြုံမှုအခြေအနေ၊ တစ်ဖက်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူများ ရောက်ရှိလာပါက သဟဇာတမျှတစွာ နေထိုင်နိုင်ရေးအခြေအနေများနှင့်စပ်လျဉ်း၍ မေးမြန်းသတင်းရယူကြသည်။

ယင်းနောက် မောင်တောမြို့ ခရိုင်အုပ်ချုပ်ရေးမှူးရုံးသို့ ရောက်ရှိကြပြီး သတင်းမီဒီယာအဖွဲ့က မိုးရာသီကာလ စပါးစိုက်ပျိုးထားမှု၊ နယ်မြေလုံခြုံအေးချမ်းမှု၊ နှစ်ဖက်အသိုက်အဝန်းများ နေထိုင်နေမှုတို့နှင့်စပ်လျဉ်း၍ မေးမြန်းသတင်းရယူကြသည်။

မွန်းလွဲပိုင်းတွင် သတင်းမီဒီယာအဖွဲ့သည် ငါးခူရပြန်လည်လက်ခံရေးစခန်းသို့ ရောက်ရှိရာ တာဝန်ရှိသူများက စခန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး သတင်းမီဒီယာအဖွဲ့က ငါးခူရပြန်လည်လက်ခံရေးစခန်းမှ လက်ခံထားသူများအား ကူညီစောင့်ရှောက်ပေးနေမှု၊ စခန်းသို့ ရောက်ရှိလာသူများအား NV Card ထုတ်ပေးခြင်း၊ ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များ စသည်တို့နှင့် ပတ်သက်၍ မေးမြန်းသတင်းရယူခဲ့ကြသည်။

**မြင့်မောင်စိုး**

# မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်ရှိ ရေဘေးသင့်ဒေသများသို့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ သွားရောက်ထောက်ပံ့

**ဘားအံ ဇူလိုင် ၂၅**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်း ဇူလိုင် ၂၂ ရက်မှစ၍ နေ့စဉ် မိုးရေချိန် ခုနစ်လက်မခန့် ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ကာ ပြည်သူများ ရေဘေးရှောင်နေရမှုကြောင့် ဇူလိုင် ၂၄ ရက် ညနေပိုင်းတွင် ရေဘေးသင့်ဒေသများသို့ သွားရောက်၍ တွေ့ဆုံအားပေးထောက်ပံ့မှုများ ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ မွန်ပြည်နယ် ဘီးလင်းမြို့နယ် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့ အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် ည ၉ နာရီတွင်တွေ့ဆုံ၍ ရေကြီးရေလျှံမှုဖြစ်ပေါ်မှုအခြေအနေ၊ ရေဘေးကြောင့် ပျက်စီးဆုံးရှုံးမှုအခြေအနေ၊ ဒေသ၏ လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် ဘေးအန္တရာယ်လျော့ပါးရေးဆိုင်ရာ လိုအပ်ချက်များအခြေအနေ၊ မြစ်ကူးချောင်းကူး၍ ကျောင်းတက်နေရသည့် ကလေးငယ်များအတွက် အသက်ကယ်အင်္ကျီ လိုအပ်မှုအခြေအနေ၊ ကျေးရွာချင်းဆက် ချောင်းကူးတံတားပျက်စီးမှုအား အရေးပေါ်ပြုပြင်ရန် လိုအပ်မှုအခြေအနေတို့ကို ဆွေးနွေးသည်။

ထို့နောက် ဘီးလင်းမြို့ ပြင်သာရေဘေးရှောင်စခန်းနှင့် အမက ၂ ကန်သာယာ ရေဘေးရှောင်စခန်းတို့တွင် ရောက်ရှိခိုလှုံနေသော ဒေသခံပြည်သူ အိမ်ထောင်စု ၂၅၉ စု၊ လူဦးရေ ၁၀၄၃ ဦးအတွက် ဆန်ရိက္ခာဖိုး ခုနစ်ရက်စာနှင့် စားသုံးဆီ၊ ငါးသေတ္တာ၊ ခေါက်ဆွဲခြောက်၊ ကလေးများအတွက် ပဲနို့နှင့် မုန့် စုစုပေါင်း တန်ဖိုးငွေကျပ် ကိုးသိန်းကျော်အား ထောက်ပံ့ပေးအပ်သည်။



ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ကရင်ပြည်နယ် ဘားအံမြို့ ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ ဒေသ၏ လိုအပ်ချက်နှင့် ပြည်ထောင်စုအဆင့်မှ ပံ့ပိုးဆောင်ရွက်ပေးရန် လိုအပ်မည့် အခြေအနေများကို ဆွေးနွေးညှိနှိုင်းသည်။ ထို့နောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီရန်ပုံငွေမှ ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေသို့ လွှဲပြောင်းပေးအပ်ငွေကျပ်သိန်း ၁၀၀၀ နှင့် ပြည်နယ်အတွင်းရှိ ဘားအံ၊ လှိုင်းဘွဲ၊ ကော့ကရိတ်၊ မြဝတီမြို့များမှ ရေဘေးသင့်အိမ်ထောင်စု ၃၅၀၉ စု၊ လူဦးရေ ၁၆၇၉၂ ဦးအတွက် ဆန်ရိက္ခာဖိုးငွေတို့အား ပေးအပ်သည်။

ယင်းနောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီရန်ပုံငွေဖြင့် ဆောက်လုပ်ထားသည့် ဆိုင်ကလုန်းရှယ်လ်တာနှင့် ဘားအံမြို့ မိုးလုံလေလုံအားကစားခန်းမတို့တွင် ယာယီရောက်ရှိနေသည့် ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ စားသုံးဆီ၊ ငါးသေတ္တာ၊ ကြက်ဥ၊ ခေါက်ဆွဲခြောက်နှင့် ကလေးငယ်များအတွက် မုန့်များထောက်ပံ့ခြင်း၊ မွေးဖွားပြီးစမိခင်အတွက် လူမှုကာကွယ်စောင့်ရှောက်ရေးထောက်ပံ့ငွေ ပေးအပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ လှိုင်းဘွဲမြို့သို့ ထွက်ခွာပြီး အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီရန်ပုံငွေဖြင့် ဆောက်လုပ်ထားသည့် ဆိုင်ကလုန်းရှယ်လ်တာနှင့် မူကြိုကျောင်းတို့တွင် ရောက်ရှိနေသည့် ရေဘေးသင့်ပြည်သူများအား နှုတ်ဆက်အားပေးစကားပြောကြား၍ စားနပ်ရိက္ခာနှင့် ဆန်ဖိုးငွေများထောက်ပံ့ကာ ဆေးရုံတက် မွေးဖွားပြီးစမိခင်များအတွက် လူမှုကာကွယ်စောင့်ရှောက်ရေးထောက်ပံ့ငွေ ပေးအပ်သည်။

ကရင်ပြည်နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် ယနေ့အထိ ထောက်ပံ့မှုမှာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီရန်ပုံငွေမှ ငွေကျပ်သိန်း ၁၀၀၀၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ အရေးပေါ်စားနပ်ရိက္ခာထောက်ပံ့ငွေကျပ် ၂၉၅ သိန်းကျော်၊ ရေဘေးရှောင်စခန်းများရှိ မွေးဖွားပြီးစမိခင်များအတွက် လူမှုကာကွယ်စောင့်ရှောက်ရေး ထောက်ပံ့ငွေကျပ် ၃ ဒသမ ၆ သိန်း၊ ရေသန့်ဆေးမှုန့်အထုပ်ငါးသောင်း၊ ဓာတ်ဆားထုပ်ငါးသောင်း၊ ရေတွင်းများရှိ ရေဆိုးများစုပ်ထုတ်ရန် ရေစုပ်စက်ငါးလုံးတို့ကို ထောက်ပံ့ပေးခဲ့ပြီး ကရင်ပြည်နယ်ရှိ အခြားရေဘေးရှောင်စခန်းများသို့လည်း ဆက်လက်သွားရောက်အားပေးထောက်ပံ့သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပိုင်ကျုံမြို့ ကဇိုင်းကျေးရွာ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်

**ဘားအံ ဇူလိုင် ၂၅**

ကရင်ပြည်နယ် ဘားအံခရိုင် ပိုင်ကျုံမြို့နယ် ကော့နွဲကျေးရွာအုပ်စု ကဇိုင်းကျေးရွာ၌ မိုးအဆက်မပြတ်ရွာသွန်းပြီး ရေကြီးနစ်မြုပ်မှုကြောင့် အိမ်ထောင်စု အချို့မှာ ယာယီကယ်ဆယ်ရေးစခန်းဖြစ်သော ကဇိုင်းကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ပြောင်းရွှေ့ခဲ့ကြကြောင်း သိရသည်။

ကဇိုင်းကျေးရွာ၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဇူလိုင် ၂၃၊ ၂၄ ရက်တို့တွင် ရွာလမ်းမကြီး၌ ရေ ငါးပေကျော်ခန့် မြင့်တက်လာပြီး အိမ်ခြေ ၁၈၁ လုံးရှိသည့်အနက် ထက်ဝက်ခန့် ရေနစ်မြုပ်လျက်ရှိရာ အိမ်ထောင်စု ၃၀ ကျော်နှင့် လူဦးရေ ၁၆၇ ဦးခန့် ယာယီကယ်ဆယ်ရေးစခန်းသို့ ရွှေ့ပြောင်းနေထိုင်ကြရသည်။



အဆိုပါ ရေကြီးနစ်မြုပ်မှုအခြေအနေများနှင့် ပြောင်းရွှေ့ထားရှိမှုအခြေအနေများကို ပိုင်ကျုံမြို့ အုပ်ချုပ်ရေးမှူး ဦးဟန်စိုးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး ရေဘေးသင့်ပြည်သူများအတွက် ဆန်သုံးအိတ်၊ အာလူးတစ်အိတ်၊ ကြက်သွန်တစ်အိတ်၊ ဆီငါးလီတာတစ်ဘူး၊ ကြက်ဥငါးကတ်နှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ပြီး လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်း ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**စောစဖိုး( ပြန်/ဆက်)**

# ကြာအင်းဆိပ်ကြီးမြို့ပေါ်ရှိ ရေဘေးသင့်ပြည်သူများအား အစားအသောက်များ ထောက်ပံ့ပေးလျက်ရှိ

**ကြာအင်းဆိပ်ကြီး ဇူလိုင် ၂၅**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကြာအင်းဆိပ်ကြီးမြို့နယ်တွင် ဇူလိုင် ၂၅ ရက်အထိ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဇမိမြစ်ရေလျှံကာ အမှတ် ၆ ရပ်ကွက်ရှိ မြေနိမ့်ပိုင်းနေအိမ်များ နစ်မြုပ်လျက်ရှိပြီး ရေဘေးသင့်ပြည်သူများမှာ ရေလွတ်ရာနေရာ ဗိုလ်တဲဝင်းဗညားအောင်ရော်ဘာခြံကုန်းနှင့် ဆွေမျိုးနီးစပ်ရာနေအိမ်များတွင် ယာယီနေထိုင်လျက်ရှိသည်။



အဆိုပါ ရေဘေးသင့်ပြည်သူများ နေထိုင်စားသောက်မှုနှင့် ကျန်းမာရေး အဆင်ပြေစေရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများက အနီးကပ်ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေး စောင့်ရှောက်မှုပေးလျက်ရှိပြီး မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် စေတနာရှင်ပြည်သူများကလည်း ရေဘေးသင့်ပြည်သူ ၅၉၄ ဦး၊ အိမ်ထောင်စု ၁၃၁ စုအတွက် တစ်ဦးလျှင် တစ်ရက်စာ ဆန်နှစ်ဘူး၊ မာမားခေါက်ဆွဲခြောက် တစ်ထုပ်၊ ရေသန့်တစ်ဘူးနှင့် ထမင်းထုပ်များအား နေ့စဉ် ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။ **မျိုးမင်းဦး(ပြန်/ဆက်)**

# မြန်မာနိုင်ငံတစ်ဝန်း ရေကြီးရေလျှံမှုများ ဖြစ်ပေါ် ထောက်ပံ့ကူညီမှုများ ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၅**

ဇူလိုင်လအတွင်း မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိရာ ဇူလိုင် ၉ ရက်မှ ၂၅ ရက်အထိ အိမ်ထောင်စု ၄၆၀၀ ကျော်၊ လူဦးရေ ၂၁၀၀၀ ကျော်တို့သည် ရေဘေးရှောင်စခန်းများ၊ တာပေါင်များ၊ နီးစပ်ရာ ဆွေမျိုးနေအိမ်များသို့ ခေတ္တတိမ်းရှောင်ခဲ့ရသည်။

အဆိုပါရေဘေးသင့်ဒေသများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို နိုင်ငံတော်နှင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၊ ဒေသခံလူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ငွေကျပ် ၄၀၁ သိန်းကျော်တန်ဖိုးရှိ စားနပ်ရိက္ခာ၊ အိမ်ဆောက်ပစ္စည်းဖိုးနှင့် ကယ်ဆယ်ရေးပစ္စည်းများအား ထောက်ပံ့ပေးခဲ့သည်။

လက်ရှိအခြေအနေအရ အချို့နေရာများတွင် ရေများပြန်လည်ကျဆင်းလျက်ရှိရာ မူလနေရာများသို့ ပြန်လည်ပြောင်းရွှေ့လျက်ရှိပြီး ဇူလိုင် ၂၅ ရက် အခြေအနေအရ ကယ်ဆယ်ရေးစခန်း ၆၇ ခုတွင် အိမ်ထောင်စု ၄၂၀၀ ကျော်၊ လူဦးရေ ၁၉၀၀၀ ကျော်တို့ ဆက်လက်နေထိုင်လျက်ရှိကြောင်း သိရသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ပူးပေါင်းကာ လိုအပ်သည့်ထောက်ပံ့ကူညီမှုများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြစိမ်းရောင်ကျေးရွာများသို့ ကွင်းဆင်းစစ်ဆေး

**ရွှေကူ ဇူလိုင် ၂၅**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ်တွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ စတင်၍ မြစိမ်းရောင်စီမံကိန်း ယူနစ် ၄၀ ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းချစ်နှင့်အဖွဲ့ တောပုန်း၊ ဝေခူး၊ နောင်လက်ကြီးကျေးရွာတို့၌ မြစိမ်းရောင်စီမံကိန်း လည်ပတ်ရန်ပုံငွေများ ဆောင်ရွက်ထားရှိမှုကိုလည်းကောင်း၊ လူထုဗဟိုပြုစီမံကိန်း(ပထမနှစ်စက်ဝန်း) စီမံကိန်းကျေးရွာသို့လည်းကောင်း ကျေးရွာလူထုနှင့် ကွင်းဆင်းတွေ့ဆုံပြီး စီမံကိန်းလုပ်ငန်းများကို ပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပါကစ္စတန်အထွေထွေရွေးကောက်ပွဲစတင်ချိန်မှာပင် ကွက်တာမြို့၌ အသေခံပုံးခွဲတိုက်ခိုက်မှု ဖြစ်ပွား



**အစ္စလာမ္မာဘတ် ဇူလိုင် ၂၅**
ပါကစ္စတန်နိုင်ငံတစ်ဝန်း၌ ဇူလိုင် ၂၅ ရက်က ပြည်သူသန်းပေါင်းများစွာတို့က မဲရုံများသို့ သွားရောက်၍ မဲပေးလျက်ရှိစဉ်မှာပင် နိုင်ငံအနောက်တောင်ပိုင်း ကွက်တာမြို့ရှိ မဲရုံတစ်ရုံအနီးတွင် အသေခံပုံးခွဲတိုက်ခိုက်မှုဖြစ်ပွားရာ လူပေါင်း ၃၀ ထက်မနည်း သေဆုံးရပြီး လူဒါဇင်ပေါင်းများစွာ ထိခိုက်ဒဏ်ရာရရှိကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇူလိုင် ၂၅ ရက်တွင် သတင်းထုတ်ပြန်သည်။

ပါကစ္စတန်နိုင်ငံ၏ လွှတ်တော်နှင့် ပြည်နယ်ရွေးကောက်ပွဲများ ကျင်းပစဉ်မှာပင် အကြမ်းဖက်တိုက်ခိုက်သည့် ဖြစ်ရပ်များနှင့် တွေ့ကြုံရခြင်းဖြစ်သည်။ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များတွင် ကိုယ်စားလှယ်လောင်းများအား ပစ်မှတ်ထား၍ တိုက်ခိုက်မှုများလည်း ပါဝင်သည်။

ဇူလိုင် ၂၅ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီတွင် မဲပေးမှု စတင်ခဲ့သည်။ အမျိုးသားလွှတ်တော်၏ အမတ်နေရာ ၂၇၂ နေရာအတွက် မဲပေးရွေးချယ်တင်မြှောက်ကြမည်ဖြစ်သည်။

ကွက်တာမြို့၌ မဲရုံတစ်ရုံအနီး၌ ပုံးဖောက်ခွဲမှု မဖြစ်ပွားမီ ပုံးဖောက်ခွဲမည့်သူက မဲရုံအတွင်းသို့ ဝင်ရောက်ရန် ကြိုးပမ်းခဲ့ကြောင်း၊ ရဲတပ်ဖွဲ့ဝင်များက ၎င်းကို ဟန့်တားရန် ဆောင်ရွက်ချိန်တွင် အသေခံပုံးဖောက်ခွဲမှု ပြုလုပ်ခဲ့ကြောင်း ဒေသဆိုင်ရာ အုပ်ချုပ်ရေးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယင်းတိုက်ခိုက်မှုနှင့်ပတ်သက်၍ မည်သည့်အုပ်စုကမျှ ယင်း၏လက်ချက်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခြင်း မရှိပေ။

ရွေးကောက်ပွဲကျင်းပချိန်ကာလအတွင်း လုံခြုံရေးစောင့်ကြပ်ပေးနိုင်ရန် ရဲတပ်ဖွဲ့နှင့် စစ်ရဲတပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင် ၈၀၀၀၀၀ အထိကို မဲရုံများတွင် ဖြန့်ကြက်ထားသည်။

ခရစ်ကက်အားကစား အကျော်အမော်အဖြစ် ထင်ရှားခဲ့သူ အီမရန်ခန်းနှင့် ဝန်ကြီးချုပ်ဟောင်း နာဝပ်ရှရစ်ဖ်တို့၏ ပါတီများအကြား အကြိတ်အနယ် ယှဉ်နိုင်သည့် ရွေးကောက်ပွဲအဖြစ် ပါကစ္စတန်ရွေးကောက်ပွဲကို ရှုမြင်ကြသော်လည်း ရွေးကောက်ပွဲဆိုင်ရာ မသမာမှုများနှင့် အကြမ်းဖက်မှုများ ဖြစ်ပေါ်နိုင်ဖွယ်ရှိမှုအတွက် စိုးရိမ်ပူပန်မှုများ ပေါ်ထွက်ခဲ့သည်။ **အေအက်ဖ်ပီ**

## သံဝန်ထမ်းများ ထူးထူးဆန်းဆန်း နာမကျန်းဖြစ်ခဲ့ရမှု အမေရိကန်တာဝန်ရှိသူသုံးဦး ကွင်းဆင်းလေ့လာ

**ဝါရှင်တန် ဇူလိုင် ၂၅**
ကျူးဘားနိုင်ငံ၌ အမေရိကန်သံတမန်များနှင့် ၎င်းတို့၏မိသားစုဝင်များ ထူးထူးဆန်းဆန်းနာမကျန်းဖြစ်ခဲ့ရသော အရှုပ်တော်ပုံနှင့်ပတ်သက်၍ ကွင်းဆင်းလေ့လာနိုင်ရန် အမေရိကန်နိုင်ငံခြားရေးဌာနမှ အထက်တန်းတာဝန်ရှိသူသုံးဦးသည် ယင်းနိုင်ငံသို့ ရှောင်တခင်သွားရောက်ခဲ့ကြကြောင်း အေအက်ဖ်ပီသတင်းဌာနက ဇူလိုင် ၂၅ ရက်တွင် သတင်းထုတ်ပြန်သည်။

ကျူးဘား၌ တာဝန်ထမ်းဆောင်နေသော အမေရိကန်သံတမန်များနှင့် ၎င်းတို့၏မိသားစုဝင်များ အပါအဝင် လူ ၂၆ ဦးသည် ဦးနှောက်ပိုင်းဆိုင်ရာ ဝေဒနာတစ်မျိုးကို ထူးထူးဆန်းဆန်း ခံစားခဲ့ကြရကြောင်း၊ အကြားအာရုံချို့ယွင်းခြင်း၊ အာရုံစိုက်နိုင်မှုမရှိခြင်းအပါအဝင် ဦးနှောက်ထိခိုက်မှု ဝေဒနာကို ခံစားခဲ့ကြရကြောင်း အမေရိကန်အစိုးရ တာဝန်ရှိသူများက ပြောကြားကြသည်။

ကျူးဘားနိုင်ငံ မြို့တော်ဟာဗားနားရှိ အမေရိကန်သံရုံးမှ ဝန်ထမ်းများနှင့် တွေ့ဆုံနိုင်ရန် ထွက်ခွာသွားသူသုံးဦးမှာ အနောက်ကမ္ဘာလုံးဆိုင်ရာ ခေတ္တလက်ထောက်နိုင်ငံခြားရေးဝန်ကြီး ဖရန်စစ္စကို ပယ်မာရီ၊ စီမံခန့်ခွဲရေးဆိုင်ရာ ခေတ္တဒုတိယနိုင်ငံခြားရေးဝန်ကြီး ဝီလီယံတော့နှင့် သံတမန်ဆိုင်ရာ လုံခြုံရေး လက်ထောက်နိုင်ငံခြားရေးဝန်ကြီး မိုက်ကယ်အီဗန်နော့တို့ ဖြစ်ကြကြောင်း အမေရိကန်နိုင်ငံခြားရေးဌာန ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါအထက်တန်း တာဝန်ရှိသူသုံးဦးသည် ၎င်းတို့၏ခရီးစဉ် အချိန်ကာလ မည်မျှကြာမြင့်မည်ကို ထုတ်ဖော်ပြောဆိုခြင်းမရှိကြောင်း၊ ၎င်းတို့သည် ဇူလိုင် ၂၄ ရက်တွင် ကျူးဘားသို့ ထွက်ခွာသွားကြောင်း စီဘီအက်စ် သတင်းဌာနက သတင်းထုတ်လွှင့်သည်။

အမေရိကန်သံဝန်ထမ်းများ ကျန်းမာရေးအရ တိုက်ခိုက်ခံရမှုကြောင့် ဟာဗားနားရှိ သံရုံးလုပ်ငန်းများအပေါ် မည်သို့ထိခိုက်ရသည်ကို သိရှိနိုင်ရန် အထက်တန်းတာဝန်ရှိသူသုံးဦးက လေ့လာဖော်ထုတ်မည်ဆို၏။

ဟာဗားနားရှိ အမေရိကန်သံအရာရှိ နေအိမ်တစ်လုံးတွင်လည်း မေလအတွင်းက သံဝန်ထမ်းနှစ်ဦး ထူးထူးဆန်းဆန်း နာမကျန်းမှုဝေဒနာ ခံစားခဲ့ကြရသည်ဟု အမေရိကန်နိုင်ငံခြားရေးဌာနက ဇွန်လတွင် ထုတ်ဖော်ပြောကြားခဲ့သည်။

၂၀၁၇ ခုနှစ် ဩဂုတ်လမှအစပြု၍ ကျန်းမာရေးထိခိုက်အောင် တိုက်ခိုက်မှုများရှိခဲ့ပြီး စုစုပေါင်း ၂၆ ဦးမှာ ပဟေဠိဆန်သော နာမကျန်းမှုဝေဒနာကို ခံစားခဲ့ကြရသည်။

**အေအက်ဖ်ပီ**

## တစ်ရက်အတွင်း ရွှေ့ပြောင်းနေထိုင်သူ ၅၀၀ နီးပါးကို စပိန်ကယ်ဆယ်ရေးအဖွဲ့များက ပင်လယ်တွင်းမှ ကယ်ဆယ်ခဲ့ရ

**မက်ဒရစ် ဇူလိုင် ၂၅**
စပိန်နိုင်ငံ၏ ပင်လယ်ကမ်းရိုးတန်းဒေသသို့ရောက်ရှိရန် ကြိုးပမ်းကြသည့် ရွှေ့ပြောင်းနေထိုင်သူဦးရေ ၅၀၀ နီးပါးကို မြေထဲပင်လယ်တွင်းမှ တစ်ရက်အတွင်း ဆယ်ယူခဲ့ရကြောင်း စပိန်ကယ်ဆယ်ရေးလုပ်ငန်းများက ဇူလိုင် ၂၅ ရက်တွင် ပြောကြားသည်။

ဂျီဘရော်တာရေလက်ကြားနှင့် စပိန်နှင့်မော်ရိုကိုနိုင်ငံအကြား သီးသန့်တည်ရှိနေသည့် အယ်လ်ဘိုယန်ပင်လယ်ရေပြင်တွင်း၌ ယာယီသုံး ရော်ဘာလေသွင်းရေယာဉ် အစင်း ၃၀ ခန့်မှ ရွှေ့ပြောင်းနေထိုင်သူ စုစုပေါင်း ၄၈၄ ဦးကို ကယ်ယူခဲ့ရကြောင်း စပိန်ရေကြောင်းလုံခြုံရေးအေဂျင်စီက ၎င်း၏အင်တာနက်တွစ်တာစာမျက်နှာတွင် ရေးသားဖော်ပြသည်။

အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းနေထိုင်သူများဆိုင်ရာအဖွဲ့(အိုင်အိုအမ်)၏ ထုတ်ပြန်ချက်အရ ယခုနှစ် နှစ်ဆန်းပိုင်းမှ ဇူလိုင် ၁၈ ရက်အထိကာလအတွင်း စပိန်နိုင်ငံ၏ကမ်းခြေဒေသများသို့ ရွှေ့ပြောင်းနေထိုင်သူဦးရေ ၁၈၆၅၃ ဦး ရောက်ရှိခဲ့သည်ဟု သိရသည်။

ထိုသို့ရောက်ရှိလာသူများအနက် အများစုမှာ ဆာဟာရသဲကန္တာရတောင်ပိုင်းနိုင်ငံများဖြစ်သည့် ဂီနီ၊ မာလီ၊ မော်ရီတေးနီးယားနှင့် မော်ရိုကိုနိုင်ငံတို့မှ ဖြစ်ကြသည်။

ယခုနှစ်အတွင်း မြေထဲပင်လယ်ကို ဖြတ်ကျော်ပြီး ဥရောပနိုင်ငံ ကမ်းခြေများသို့ရောက်ရှိရန် ကြိုးပမ်းသူများအနက် သေဆုံးရသူ စုစုပေါင်းမှာ ၁၄၈၉ ဦးရှိပြီး ယင်းတို့အထဲမှ ၂၉၄ ဦးထက်မနည်းမှာ စပိန်နိုင်ငံ ကမ်းခြေသို့ ရောက်ရှိရန်ကြိုးပမ်းစဉ် သေဆုံးခဲ့ကြရကြောင်း အိုင်အိုအမ်က ပြောကြားသည်။

ယခုနှစ်ဇွန်လအတွင်းက ပြင်သစ်နိုင်ငံမှ အစိုးရမဟုတ်သော ကယ်ဆယ်ရေးအဖွဲ့အစည်းတစ်ခုမှ ကယ်ဆယ်ရေးသင်္ဘော အကွာရီယာ့စ်အပါအဝင် ရေယာဉ်သုံးစင်းဖြင့် ဆိုက်ရောက်လာသည့် ရွှေ့ပြောင်းနေထိုင်သူ လူပေါင်း ၆၃၀ ကို လက်ခံရန် စပိန်နိုင်ငံက သဘောတူညီခဲ့သည်။

**အေအက်ဖ်ပီ**



# ဂျပန်နိုင်ငံအပူချိန်လွန်ကဲမှုကြောင့် ၂၀၂၀ အိုလံပစ်အားကစားပြိုင်ပွဲအတွက် စိုးရိမ်မှုများမြင့်တက်

**ကျိုတို ဇူလိုင် ၂၅**
ဂျပန်နိုင်ငံတစ်ဝန်းတွင် နေ့အပူချိန်မြင့်တက်မှုများ အဆက်မပြတ်ဖြစ်ပွားလျက်ရှိရာ ဂျပန်နိုင်ငံက အိမ်ရှင်အဖြစ်ကျင်းပမည့် ၂၀၂၀ အိုလံပစ်အားကစားပြိုင်ပွဲအတွက် စိုးရိမ်ပူပန်မှုများ ထွက်ပေါ်လာခဲ့ကြောင်း နိုင်ငံခြားသတင်းမီဒီယာအချို့က သတင်းရေးသားဖော်ပြကြသည်။

ဂျပန်နိုင်ငံတွင် အပူချိန်ပြင်းထန်မှုများကြောင့် လူပေါင်းများစွာ သေဆုံးခဲ့ရသည်ဟု ရေးသားထားသည့် သတင်းဆောင်းပါးကို ဇူလိုင် ၂၄ ရက်ထုတ် 'သည်ဝေါစထရိ' ဂျာနယ်တွင် ဖော်ပြထားကြောင်း သိရသည်။

ထို့ပြင် နိုင်ငံအတွင်း အပူချိန်မြင့်တက်မှုကြောင့် ၂၀၂၀ ပြည့်နှစ် နွေရာသီ အိုလံပစ်အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားသမားများ၏ ကျန်းမာရေးနှင့်ပတ်သက်ပြီး စိုးရိမ်ပူပန်မှုများ မြင့်တက်ခဲ့သည်ဟု အဆိုပါ သတင်းဆောင်းပါးတွင် ဖော်ပြထားသည်။

အားကစားပြိုင်ပွဲများကို ဇူလိုင် နှောင်းပိုင်းမှ ဩဂုတ်အစောပိုင်းတွင် ကျင်းပမည်ဟု စီစဉ်ထားသော်လည်း အပူချိန်လွန်ကဲမှုကြောင့် ကစားချိန်များ ပြင်ဆင်ပြောင်းလဲရန် မေးခွန်းများထွက်ပေါ်လာသည်ဟု အဆိုပါ ဆောင်းပါးတွင် ရေးသားထားကြောင်း သိရသည်။

၁၉၆၄ ခုနှစ်တွင် တိုကျို၏ ပထမဆုံး အကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် အိုလံပစ်အားကစားပြိုင်ပွဲတွင် အပူချိန်လွန်ကဲမှုကို အားကစားသမားများ မခံစားရစေရန် ရည်ရွယ်ပြီး အားကစားပြိုင်ပွဲများကို အောက်တိုဘာလတွင် ကျင်းပခဲ့ကြောင်း အဆိုပါ ဆောင်းပါးက ထောက်ပြရေးသားခဲ့သည်။

ကာတာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၂၂ ခုနှစ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲကို အပူချိန်လွန်ကဲမှု ရှောင်သည့်အနေဖြင့် အဆိုပါနှစ်၏ နှောင်းပိုင်းသို့ ပြောင်းလဲသတ်မှတ်လိုက်ပြီ ဖြစ်ကြောင်း ဆောင်းပါးတွင် ဖော်ပြခဲ့သည်။

ထို့အတူ 'သည်ဂါးဒီးယန်း' သတင်းစာ၏ ဆောင်းပါးတစ်ပုဒ်တွင် ဂျပန်နိုင်ငံ၏ အပူချိန်လွန်ကဲမှုသည် စံချိန်တင်မြင့်တက်လျက်ရှိသည့်အတွက် ၂၀၂၀ ပြည့်နှစ် အိုလံပစ် အားကစားပြိုင်ပွဲအတွက် စိုးရိမ်ပူပန်လျက်ရှိကြောင်း ပါရှိသည်။ ထို့ပြင် အပူချိန်မြင့်တက်မှုကြောင့် အားကစားသမားများအပါအဝင် ပွဲကြည့်ပရိသတ်များအတွက် အသက်အန္တရာယ်ခြိမ်းခြောက်မှုများဖြစ်စေနိုင်ကြောင်း အဆိုပါ ဆောင်းပါးက ရေးသားထားသည်။

**အင်န်အိတ်ချ်ကေ**

# ၂၀၁၈ ခုနှစ် ဖီဖာအကောင်းဆုံးကစားသမား ၁၀ ဦးစာရင်းတွင် နေမာမပါဝင်ခဲ့သော်လည်း စီရိုနယ်လ်ဒိုနှင့် မက်ဆီတို့ ပါဝင်လာခဲ့

**ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က ၂၀၁၈ ခုနှစ်ရဲ့ ဖီဖာအကောင်းဆုံးကစားသမား ၁၀ ဦးစာရင်းကို တရားဝင်ထုတ်ပြန်ကြေညာလိုက်ပြီ ဖြစ်ပါတယ်။ ဖီဖာက ထုတ်ပြန်ခဲ့တဲ့ အကောင်းဆုံးကစားသမား ၁၀ ဦးစာရင်းမှာ ပီအက်စ်ဂျီအသင်းမှ ဘရာဇီးတိုက်စစ်မှူး နေမာ မပါဝင်ခဲ့ပေမယ့် ဂျူဗင်တပ်အသင်းကို ပြောင်းရွှေ့သွားတဲ့ ပေါ်တူဂီတိုက်စစ်မှူး စီရိုနယ်လ်ဒိုနဲ့ ဘာစီလိုနာအသင်းမှ အာဂျင်တီးနားတိုက်စစ်မှူး မက်ဆီတို့ ပါဝင်လာခဲ့ပါတယ်။**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က လက်ရှိထုတ်ပြန်ထားတဲ့ ၂၀၁၈ ခုနှစ်ရဲ့ ဖီဖာအကောင်းဆုံးကစားသမား ၁၀ ဦးစာရင်းကတော့ ရီးယဲလ်မက်ဒရစ်(လက်ရှိဂျူဗင်တပ်)မှ ပေါ်တူဂီတိုက်စစ်မှူး စီရိုနယ်လ်ဒို၊ ဘာစီလိုနာအသင်းမှ အာဂျင်တီးနားတိုက်စစ်မှူး မက်ဆီ၊ ရီးယဲလ်မက်ဒရစ်အသင်းမှ ခရိုအေးရှားကွင်းလယ်ကစားသမား လူကာမိုဒရစ်၊ အက်သလက်တီကိုမက်ဒရစ်အသင်းမှ ပြင်သစ်တိုက်စစ်မှူး ဂရစ်ဇ်မန်း၊ မန်စီးတီးအသင်းမှ ဘယ်လ်ဂျီယံတိုက်စစ်မှူး ကီဗင်ဒီဘရိုင်း၊ ချယ်လ်ဆီးအသင်းမှ ဘယ်လ်ဂျီယံတိုက်စစ်မှူး အေဒင်ဟာဇက်၊ လီဗာပူးအသင်းမှ အီဂျစ်တိုက်စစ်မှူး မိုဟာမက်ဆာလာ၊ ပီအက်စ်ဂျီအသင်းမှ ပြင်သစ်လူငယ်တိုက်စစ်မှူး မက်ပီ၊ ရီးယဲလ်မက်ဒရစ်အသင်းမှ ပြင်သစ်နောက်တန်း ကစားသမား ရာဖေးလ်ဗာရာနီနဲ့ စပါးအသင်းမှ အင်္ဂလန်တိုက်စစ်မှူး ဟယ်ရီကိန်းတို့ပဲ ဖြစ်ပါတယ်။





အခုထုတ်ပြန်ခဲ့တဲ့ ဖီဖာအကောင်းဆုံးကစားသမားဆုဟာ ၂၀၁၇ ခုနှစ် ဇူလိုင် ၃ ရက်ကနေ ၂၀၁၈ ခုနှစ် ဇူလိုင် ၁၅ ရက်အထိ အမျိုးသားဘောလုံးပြိုင်ပွဲအားလုံးမှာ တစ်ဦးချင်းစွမ်းဆောင်ရည် ကောင်းမွန်ခဲ့မှုကို ကိုယ်စားပြုပြီး ပေးအပ်ချီးမြှင့်တဲ့ ဆုလည်းဖြစ်ပါတယ်။ ပေါ်တူဂီတိုက်စစ်မှူး စီရိုနယ်လ်ဒိုဟာ လန်ဒန်မြို့မှာ ပေးအပ်ချီးမြှင့်ခဲ့တဲ့ ၂၀၁၇ ခုနှစ်ရဲ့ ဖီဖာအကောင်းဆုံးကစားသမားဆုကို ရရှိထားခဲ့သူဖြစ်ပြီး ၂၀၁၆ ခုနှစ် ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်မြို့မှာပေးအပ်ချီးမြှင့်ခဲ့တဲ့ ဖီဖာအကောင်းဆုံးကစားသမားဆုကိုလည်း ရယူနိုင်ခဲ့သူဖြစ်ပါတယ်။ မကြာသေးတဲ့သမိုင်းကြောင်းကို ပြန်ကြည့်ရင် စီရိုနယ်လ်ဒို၊ လီယွန်နယ်မက်ဆီ၊ ဇီဒန်း၊ ကာကာ၊ ရော်နယ်လ်ဒင်ဟိုတို့ဟာ ဖီဖာအကောင်းဆုံးကစားသမားဆုရရှိမှုမှာ လွှမ်းမိုးထားနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

လက်ရှိထုတ်ပြန်ထားတဲ့ ဖီဖာအကောင်းဆုံးကစားသမားဆုအတွက် ရွေးချယ်ထားတဲ့စာရင်းကနေ ဂျာနယ်လစ်များ၊ ပရိသတ်များ၊ နိုင်ငံအသင်းကိုယ်စားပြုနည်းပြများ၊ အသင်းခေါင်းဆောင်များက ဆန်ခါတင်ကစားသမားသုံးဦးကို မကြာခင်ရက်ပိုင်းအတွင်း မဲပေးရွေးချယ်သွားဖို့ ရှိနေပြီး အဲဒီကစားသမားသုံးဦးထဲကနေ ဖီဖာအကောင်းဆုံးကစားသမားဆုကို ရွေးချယ်ပေးသွားမှာဖြစ်ပါတယ်။

ပရိသတ်တွေအနေနဲ့ ၂၀၁၈ ခုနှစ် ဇူလိုင် ၂၄ ရက်ကနေ ဩဂုတ် ၁၀ ရက်အထိ ကမ္ဘာ့အကောင်းဆုံးဆုလေးဆုကို မဲပေးရွေးချယ်ကြမှာဖြစ်ပြီး အဲဒီဆုတွေကတော့ ဖီဖာအကောင်းဆုံးကစားသမားဆု၊ ဖီဖာအကောင်းဆုံးအမျိုးသားနည်းပြဆု၊ ဖီဖာအကောင်းဆုံးအမျိုးသမီးကစားသမားဆု၊ ဖီဖာအကောင်းဆုံးအမျိုးသမီးနည်းပြဆုတို့ပဲဖြစ်ပါတယ်။

အဲဒီအကောင်းဆုံးဆုလေးဆုမှ ဆုရရှိသူစာရင်းကို ၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၄ ရက်မှာ လန်ဒန်မြို့မှာ ကျင်းပမယ့် ဖီဖာဘောလုံးအကောင်းဆုံးဆုပေးအပ်ပွဲမှာ ထုတ်ပြန်ကြေညာသွားမှာလည်းဖြစ်ပါတယ်။

# ၂၀၁၈ ခုနှစ် ဖီဖာအကောင်းဆုံးနည်းပြစာရင်းတွင် ဒက်ချမ့်၊ ဇီဒန်းနှင့် ဂွါဒီယိုလာတို့ ပါဝင်လာခဲ့

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)ဟာ ၂၀၁၈ ခုနှစ်ရဲ့ ဖီဖာအကောင်းဆုံးနည်းပြ ၁၁ ဦးစာရင်းကိုထုတ်ပြန်ခဲ့ရာမှာ မန်ယူအသင်းနည်းပြမော်ရင်ဟို ပါဝင်လာခြင်းမရှိခဲ့ဘဲ ဒက်ချမ့်၊ ဇီဒန်း၊ ကလော့နဲ့ ဂွါဒီယိုလာတို့ ပါဝင်လာခဲ့ပါတယ်။

အခုထုတ်ပြန်လိုက်တဲ့ အမည်စာရင်း တင်သွင်းခံထားရသော နည်းပြ ၁၁ ဦးစာရင်းမှာ ဂျူဗင်တပ်အသင်းနည်းပြ အယ်လ်လီဂရီ၊ ရုရှားအသင်းနည်းပြ ချာချီဆော့ဗ်၊ ခရိုအေးရှားအသင်းနည်းပြ ဇလက်ကိုဒါလစ်၊ ပြင်သစ်အသင်းနည်းပြ ဒက်ချမ့်၊ မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာ၊ လီဗာပူးအသင်းနည်းပြ ကလော့၊ ဘယ်လ်ဂျီယံအသင်းနည်းပြ မာတီနက်ဇ်၊ အက်သလက်တီကိုမက်ဒရစ်အသင်းနည်းပြ ဆီမြူနီ၊ အင်္ဂလန်အသင်းနည်းပြ ဆောက်ဂိတ်၊ ဘာစီလိုနာအသင်းနည်းပြ ဗယ်ဗာဒီ၊ ရီးယဲလ်မက်ဒရစ်အသင်းနည်းပြ ဇီဒန်းတို့ ပါဝင်လာခဲ့တာဖြစ်ပါတယ်။

ရီးယဲလ်မက်ဒရစ်အသင်းနည်းပြဟောင်း ဇီဒန်းဟာ ၂၀၁၇ ခုနှစ်ကလည်း ဖီဖာအကောင်းဆုံးနည်းပြဆုကို ရရှိခဲ့သူဖြစ်ပြီး ချန်ပီယံလိဂ်ဖလားကိုလည်း ရယူနိုင်ခဲ့သူဖြစ်ပါတယ်။ ဇီဒန်းဟာ ရီးယဲလ်မက်ဒရစ်အသင်းကို ကိုင်တွယ်ခဲ့တဲ့သုံးနှစ်စလုံး ချန်ပီယံလိဂ်ဖလားကို ရယူနိုင်ခဲ့တာဖြစ်ပါတယ်။ ဒက်ချမ့်ဟာ ပြင်သစ်အသင်းနဲ့အတူ ၂၀၁၈ ကမ္ဘာ့ဖလားကို ရယူနိုင်ခဲ့ပြီး ဂွါဒီယိုလာက မန်စီးတီးအသင်းနဲ့အတူ ပရီမီယာလိဂ်ဖလားကို ရယူနိုင်ခဲ့တာပါ။ မာတီနက်ဇ်၊ ချာချီဆော့ဗ်၊ ကလော့တို့ကလည်း အောင်မြင်မှုအသီးသီးရယူနိုင်ခဲ့တဲ့ နည်းပြတွေဖြစ်ပါတယ်။



# ဘောလုံးလောကသတင်းတိုများ

- အာဆင်နယ်ကွင်းလယ်ကစားသမား အာရွန်ရမ်ဆေးသည် လာမည့်တစ်ပတ်အတွင်း ၎င်း၏အနာဂတ်နှင့် ပတ်သက်၍ ဆုံးဖြတ်မည်ဖြစ်ပြီး လက်ရှိကလပ်အာဆင်နယ်အသင်းတွင် ဆက်ရှိနေရန်မှာ မသေချာကြောင်း ပြောကြားခဲ့သည်။ ရမ်ဆေးသည် ပြီးခဲ့သည့် ဘောလုံးရာသီက ဒဏ်ရာပြဿနာကြောင့် ပရီမီယာလိဂ်ပွဲစဉ် ၂၄ ပွဲသာပါဝင်ကစားပေးနိုင်ခဲ့ပြီး သွင်းဂိုးခုနစ်ဂိုးသွင်းယူနိုင်ခဲ့သူဖြစ်သည်။
- **ပရီမီယာလိဂ်လက်ရှိချန်ပီယံမန်စီးတီးအသင်းသည် မဲလ်ဘုန်းစီးတီးအသင်းမှ ဩစတြေးလျကွင်းလယ်ကစားသမား ဒန်နီယယ်အာဇာနီကို ခေါ်ယူရန် နီးစပ်မှုရှိနေပြီဟု သတင်းများထွက်ပေါ်နေသော်လည်း မဲလ်ဘုန်းစီးတီးအသင်းကမူ အဆိုပါကစားသမားအား စကော့တလန်ချန်ပီယံ ဆဲလ်တစ်အသင်းသို့ အငှားချရန် စီစဉ်လျက်ရှိကြောင်း သိရသည်။**
- ပီအက်စ်ဂျီအသင်းမှ ဥရုဂွေးတိုက်စစ်မှူး ကာဗာနီသည် လတ်တလောထွက်ပေါ်နေသည့်သတင်းများအရ ရီးယဲလ်မက်ဒရစ်အသင်းက တိုက်စစ်မှူး စီရိုနယ်လ်ဒို၏ နေရာတွင် အစားထိုးရန်အတွက် ပစ်မှတ်ထားလျက်ရှိကြောင်း သိရသည်။ ကာဗာနီသည် ပြီးခဲ့သည့် ဘောလုံးရာသီက ပီအက်စ်ဂျီအသင်းနှင့်အတူ ၄၈ ပွဲတွင် ဂိုး ၄၀ သွင်းယူပေးနိုင်ခဲ့သူဖြစ်သည်။
- **မန်ယူအသင်းနည်းပြ မော်ရင်ဟို ဖရန့်ဖက်အသင်း၏ တောင်ပံကစားသမား အန်တီရီဘစ်အား ခေါ်ယူရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။ မန်ယူအသင်းမှာ ယခင်က အန်တီရီဘစ်နှင့် နိုင်ငံတကာအသင်းကစားဖော်ဖြစ်သည့် အင်တာမီလန်ကစားသမား ပါရီဆစ်အား ခေါ်ယူရန်ပစ်မှတ်ထားခဲ့သော်လည်း အင်တာမီလန်အသင်းက ရောင်းချရန်ဆန္ဒမရှိကြောင်း ပြောကြားခဲ့သည်။**

# အက်သလက်တီကိုမက်ဒရစ် နောက်ခံလူ ဒီယေဂိုဂိုဒင်အား ဂျူဗင်တပ်အသင်း စာချုပ်ချုပ်ဆိုခေါ်ယူရန် ပစ်မှတ်ထားနေ

အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းသည် အက်သလက်တီကိုမက်ဒရစ်အသင်းမှ ဥရုဂွေးနောက်တန်းကစားသမား ဒီယေဂိုဂိုဒင်အား စာချုပ်ချုပ်ဆိုခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိကြောင်း သိရသည်။

လက်ရှိဂျူဗင်တပ်အသင်းတွင် ကစားနေသည့် နောက်တန်းကစားသမား ရူဂါနီမှာ ပရီမီယာလိဂ်ကလပ် ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့ကစားမည် ဖြစ်သောကြောင့် လိုအပ်လာမည့် နောက်တန်းခံစစ်ကြောင်းအတွက် ဒီယေဂိုဂိုဒင်ကို ပစ်မှတ်ထားလာခဲ့ခြင်းဖြစ်သည်။

နောက်တန်းကစားသမား ဒီယေဂိုဂိုဒင်သည် ရုရှားနိုင်ငံတွင် ကျင်းပခဲ့သည့် ၂၀၁၈ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း ဥရုဂွေးအသင်း၏ နောက်တန်းခံစစ်ကြောင်းအတွက် ပြိုင်ဘက်ကစားသမားများ၏ ထိုးဖောက်တိုက်စစ်ဆင်မှုကို အကောင်းဆုံးဟန့်တားနိုင်ခဲ့သူဖြစ်သည်။

ထို့ပြင် ဒီယေဂိုဂိုဒင်သည် စပိန်ကလပ် အက်သလက်တီကိုမက်ဒရစ်အသင်းတွင်လည်း အကောင်းဆုံးခြေစွမ်း ပိုင်ဆိုင်ထားခြင်းကြောင့် ဥရောပကလပ်အသင်းအတော်များများက ခေါ်ယူရန် စိတ်ဝင်စားခြင်း ခံထားရသူဖြစ်သည်။

သို့ရာတွင် အက်သလက်တီကိုမက်ဒရစ်အသင်းကမူ အသင်း၏ အဓိကကစားသမားများအနက် တစ်ဦးအပါအဝင်ဖြစ်သည့် နောက်တန်းကစားသမား ဒီယေဂိုဂိုဒင်ကို ရောင်းချရန်မရှိကြောင်း ပြောကြားခဲ့သည်။

အက်သလက်တီကိုမက်ဒရစ်အသင်းက ရောင်းချမည်မဟုတ်ကြောင်း ပြောကြားထားသော်လည်း ဂျူဗင်တပ်အသင်းကမူ နောက်တန်းကစားသမား ဒီယေဂိုဂိုဒင်ကို တစ်ရာသီလျှင် ယူရိုခြောက်သန်းဖြင့် သုံးနှစ်သက်တမ်းရှိစာချုပ်တစ်ရပ်ချုပ်ဆိုကာ ခေါ်ယူရန်အသင့်ရှိနေကြောင်း ပြောကြားခဲ့သည်။

ထို့ကြောင့် ဂျူဗင်တပ်အသင်းအနေဖြင့် လိုအပ်နေသည့် ခံစစ်ကြောင်းကိုဖြည့်ရန် အက်သလက်တီကိုမက်ဒရစ်အသင်း ခံစစ်မှူး ဒီယေဂိုဂိုဒင်ကို ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရဦးမည်ဖြစ်သည်။

ငွေကြယ် - ရေးသားသည်

# ရေပူစစ်ဆေးရေးစခန်းတွင် သစ်ခွဲသားများသယ်ဆောင်လာသည့် ယာဉ်နှစ်စီး သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၂၅**

ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် ဇူလိုင် ၂၄ ရက်က TOYOTA HIACE-GL (အနံစာတုံး)ယာဉ်နှစ်စီးပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်သစ်ခွဲသား ၁ ဒသမ ၄၀၅ တန်နှင့် အဆိုပါပစ္စည်းသယ်ဆောင်လာသည့် ယာဉ်နှစ်စီး(စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၄ ဒသမ ၂၁၅ သန်းခန့်) သိမ်းဆည်းရမိခဲ့သည်။

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇူလိုင် ၂၄ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၂၉၈ စီး၊ သွင်းကုန် ၉၂၆ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၅ စီး၊ သွင်းကုန် ၆၂ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှု ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၄ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ငါးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄ ဒသမ ၆၂၃ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု သုံးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃ ဒသမ ၃၂၁ သန်းခန့်) စုစုပေါင်းတားဆီးမှု ရှစ်မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၇ ဒသမ ၉၄၄ သန်းခန့်)သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပင်လည်ဘူးမြို့နယ်အတွင်းမှ တရားမဝင်တမလန်းသစ်ခွဲသား ၁၂၁ ချောင်း သိမ်းဆည်းရမိ

**ကသာ ဇူလိုင် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပင်လည်ဘူးမြို့နယ် ပင်လည်ဘူး-ကောလင်းသွားကားလမ်း ပေကုန်းကျေးရွာအနီးတွင် တရားမဝင် တမလန်းသစ်ခွဲသားများတင်ဆောင်လာသော ယာဉ်တစ်စီးအား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၂၄ ရက် မွန်းလွဲ ၂ နာရီခန့်တွင် ပင်လည်ဘူးမြို့နယ် စီ/ခန့်မှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရန်နိုင်စိုးနှင့်အဖွဲ့၊ မြို့နယ်သစ်တောဦးစီးဌာန တောအုပ်ဦးစိုးနိုင်နှင့်အဖွဲ့သည် သက်သေများနှင့်အတူ ပင်လည်ဘူး-ကောလင်းသွားကားလမ်း ပေကုန်းကျေးရွာအနီး၌ သတင်းအရ စောင့်ဆိုင်းနေစဉ် နေမျိုး မောင်းနှင်ပြီး မြင့်ဆွေ လိုက်ပါလာသောယာဉ်အား ရပ်တန့်စစ်ဆေးရာ အဆိုပါယာဉ်ပေါ်မှ တရားမဝင်တမလန်းသစ်ခွဲသား ၁၂၁ ချောင်း (၂ ဒသမ ၃၈၃၂ တန်)အား ရှာဖွေစစ်ဆေးတွေ့ရှိသဖြင့် နေမျိုး ကျောက်မြောင်းမြို့နေသူနှင့် မြင့်ဆွေ ရွှေဘိုမြို့နေသူတို့အား ပင်လည်ဘူးမြို့မရဲစခန်းက ဖမ်းဆီးအရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

# မြစ်ကြီးနားမြို့နယ်တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၂၅**



ဆွေဆွေမျိုး(ခ)မဆွေ၊ အောင်မင်းနိုင်နှင့် အောင်ဖြိုးဝေတို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

မူးယစ်တပ်ဖွဲ့စု(၂) မြစ်ကြီးနားမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၄ ရက် မွန်းတည့် ၁၂ နာရီက မြစ်ကြီးနားမြို့နယ် ၂၀ မိုင် ပူးပေါင်းစစ်ဆေးရေးဂိတ်၌ အောင်မင်းနိုင် မောင်းနှင်ပြီး အောင်ဖြိုးဝေ လိုက်ပါလာသည့် မော်တော်ယာဉ်အား စစ်ဆေးရာ ဘိန်းဖြူဆပ်ပြာခွက် ၂၉၇ ခွက် ဘိန်းဖြူအလေးချိန် ၃ ဒသမ ၄၀၅၅ ကီလို၊ စိတ်ကြွရူးသွပ်ဆေး ၁၉၀၈ ပြား၊ ငွေကျပ် ၄၀၀၀၀၀ နှင့် လက်ကိုင်ဖုန်းလေးလုံးတို့ကို သိမ်းဆည်းရမိပြီး ကွင်းဆက်အရ ၎င်းတို့ကို သယ်ဆောင်ခိုင်းသည့် မြစ်ကြီးနားမြို့ ရမ်မူရပ်ကွက်နေ ဆွေဆွေမျိုး(ခ)မဆွေကိုလည်းကောင်း။

အလားတူ ယင်းနေ့ ညနေ ၅ နာရီခွဲက မူးယစ်တပ်ဖွဲ့စု ၉ ဟုမ္မလင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဟုမ္မလင်းမြို့နယ် တောင်ကင်းကျေးရွာအုပ်စု ခုံတန်းကျေးရွာအနီး ဖောင်းပြင်-ဟုမ္မလင်းသွား ကားလမ်းတွင် မော်တော်ယာဉ်များအား ရှောင်တခင် ပိတ်ဆို့စစ်ဆေးနေစဉ် အမျိုးသားတစ်ဦး မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်သည် စစ်ဆေးရေးအဖွဲ့သို့ မရောက်မီ ဆိုင်ကယ်အားရပ်ထားပြီး ထွက်ပြေး တိမ်းရှောင်သွားသဖြင့် မော်တော်ဆိုင်ကယ်အားစစ်ဆေးရာ ဘိန်းဖြူ အလေးချိန် ၃၀ ဂရမ်၊ ဘိန်းစိမ်း ၂ ဒသမ ၆ ကီလိုတို့ကို လည်းကောင်း။

ထို့အတူ ဇူလိုင် ၂၃ ရက် ညနေ ၅ နာရီခွဲက မွန်ပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ချောင်းဆုံမြို့နယ် ကော့မုပွန်ကျေးရွာ အမှတ်(၆)ရပ်ကွက်နေ ဘခင်သည် ဘိန်းစာပင်များ စိုက်ပျိုးရောင်းချနေကြောင်း သတင်းအရ ဘိန်းစာပင် ငါးပင်မှ ဘိန်းစာရွက် အလေးချိန် ၃ ဒသမ ၂၆၆ ကီလိုတို့ကို လည်းကောင်း။

ဇူလိုင် ၂၄ ရက် ည ၈ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၂၅) တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဟိုပုံးမြို့နယ် ဖက်ရမ်းကျေးရွာအုပ်စု ထီးခမ်းကျေးရွာအနီး ဟိုပုံး-လွိုင်လင်သွားကားလမ်း မိုင်တိုင်အမှတ်(၃၁)အနီးတွင် လှမောင် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ ဘိန်းဖြူ အလေးချိန် ဂရမ် ၄၈၀၊ အိုက်စ် ၁၀၀ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၈၀၀ တို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ တောင်ကြီးမြို့ ညောင်ဖြူစခန်းရပ်ကွက် နယ်မြေ(၁၁) ဗေဒါလမ်းရှိ အောင်သော်စိန်၏နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၆၀ နှင့် ဘိန်းဖြူ ၂၅ ဂရမ် တို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# သာစည်မြို့နယ်၌ ရပ်ထားသောဆိုင်ကယ်တစ်စီးမှ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**သာစည် ဇူလိုင် ၂၅**

သာစည်မြို့နယ် လှိုင်းတက်ကျေးရွာ၌ နေအိမ်ခြံဝင်းအတွင်းရှိ မော်တော်ဆိုင်ကယ် တူးဘောက်အတွင်းနှင့် ထမင်းဆိုင်အနီးတို့မှ ဇူလိုင် ၂၄ ရက် ညနေ ၄ နာရီခွဲက စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀ ကျော် သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

သာစည်မြို့နယ် လှိုင်းတက်ကျေးရွာ မိတ္ထီလာ-တောင်ကြီးသွားကားလမ်း မိုင်တိုင်(၂၁/၇)အနီးတွင် မူးယစ်ဆေးဝါးများ ရောင်းချနေကြောင်း သတင်းအရ မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် ဖြိုးကျော်ခိုင်နှင့်အဖွဲ့သည် လှိုင်းတက်ကျေးရွာမှ သာစည်မြို့သို့ လမ်းလျှောက်လာသူ သိန်းဦး လှိုင်းတက်ကျေးရွာနေသူအား စစ်ဆေးရာ ဂျင်းဘောင်းဘီ ယာဘက်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၈၀ သိမ်းဆည်းရမိ၍ စစ်ဆေးရာ အမှတ်(၅) ရပ်ကွက် လှိုင်းတက်ကျေးရွာနေ ဇင်မျိုးလွင်(ခ) ဇင်ကြီးထံမှ ဝယ်ယူထားကြောင်း စစ်ဆေးသိရှိရသဖြင့် ဇင်မျိုးလွင်(ခ) ဇင်ကြီးနေအိမ်သို့ ဝင်ရောက်ရှာဖွေခဲ့ရာ ဇင်ကြီးနှင့် သိန်းဇံတို့နှစ်ဦးမှာ ဆိုင်ကယ်များအားထားပြီး ထွက်ပြေးတိမ်းရှောင်သွားသဖြင့် ဆိုင်ကယ်နှစ်စီးအား ရှာဖွေခဲ့ရာ စိတ်ကြွရူးသွပ်ဆေး ၅၄၇ ပြားကို ထပ်မံသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အဆိုပါ မူးယစ်ဆေးဝါးလက်ဝယ်တွေ့ရှိသူ သိန်းဦးအား သာစည်မြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်ထားပြီး ကွင်းဆက်တရားခံများဖြစ်သည့် ဇင်မျိုးလွင်(ခ)ဇင်ကြီးနှင့် သိန်းဇံတို့အား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သိန်းမြင့်ကျော်(မိတ္ထီလာ)**

## မြန်မာ့ရုပ်မြင်သံကြား

**၂၆-၇-၂၀၁၈ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၆း၀၀ | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၀၀ | Breakfast News |
| ၈း၄၀ | "မဟာဝံသမြတ်ဗုဒ္ဓ"(ပထမပိုင်း) |
| ၉း၂၀ | လှပစုံလင်အာဆီယံတစ်ခွင် |
| ၉း၄၀ | ASEAN Spotlight(36) |
| ၁၀း၃၀ | အလုပ်သမားရေးရာအစီအစဉ် |
| ၁၁း၀၀ | မြစ်မခမီဒီယာ "စာတတ်ဖို့ အသက်ရှည်ဖို့ ဝင်ငွေကောင်းဖို့" |
| ၁၁း၃၅ | ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ "သည်ဘက်ကကြည့်တော့အဖြူ ဟိုဘက်ကကြည့်တော့အမည်း" (ခင်စိုးပိုင်၊ ဒေါ်ခင်ခင်ကြီး၊ မသန်းသန်းဆင့်၊ဦးခင်မောင်ဆွေ၊ ဇွဲဟိန်း၊ ကလေးသရုပ်ဆောင်-ဟိန်း) (ဒါရိုက်တာ-သိမ်းစိုး (သီဟရတနာ)) |
| ၁၂း၃၀ | မြန်မာဇာတ်လမ်းတွဲ "ဇနီးချောများကွန်ရက်" (အပိုင်း-၁၈) (ဖိုးသောကြာ၊ မေဘရဏီသော်၊ စိုးပြည့်သဇင်၊ ကျော်ကျော်၊ မြနှင်းရည်လွင်၊ ခင်သဇင်၊ နေယံ၊ ဇေယျ) (ဒါရိုက်တာ-အောင်သြဘာ) |
| ၁၅း၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ" (အပိုင်း-၇၀) |

**ညပိုင်း**

| | |
|---|---|
| ၁၆း၃၅ | "နှစ်စဉ်နှစ်တိုင်းနွဲလို့ပျော် ပဲခွယ်ကုန်းမြို့ရဲ့ ဝါဆိုယမင်းပွဲတော်" |
| ၁၇း၀၅ | NHK အစီအစဉ် "ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သော အနာဂတ်ကားများ" |
| ၁၇း၃၅ | လူမှုစီးပွားမြင်ကွင်းများ |
| ၁၈း၃၅ | မျက်မှောက်ရေးရာအဖြာဖြာ |
| ၁၈း၅၅ | "CHOICE"(အပိုင်း-၇၄) |
| ၁၉း၁၅ | မြန်မာဇာတ်လမ်းတွဲ "ဇနီးချောများကွန်ရက်" (အပိုင်း-၁၉) (ဖိုးသောကြာ၊ မေဘရဏီသော်၊ စိုးပြည့်သဇင်၊ ကျော်ကျော်၊ မြနှင်းရည်လွင်၊ ခင်သဇင်၊ နေယံ၊ ဇေယျ) (ဒါရိုက်တာ-အောင်သြဘာ) |
| ၂၀း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၀း၃၅ | "မီးတစ်ပွင့်ရဲ့ရာဇဝင်"(အပိုင်း-၃) -Britain's Got Talent (5) - မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင် (အပိုင်း-၃) (ဒါရိုက်တာ-ကြည်စိုးထွန်း၊ မြင်စိုင်းသားအောင်အောင်) |
| | **- အစီအစဉ်ပြီး၏။** |

# မိုးကောင်းမြို့၌ ဆိုင်ကယ်စီးလူငယ်တစ်ဦး တံတားပလက်ဖောင်းအားတိုက်မိ၍ သေဆုံး

**မိုးကောင်း ဇူလိုင် ၂၅**

ကချင်ပြည်နယ် မိုးကောင်းမြို့၌ ဇူလိုင်၂၅ရက် နံနက်ပိုင်းက မော်တော်ဆိုင်ကယ် အရှိန်မထိန်းနိုင်ဘဲ မိုးကောင်းတံတားပလက်ဖောင်းအား တိုက်မိ၍ လူငယ်တစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၂၅ ရက် နံနက် ၁၂ နာရီ ၁၀ မိနစ်ခန့်က မိုးကောင်းမှ နမ္မတီးသို့ ပြည်ထောင်စုလမ်းမကြီးအတိုင်း ရေရှင်ကျေးရွာအုပ်စု စံပါရီကျေးရွာနေ မောင်ဘီဂျေး(၁၇)နှစ် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်သည် မိုးကောင်းတံတားအလယ်တွင် အရှိန်မထိန်းနိုင်ဘဲ တံတား၏ ယာဘက်ပလက်ဖောင်းအားတိုက်မိကာ တိမ်းမှောက်ပြီး ဒဏ်ရာများရသဖြင့် မိုးကောင်းမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစဉ် သေဆုံးခဲ့ကြောင်း သိရသည်။ **ဝင်းနိုင်(ကချင်မြေ)**

# သက်ငယ်မုဒိမ်းမှုပပျောက်ရေးနှင့် မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး ဟောပြော

**ရန်ကုန် ဇူလိုင် ၂၅**

မရမ်းကုန်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးအောင်သည် မရမ်းကုန်းမြို့နယ် (၂)ရပ်ကွက်ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ဇူလိုင် ၂၄ ရက်က သက်ငယ်မုဒိမ်းမှုပပျောက်ရေးနှင့် မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး ပညာပေးဟောပြောဆွေးနွေးရာ ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၃၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဇာနည်မောင်**

**စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး- GDP**
**(နှစ်အလိုက်ဈေးနှုန်း)**

(ကျပ်ဘီလီယံ)




ဓာတ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန
ဗဟိုစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနစ်မှစုစည်းတင်ပြပါသည်။

# ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းဥပဒေကြမ်း

ပြည်သူများသိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

**ယမန်နေ့မှအဆက်**

ပူးတွဲ (၂)

**၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း**
**ကဏ္ဍများအလိုက်စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်**
**(၂၀၁၅–၂၀၁၆ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းအရ)**

**(တန်ဖိုး–ကျပ်သန်း)**

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
|---|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | | **ထုတ်လုပ်မှုတန်ဖိုး** | **၄၉၇၈၀၅၆၃.၂** | **၅၉.၃** | **၅.၆** | **၅၃၁၃၂၃၈၈.၃** | **၅၈.၉** | **၆.၇** |
| | ၁ | လယ်ယာ | ၁၃၅၄၃၁၇၄.၆ | ၁၆.၁ | ၁.၇ | ၁၃၈၆၂၇၈၈.၈ | ၁၅.၄ | ၂.၄ |
| | ၂ | သားငါး | ၆၅၂၀၇၄၇.၂ | ၇.၈ | ၂.၆ | ၆၇၇၉၅၆၆.၇ | ၇.၅ | ၄.၀ |
| | ၃ | သစ်တော | ၆၇၇၈၈.၂ | ၀.၁ | ၂၂.၃ | ၆၈၅၆၀.၃ | ၀.၁ | ၁.၁ |
| | ၄ | စွမ်းအင် | ၃၁၆၄၄၉၉.၁ | ၃.၈ | ၀.၆ | ၃၂၅၆၆၃၇.၁ | ၃.၆ | ၂.၉ |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၈၀၂၂၆၉.၂ | ၀.၉ | -၂.၅ | ၈၆၂၀၄၈.၅ | ၀.၉ | ၇.၅ |
| | ၆ | စက်မှုလက်မှု | ၁၉၁၁၁၉၉၇.၀ | ၂၂.၈ | ၉.၉ | ၂၁၂၄၃၂၃၉.၄ | ၂၃.၅ | ၁၁.၂ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၁၂၈၂၄၇၇.၁ | ၁.၅ | ၁၀.၆ | ၁၃၁၉၅၂၈.၂ | ၁.၅ | ၂.၉ |
| | ၈ | ဆောက်လုပ်မှု | ၅၂၈၇၆၀၀.၈ | ၆.၃ | ၇.၄ | ၅၇၄၀၀၁၉.၃ | ၆.၄ | ၈.၆ |
| ၂ | | **ဝန်ဆောင်မှုတန်ဖိုး** | **၁၇၆၅၀၆၃၄.၇** | **၂၁.၀** | **၈.၃** | **၁၉၃၆၉၂၂၄.၇** | **၂၁.၄** | **၉.၇** |
| | ၁ | ပို့ဆောင်ရေး | ၉၈၉၇၄၈၅.၆ | ၁၁.၈ | ၇.၉ | ၁၀၇၇၄၁၇၃.၂ | ၁၁.၉ | ၈.၉ |
| | ၂ | ဆက်သွယ်ရေး | ၂၀၀၇၁၁၆.၅ | ၂.၄ | ၁၁.၉ | ၂၃၀၇၄၅၄.၆ | ၂.၅ | ၁၅.၀ |
| | ၃ | ငွေရေးကြေးရေး | ၃၀၆၀၆၂.၂ | ၀.၄ | ၁၅.၆ | ၃၃၃၆၀၆.၄ | ၀.၄ | ၉.၀ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၂၉၇၀၄၆၄.၅ | ၃.၅ | ၃.၉ | ၃၁၈၈၁၄၃.၉ | ၃.၅ | ၇.၃ |
| | ၅ | အခြားဝန်ဆောင်မှု | ၂၄၆၉၅၀၅.၉ | ၂.၉ | ၁၁.၉ | ၂၇၆၅၈၄၆.၆ | ၃.၁ | ၁၂.၀ |
| ၃ | | **ကုန်သွယ်မှုတန်ဖိုး** | **၁၆၄၉၄၂၅၇.၃** | **၁၉.၇** | **၇.၆** | **၁၇၇၆၈၃၈၀.၇** | **၁၉.၇** | **၇.၇** |
| ၄ | | **စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)** | **၈၃၉၂၆၄၅၅.၂** | **၁၀၀.၀** | **၆.၅** | **၉၀၂၆၉၉၉၃.၇** | **၁၀၀.၀** | **၇.၆** |

ပူးတွဲ (၃)

**၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း**
**တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်**
**(၂၀၁၅–၂၀၁၆ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းအရ)**

**(တန်ဖိုး–ကျပ်သန်း)**

| အမှတ်စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | ကချင်ပြည်နယ် | ၁၅၄၉၅၅၄.၁ | ၁.၉ | ၃.၉ | ၁၆၉၄၁၇၂.၉ | ၁.၉ | ၉.၃ |
| ၂ | ကယားပြည်နယ် | ၂၈၆၂၁၄.၀ | ၀.၃ | ၂.၁ | ၃၁၀၀၈၀.၃ | ၀.၃ | ၈.၃ |
| ၃ | ကရင်ပြည်နယ် | ၁၅၀၁၈၉၀.၄ | ၁.၈ | ၈.၂ | ၁၆၁၃၇၉၀.၆ | ၁.၈ | ၇.၅ |
| ၄ | ချင်းပြည်နယ် | ၃၄၇၀၂၁.၄ | ၀.၄ | ၄.၃ | ၃၇၂၃၇၀.၂ | ၀.၄ | ၇.၃ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၀၀၁၁၁၆၄.၁ | ၁၁.၉ | ၈.၃ | ၁၀၇၄၀၉၂၆.၄ | ၁၁.၉ | ၇.၃ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၃၄၅၉၀၆၀.၆ | ၄.၁ | ၂.၁ | ၃၆၁၄၉၀၉.၅ | ၄.၀ | ၄.၅ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၆၈၃၀၃၀၅.၉ | ၈.၁ | ၆.၁ | ၇၃၆၂၈၀၇.၀ | ၈.၁ | ၇.၈ |
| ၈ | မကွေးတိုင်းဒေသကြီး | ၇၀၆၃၉၉၃.၈ | ၈.၄ | ၁.၀ | ၇၄၈၆၄၉၅.၁ | ၈.၃ | ၆.၀ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၉၀၃၇၅၄၉.၇ | ၁၀.၈ | ၇.၅ | ၉၇၇၁၇၈၆.၂ | ၁၀.၈ | ၈.၁ |
| ၁၀ | မွန်ပြည်နယ် | ၃၄၃၇၃၂၅.၁ | ၄.၁ | ၇.၆ | ၃၆၆၂၉၇၉.၂ | ၄.၁ | ၆.၆ |
| ၁၁ | ရခိုင်ပြည်နယ် | ၃၈၁၃၃၇၂.၆ | ၄.၆ | ၁၀.၀ | ၃၉၂၃၆၄၆.၇ | ၄.၄ | ၂.၉ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၂၀၃၈၉၁၄၁.၀ | ၂၄.၃ | ၉.၁ | ၂၂၃၈၇၁၂၅.၃ | ၂၄.၈ | ၉.၈ |
| ၁၃ | ရှမ်းပြည်နယ် | ၄၈၅၃၅၉၅.၆ | ၅.၈ | ၄.၆ | ၅၂၁၆၂၁၀.၁ | ၅.၈ | ၇.၅ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၉၅၁၈၈၉၁.၇ | ၁၁.၃ | ၄.၆ | ၁၀၁၀၉၉၇၁.၆ | ၁၁.၂ | ၆.၂ |
| ၁၅ | နေပြည်တော်ကောင်စီနယ်မြေ | ၁၈၂၇၃၇၅.၂ | ၂.၂ | ၅.၂ | ၂၀၀၂၇၀၂.၆ | ၂.၂ | ၉.၆ |

ပူးတွဲ (၄)

**၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း**
**ကဏ္ဍကြီးများအလိုက်စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်**
**(နှစ်အလိုက် ဈေးနှုန်းအရ)**

**(တန်ဖိုး–ကျပ်သန်း)**

| အမှတ်စဉ် | | ကဏ္ဍကြီး/ကဏ္ဍ | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | | **လယ်ယာကဏ္ဍကြီး** | **၂၁၆၈၃၄၀၆.၁** | **၂၃.၀** | **၂၃၂၃၄၃၅၆.၈** | **၂၁.၉** | **၇.၂** |
| | ၁ | လယ်ယာ | ၁၄၃၄၀၂၁၆.၆ | ၁၅.၂ | ၁၅၁၁၇၄၈၁.၇ | ၁၄.၂ | ၅.၄ |
| | ၂ | သားငါး | ၇၂၇၀၅၉၃.၅ | ၇.၇ | ၈၀၃၆၂၉၂.၂ | ၇.၆ | ၁၀.၅ |
| | ၃ | သစ်တော | ၇၂၅၉၆.၀ | ၀.၁ | ၈၀၅၈၂.၉ | ၀.၁ | ၁၁.၀ |
| ၂ | | **စက်မှုကဏ္ဍကြီး** | **၃၄၃၁၂၆၇၁.၁** | **၃၆.၄** | **၃၉၅၄၇၂၄၀.၈** | **၃၇.၃** | **၁၅.၃** |
| | ၁ | စွမ်းအင် | ၃၆၀၅၇၈၇.၉ | ၃.၈ | ၃၈၅၂၆၀၇.၇ | ၃.၆ | ၆.၈ |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၈၆၄၃၄၉.၂ | ၀.၉ | ၉၆၆၀၉၇.၁ | ၀.၉ | ၁၁.၈ |
| | ၃ | စက်မှုလက်မှု | ၂၂၅၄၃၉၂.၆ | ၂၃.၉ | ၂၆၅၂၂၁၀၉.၁ | ၂၅.၀ | ၁၇.၆ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၁၂၉၆၆၉၉.၁ | ၁.၄ | ၁၃၃၃၃၈၂.၁ | ၁.၃ | ၂.၈ |
| | ၅ | ဆောက်လုပ်မှု | ၆၀၀၁၉၁၃.၃ | ၆.၄ | ၆၈၇၃၀၃၄.၈ | ၆.၅ | ၁၄.၅ |
| ၃ | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၃၈၂၇၅၁၁၁.၉** | **၄၀.၆** | **၄၃၃၁၄၇၃၈.၂** | **၄၀.၈** | **၁၃.၂** |
| | ၁ | ပို့ဆောင်ရေး | ၁၀၃၄၆၄၇၁.၅ | ၁၁.၀ | ၁၁၄၉၁၇၇၃.၄ | ၁၀.၈ | ၁၁.၁ |
| | ၂ | ဆက်သွယ်ရေး | ၁၈၉၁၂၁၁.၄ | ၂.၀ | ၂၃၀၇၄၅၄.၆ | ၂.၂ | ၂၂.၀ |
| | ၃ | ငွေရေးကြေးရေး | ၃၀၆၀၆၂.၂ | ၀.၃ | ၃၃၃၆၀၆.၄ | ၀.၃ | ၉.၀ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၃၂၁၉၈၂၂.၆ | ၃.၄ | ၃၆၁၁၅၈၀.၂ | ၃.၄ | ၁၂.၂ |
| | ၅ | အခြားဝန်ဆောင်မှု | ၂၉၂၁၉၄၀.၀ | ၃.၁ | ၃၄၃၄၉၆၆.၇ | ၃.၂ | ၁၇.၆ |
| | ၆ | ကုန်သွယ်မှု | ၁၉၅၈၉၆၀၄.၂ | ၂၀.၈ | ၂၂၁၃၅၃၅၆.၉ | ၂၀.၉ | ၁၃.၀ |
| ၄ | | **စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)** | **၉၄၂၇၁၁၈၉.၁** | **၁၀၀.၀** | **၁၀၆၀၉၆၃၃၅.၈** | **၁၀၀.၀** | **၁၂.၅** |

ပူးတွဲ (၅)

**၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း**
**ကဏ္ဍအလိုက်စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်**
**(နှစ်အလိုက် ဈေးနှုန်းအရ)**

**(တန်ဖိုး–ကျပ်သန်း)**

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | | **ထုတ်လုပ်မှုတန်ဖိုး** | **၅၅၉၉၆၀၇၇.၂** | **၅၉.၄** | **၆၂၇၈၁၅၉၇.၆** | **၅၉.၂** | **၁၂.၁** |
| | ၁ | လယ်ယာ | ၁၄၃၄၀၂၁၆.၆ | ၁၅.၂ | ၁၅၁၁၇၄၈၁.၇ | ၁၄.၂ | ၅.၄ |
| | ၂ | သားငါး | ၇၂၇၀၅၉၃.၅ | ၇.၇ | ၈၀၃၆၂၉၂.၂ | ၇.၆ | ၁၀.၅ |
| | ၃ | သစ်တော | ၇၂၅၉၆.၀ | ၀.၁ | ၈၀၅၈၂.၉ | ၀.၁ | ၁၁.၀ |
| | ၄ | စွမ်းအင် | ၃၆၀၅၇၈၇.၉ | ၃.၈ | ၃၈၅၂၆၀၇.၇ | ၃.၆ | ၆.၈ |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၈၆၄၃၄၉.၂ | ၀.၉ | ၉၆၆၀၉၇.၁ | ၀.၉ | ၁၁.၈ |
| | ၆ | စက်မှုလက်မှု | ၂၂၅၄၃၉၂.၆ | ၂၃.၉ | ၂၆၅၂၂၁၀၉.၁ | ၂၅.၀ | ၁၇.၆ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၁၂၉၆၆၉၉.၁ | ၁.၄ | ၁၃၃၃၃၈၂.၁ | ၁.၃ | ၂.၈ |
| | ၈ | ဆောက်လုပ်မှု | ၆၀၀၁၉၁၃.၃ | ၆.၄ | ၆၈၇၃၀၃၄.၈ | ၆.၅ | ၁၄.၅ |
| ၂ | | **ဝန်ဆောင်မှုတန်ဖိုး** | **၁၈၆၈၅၅၀၇.၇** | **၁၉.၈** | **၂၁၁၇၉၃၈၁.၃** | **၁၉.၉** | **၁၃.၃** |
| | ၁ | ပို့ဆောင်ရေး | ၁၀၃၄၆၄၇၁.၅ | ၁၁.၀ | ၁၁၄၉၁၇၇၃.၄ | ၁၀.၈ | ၁၁.၁ |
| | ၂ | ဆက်သွယ်ရေး | ၁၈၉၁၂၁၁.၄ | ၂.၀ | ၂၃၀၇၄၅၄.၆ | ၂.၂ | ၂၂.၀ |
| | ၃ | ငွေရေးကြေးရေး | ၃၀၆၀၆၂.၂ | ၀.၃ | ၃၃၃၆၀၆.၄ | ၀.၃ | ၉.၀ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၃၂၁၉၈၂၂.၆ | ၃.၄ | ၃၆၁၁၅၈၀.၂ | ၃.၄ | ၁၂.၂ |
| | ၅ | အခြားဝန်ဆောင်မှု | ၂၉၂၁၉၄၀.၀ | ၃.၁ | ၃၄၃၄၉၆၆.၇ | ၃.၂ | ၁၇.၆ |
| ၃ | | **ကုန်သွယ်မှုတန်ဖိုး** | **၁၉၅၈၉၆၀၄.၂** | **၂၀.၈** | **၂၂၁၃၅၃၅၆.၉** | **၂၀.၉** | **၁၃.၀** |
| ၄ | | **စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)** | **၉၄၂၇၁၁၈၉.၁** | **၁၀၀.၀** | **၁၀၆၀၉၆၃၃၅.၈** | **၁၀၀.၀** | **၁၂.၅** |

ပူးတွဲ (၆)

**၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း**
**တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်**
**(နှစ်အလိုက် ဈေးနှုန်းအရ)**

**(တန်ဖိုး–ကျပ်သန်း)**

| အမှတ်စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | ကချင်ပြည်နယ် | ၁၇၃၃၅၆၀.၉ | ၁.၉ | ၁၉၈၄၈၁၆.၄ | ၁.၉ | ၁၄.၅ |
| ၂ | ကယားပြည်နယ် | ၃၁၆၇၄၁.၈ | ၀.၃ | ၃၆၀၁၂၈.၄ | ၀.၃ | ၁၃.၇ |
| ၃ | ကရင်ပြည်နယ် | ၁၆၈၄၀၈၆.၇ | ၁.၈ | ၁၈၈၆၃၀၄.၃ | ၁.၈ | ၁၂.၀ |
| ၄ | ချင်းပြည်နယ် | ၃၈၇၆၁၅.၂ | ၀.၄ | ၄၃၆၆၅၃.၄ | ၀.၄ | ၁၂.၇ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၁၂၀၉၆၇၃.၉ | ၁၁.၉ | ၁၂၆၆၆၃၀၉.၅ | ၁၁.၉ | ၁၃.၀ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၃၉၅၁၇၉၂.၇ | ၄.၂ | ၄၃၁၁၈၃၅.၃ | ၄.၁ | ၉.၁ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၇၆၆၂၉၂၈.၀ | ၈.၁ | ၈၅၇၂၃၁၆.၃ | ၈.၁ | ၁၁.၉ |
| ၈ | မကွေးတိုင်းဒေသကြီး | ၇၇၇၁၇၆၇.၆ | ၈.၃ | ၈၆၄၅၈၇၃.၆ | ၈.၂ | ၁၁.၂ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၁၀၁၁၄၈၄၆.၄ | ၁၀.၇ | ၁၁၄၂၁၄၀၃.၈ | ၁၀.၈ | ၁၂.၉ |
| ၁၀ | မွန်ပြည်နယ် | ၃၇၈၆၈၂၂.၀ | ၄.၀ | ၄၁၈၈၂၉၁.၁ | ၃.၉ | ၁၀.၆ |
| ၁၁ | ရခိုင်ပြည်နယ် | ၄၂၅၇၈၀၅.၈ | ၄.၅ | ၄၄၃၁၂၉၈.၁ | ၄.၂ | ၄.၁ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၂၃၄၆၄၁၄၈.၅ | ၂၄.၉ | ၂၇၁၄၂၉၀၇.၄ | ၂၅.၆ | ၁၅.၇ |
| ၁၃ | ရှမ်းပြည်နယ် | ၅၄၈၄၈၀၇.၆ | ၅.၈ | ၆၁၈၅၃၉၂.၂ | ၅.၈ | ၁၂.၈ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၁၀၄၄၁၅၆၉.၄ | ၁၁.၁ | ၁၁၅၈၃၁၆၀.၆ | ၁၀.၉ | ၁၀.၉ |
| ၁၅ | နေပြည်တော်ကောင်စီနယ်မြေ | ၂၀၀၃၀၁၂.၆ | ၂.၁ | ၂၂၇၉၆၄၅.၄ | ၂.၁ | ၁၃.၈ |

ပူးတွဲ (၇)

**၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း**
**ပိုင်ဆိုင်မှုအခန်းအလိုက် ရင်းနှီးမြှုပ်နှံမှုလျာထားချက်**

| အမှတ်စဉ် | အကြောင်းအရာ | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) တန်ဖိုး (ကျပ်သန်း) | ပါဝင်မှု (ရာခိုင်နှုန်း) | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) တန်ဖိုး (ကျပ်သန်း) | ပါဝင်မှု (ရာခိုင်နှုန်း) |
|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | နိုင်ငံပိုင် | ၇၂၁၉၀၇၇.၂ | ၂၄.၄ | ၈၄၇၆၃၂၀.၉ | ၂၅.၄ |
| ၂ | သမဝါယမပိုင် | ၃၉၈၄.၄ | ၀.၀၁ | ၄၆၆၀.၃ | ၀.၀၁ |
| ၃ | ပုဂ္ဂလိကပိုင် | ၂၂၄၀၅၂၆၀.၅ | ၇၅.၆ | ၂၄၈၆၅၀၉၆.၁ | ၇၄.၆ |
| | **စုစုပေါင်း** | **၂၉၆၂၈၃၂၃.၁** | **၁၀၀.၀** | **၃၃၃၄၆၀၇၈.၃** | **၁၀၀.၀** |

# မသန်စွမ်းသူတို့အား ခြေတုလက်တုများကို ဩဂုတ် ၁၇ ရက်အထိ အခမဲ့တပ်ဆင်ပေးသွားမည်

**ရန်ကုန် ဇူလိုင် ၂၅**

အိန္ဒိယသမ္မတနိုင်ငံအစိုးရ၏ ကူညီပံ့ပိုးမှုဖြင့် အိန္ဒိယနိုင်ငံ Jaipur မြို့ရှိ BMVSS (JAIPUR FOOT)အဖွဲ့နှင့် ဦးနု-ဒေါ်မြရီဖောင်ဒေးရှင်းတို့ ပူးပေါင်းပြီး ဒုတိယအကြိမ် ခြေတုလက်တုအခမဲ့တပ်ဆင်ရေးစခန်းကို ဇူလိုင် ၁၈ ရက်က ရန်ကုန်မြို့ တောင်ဒဂုံမြို့နယ် ပိဋကတ်သုံးပုံနိကာယ စာသင်တိုက်၌ ဖွင့်လှစ်ခဲ့ပြီး ခြေတုလက်တု တပ်ဆင်ခြင်းကို ဩဂုတ် ၁၇ ရက်ထိ လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။



"ကျွန်မက အိန္ဒိယနိုင်ငံမှာ နှစ်ပေါင်း ၃၀ ကျော် နေခဲ့တယ်။ ၁၉၇၇ ခုနှစ်မှာ အိန္ဒိယနိုင်ငံ Jaipur Foot ခြေတုလက်တုတပ်ဆင်ခြင်းအကြောင်းကို ရုပ်သံတစ်ခုမှာ ကြည့်ခဲ့ရတယ်။ မြန်မာနိုင်ငံကိုပြန်ရင် တပ်ပေးမယ်ဆိုပြီး ၁၉၇၇ ခုနှစ်ကတည်းက စိတ်ကူးခဲ့တာပါ။ ခြေတုလက်တု တပ်ဆင်ချင်တယ်ဆိုရင် အဓိကကတော့ နာမည်၊ အသက်၊ မှတ်ပုံတင်ရှိရင်လည်း မှတ်ပုံတင်အမှတ်၊ ဘယ်အရပ်ဒေသမှာ နေတယ်၊ ဖုန်းနံပါတ်လည်း လိုပါတယ်။ ဘယ်ခြေထောက်လား၊ ညာခြေထောက်လား၊ ဒူးအထက်လား၊ ဒူးအောက်လားဆိုတာ အရေးကြီးပါတယ်။ ဒူးအထက်က တပ်ရတာ နည်းနည်းခက်တယ်။ ဒူးအောက်က လွယ်တယ်။ ခြေတုလက်တု လာတပ်သူတွေထဲမှာ မိုင်းထိတဲ့သူတွေ များတယ်။ ဆီးချိုကြောင့် ဖြတ်လိုက်ရတဲ့ လူတွေလည်းပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့ဘက်က လူတွေလာကြတယ်။ ဧရာဝတီတိုင်းဒေသကြီးက အများဆုံး လာတာတွေ့ရတယ်။ ခြေတုလက်တုတပ်ထားရင် သုံးနှစ် အာမခံပါတယ်။ အခုလို တပ်ဆင်ပေးရတဲ့အတွက် အတိုင်းမသိ ဝမ်းသာပါတယ်" ဟု ဦးနု-ဒေါ်မြရီ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်သန်းသန်းနုက ပြောသည်။

"ခြေတုလက်တုတပ်တာကို နေ့ချင်းပြီးဆောင်ရွက်ပေးပါတယ်။ အိန္ဒိယနိုင်ငံ Jaipur မြို့ကလာတဲ့ ကျွမ်းကျင်ပညာရှင်တွေနဲ့ ကျွန်တော်တို့ပူးပေါင်းပြီး လုပ်ပါတယ်။ မသန်စွမ်းသူ ခြေထောက်၊ လက်အနေအထားအပေါ် မူတည်ပြီး တပ်ဆင်ပေးတာဖြစ်ပါတယ်။ မနှစ်က မသန်စွမ်းသူ ၃၃၀ ကို တပ်ဆင်ပေးပါတယ်။ ဒီနှစ်မှာတော့ မသန်စွမ်းသူ ၅၀၀ ကို တပ်ဆင်ပေးဖို့ စီစဉ်ထားပါတယ်။ ဒီကြားထဲမှာ အကြောင်းအမျိုးမျိုးကြောင့် မလာနိုင်တဲ့ လူတွေ ငါးဦးလောက်ရှိပါတယ်။ ဇူလိုင် ၁၇ ရက်က ဖွင့်ပွဲနေ့အတွက်ပြဖို့ မသန်စွမ်းသူငါးဦးကို တပ်ပေးတယ်။ ဇူလိုင် ၁၈ ရက် ဖွင့်ပွဲပြီးလို့ အချိန်ပိုတော့ ငါးဦး ထပ်ပြီး တပ်ပေးတယ်။ ဇူလိုင် ၁၉ ရက်ကစပြီး တစ်နေ့ကို ၁၅ ဦးနှုန်းနဲ့ ကျွန်တော်တို့ တပ်ဆင်ပေးနေပါတယ်။ ဒီနေ့ဆိုရင် ၁၈ ဦးလောက် ဖြစ်သွားပါပြီ။ နယ်ဝေးကလာတဲ့လူနာပဲဖြစ်ဖြစ်၊ စောရောက်လာတဲ့ လူနာပဲဖြစ်ဖြစ် လူနာရောက်လာတဲ့ အခြေအနေအပေါ် မူတည်ပြီးတော့ တပ်ပေးတာပါ။ ဦးနု-ဒေါ်မြရီ ဖောင်ဒေးရှင်းကနေ မသန်စွမ်းသူတွေကို ခြေတုလက်တုတွေ အခမဲ့တပ်ဆင်ပေးတဲ့အတွက် ကျွန်တော်တို့လည်း ပရဟိတလုပ်ရတာ ဝမ်းသာပီတိ ဖြစ်ရပါတယ်" ဟု ဦးနု-ဒေါ်မြရီ ဖောင်ဒေးရှင်းမှ အုပ်ချုပ်ရေးမှူး ဦးစိုးလွင်က ပြောသည်။

Shree Bhagwan Mahaveer Viklang Sahayata Samiti (BMVSS) သည် အိန္ဒိယနိုင်ငံနှင့် ကမ္ဘာတစ်ဝန်းရှိ မသန်စွမ်းသူ ၁ ဒသမ ၇၁ သန်းအား ကူညီခဲ့ကြောင်း သိရသည်။ BMVSS သည် အိန္ဒိယနိုင်ငံအပြင် အာရှ၊ အာဖရိကနှင့် လက်တင်အမေရိကရှိ နိုင်ငံ ၂၉ နိုင်ငံတွင် နိုင်ငံတကာစခန်းပေါင်း ၆၇ ခု တည်ထောင်ခဲ့ပြီး ယခုမြန်မာနိုင်ငံမှ စခန်းသည် BMVSS ၏ ၆၈ ခု မြောက် စခန်းဖြစ်သည်။ မြန်မာနိုင်ငံတွင်BMVSS (JAIPUR FOOT)အဖွဲ့နှင့် ဦးနု-ဒေါ်မြရီဖောင်ဒေးရှင်းတို့ ပူးပေါင်းပြီး၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်မှ မတ်လ ပထမပတ်အထိ ပထမအကြိမ်အဖြစ် မသန်စွမ်းသူ ၃၃၀ ကို ခြေတုလက်တု အခမဲ့တပ်ဆင်ပေးခဲ့ကြောင်း သိရသည်။

**သတင်း- မီမီဖြိုး၊ ဓာတ်ပုံ-လှမိုး**

# သဘာဝသစ်တောများကို ထိန်းသိမ်းရင်း ခရီးသွားလုပ်ငန်းဖော်ဆောင်နေသည့် လွယ်ခေါ်ရွာ

ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ်ရှိ နာမည်ကျော် အင်းလေးကန်၏ ရေမျက်နှာပြင်အထက် ပေ ၄၀၀၀ ကျော်တွင်ရှိသည့် လွယ်ခေါ်ကျေးရွာသည် စိမ်းစိုနေသည့် သစ်တောစိုက်ခင်းများ၊ သဘာဝပေါက်ပင်များကြား တည်ရှိနေသည်မှာ မြင်ရသူခရီးသွားများ၏ စိတ်ကို ကြည်နူးစရာပင်။

ယခုကဲ့သို့ စိမ်းစိုလှပတဲ့ သဘာဝတရားကို ပိုင်ဆိုင်ခွင့်ရခဲ့ခြင်းသည် "ဘိုးဘွားတွေရဲ့ အမြော်အမြင်ကြီးမားစွာနဲ့ သစ်ခုတ်တာနဲ့ပတ်သက်ပြီး ချမှတ်ခဲ့တဲ့ စည်းကမ်းတွေကြောင့်ပေါ့ဗျာ" ဟု လွယ်ခေါ်ကျေးရွာ အုပ်စုမှာ ပါဝင်သည့် ကျောင်းနားရွာသား ပအိုဝ်းတိုင်းရင်းသား ဦးခွန်ညွန့်မောင်က ပြောပြသည်။

ကျောင်းနားရွာ၊ အလယ်ရွာ၊ ကုန်းပေါ်ရွာ၊ မြောက်ရွာစသည့် ပအိုဝ်းတိုင်းရင်းသားများ နေထိုင်သည့် ရွာများနှင့် အင်းတိုင်းရင်းသားများနေထိုင်ရာ အင်းသားရွာတို့ကို ပေါင်းစပ်စုဖွဲ့ထားသည့် လွယ်ခေါ်ရွာတွင် ယခုအခါ ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်းကို ဖော်ဆောင်လျက်ရှိသည်။

"ခရီးသွားလုပ်ငန်းက အဓိကအားဖြင့်တော့ ဒေသခံတွေကို ဝင်ငွေတွေတိုးလာစေချင်တာပါ။ သဘာဝပတ်ဝန်းကျင်မပျက်စီးဘဲ သဘာဝကိုအခြေခံတဲ့ ရေရှည်ခရီးသွားလုပ်ငန်းလည်း ဖွံ့ဖြိုးဖို့ ရည်ရွယ်ပါတယ်" ဟု ရှမ်းပြည်နယ် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ဦးထင်အောင်နိုင်က ပြောသည်။

အဆိုပါ ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်းကို ရှမ်းပြည်နယ် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ ရွှေကျွန်းမျှော ဟိုတယ်အုပ်စုနှင့် သစ်တောဌာနတို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး ဂျာမနီနိုင်ငံ GIZ အဖွဲ့အစည်းမှ နည်းပညာများ ပံ့ပိုးကူညီဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

"သစ်တောကို အမှီပြုပြီးတော့ ခရီးသွားလုပ်ငန်း အကောင်အထည်ဖော်လာကြတာဟာ သစ်တောထိန်းသိမ်းဖို့ အင်မတန်ကောင်းမွန်တဲ့ လုပ်ငန်းစဉ်ပဲလို့ ကျွန်တော်တော့ မြင်မိတယ်" ဟု ညောင်ရွှေမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်လှိုင်ဆွေက ပြောသည်။

ရှေးနှစ်ပေါင်းများစွာက ပအိုဝ်းတိုင်းရင်းသားများ အများဆုံးနေထိုင်ရာ လွယ်ခေါ်ရွာသည် ဘိုးဘွားအစဉ်အဆက် မိရိုးဖလာ ဂျုံစိုက်ပျိုးခြင်း၊ တောင်ယာစိုက်ပျိုးခြင်းလုပ်ငန်းကို လုပ်ကိုင်ခဲ့ရာမှ သနပ်ဖက်လုပ်ငန်းကို ပြောင်းလဲလုပ်ကိုင်လာခဲ့သည့်နောက် လောင်စာအတွက် အဓိကလိုအပ်သည့် ထင်းသုံးစွဲခြင်းကြောင့် သစ်တောပြုန်းတီးမှုမရှိစေရန် သစ်ပင်များကို စနစ်တကျ စိုက်ပျိုး၊ ခုတ်ယူသုံးစွဲခဲ့ကြောင်း သိရသည်။

ယခုအချိန်ထိတိုင်အောင် "တစ်အိမ်ထောင်လျှင် လေးပေပတ်လည် ထင်းတစ်ပုံ" စနစ်ကို ကျင့်သုံးကာ သစ်တောပြုန်းတီးမှုမရှိစေရန် တစ်နှစ်တာ ထင်းသုံးစွဲမှုကို စနစ်တကျ လုပ်ဆောင်နေသည်မှာလည်း ထိုရွာ၏ ထူးခြားချက်ပင်။

သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစား ကျဆင်းခြင်းမှ ကာဗွန်ထုတ်လွှတ်မှု အမှန်တကယ် လျှော့ချနိုင်သည့် ဖွံ့ဖြိုးဆဲနိုင်ငံများအား ကာဗွန်ထုတ်လွှတ်မှု လျှော့ချနိုင်သည့် ပမာဏအလိုက် ရန်ပုံငွေရရှိရန် ထောက်ပံ့ကူညီပေးသည့် UN-REDD Programme မှ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း၊ ထိခိုက်မှုနည်းသော သစ်ထုတ်ခြင်း၊ အဆင့်အတန်း နိမ့်ကျသော တောများအား ပြန်လည်ထူထောင်ခြင်းတို့ကို သစ်တောဦးစီးဌာနနှင့် ပူးပေါင်းကာ REDD+ အစီအစဉ်ကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်နေကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

ညောင်ရွှေမြို့နယ်ရှိ လွယ်ခေါ်ရွာတွင် အစုအဖွဲ့ပိုင် သစ်တော ၁၃၃၉ ဧက တည်ထောင်ထားရှိပြီး သစ်တောဦးစီးဌာနမှ အင်းလေးကန်တစ်ဝိုက် စိမ်းလန်းစိုပြည်ရေးအတွက် နှစ်စဉ်ပျိုးပင်ပေါင်း ခြောက်သောင်းနီးပါး ပျိုးထောင်ပေးနေကြောင်း သိရသည်။

"သနပ်ဖက်စိုက်ပျိုးသူတွေ ထင်းသုံးစွဲပေမယ့် ညောင်ရွှေမြို့နယ် သစ်တောကြိုးဝိုင်း၊ ကြိုးပြင် ၉၀ ရာခိုင်နှုန်းက မီးရသွားပြီ၊ ဘယ်သူမှ အလုပ်ရှုပ်ခံပြီး ထင်းမချိုးကြတော့ဘူး" ဟု ဒေသခံရွာသားတစ်ဦးက ပြောသည်။

ထို့ပြင် တောင်ယာအစား ထောပတ်၊ သရက် စသည့် နှစ်ရှည်အပင်များ၊ ဂေါ်ဖီ၊ မုန်လာ၊ ကြက်သွန် အစရှိသည့် ရာသီသီးနှံများကို စိုက်ပျိုးလာကြကြောင်း ဒေသခံများထံမှ သိရသည်။

အင်းလေးကန်သို့ လာရောက်လည်ပတ်သော ခရီးသွားဧည့်သည်များ၏ အနီးအနားပတ်ဝန်းကျင် တောင်ပေါ်ရွာများသို့ ခရီးရှည်ဖြတ်သန်းရာ လမ်းကြောင်းပေါ်တွင် တည်ရှိသည့် လွယ်ခေါ်ရွာလေးသည် ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်း မစတင်ကတည်းက နိုင်ငံခြားသားများ မကြာခဏဆိုသလို လာရောက်လည်ပတ်လေ့ရှိကြောင်း ဒေသခံများထံမှ သိရသည်။

"အရင်က ခဏဝင်နားရုံသက်သက်၊ အခုဆို သနပ်ဖက်လုပ်တာကြည့်မလား၊ ရိုးရာဂီတတွေ၊ အကအလှတွေ၊ ဆေးမသုံးတဲ့ သီးနှံတွေကို ကိုယ်တိုင်ချက်စားမလား၊ ဒေသခံတွေရဲ့ လူနေမှုဘဝတွေ၊ ရိုးရာအိမ်တွေ၊ နောက်ပြီး သဘာဝတောအုပ်ကြီးတွေ အဲဒါတွေကို ကိုယ်တိုင်ကိုယ်ကျ ခံစားခွင့်ရမယ်" ဟု ဒေသခံတစ်ဦးဖြစ်သူ ကျောင်းနားရွာသား ဦးခွန်ညွန့်မောင်က ပြောသည်။

လွယ်ခေါ်ရွာသို့ လာရောက်လည်ပတ်သည့် ခရီးသွားဦးရေသည် အောက်တိုဘာလမှ မတ်လအထိ များပြားသော်လည်း ဧပြီလမှ စက်တင်ဘာလအတွင်း ခရီးသည်ဝင်ရောက်မှု နည်းပါးကြောင်း ဒေသခံများထံမှ သိရသည်။

ပေ ၃၀၀၀ အောက်တွင် အင်တိုင်းတောများ၊ ပေ ၃၀၀၀ အထက်တွင် ထင်းရှူးတောများ ပေါက်ရောက်နေသည့် အေးမြသောလေထုနှင့်အတူ သဘာဝအလှအပများကို ခံစားနိုင်မည့် လွယ်ခေါ်ရွာသည် အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်ရုံးကကျင်းပသည့် Asean Community Based Tourism Award 2017 ဆုကို ၂၀၁၇ ခုနှစ်က ရရှိခဲ့ကြောင်း ရှမ်းပြည်နယ် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထင်အောင်နိုင်ထံမှ သိရသည်။

ရှမ်းပြည်နယ် ညောင်ရွှေမြို့အရှေ့ဘက် ညောင်ဖြူရွာမှ လွယ်ခေါ်ရွာ တောင်ပေါ်သို့ ကားဖြင့်သော်လည်းကောင်း၊ ခြေကျင်သော်လည်းကောင်း လာရောက်လည်ပတ်နိုင်သည့် ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်းကို ဖော်ဆောင်ပေးနေသည့် ရွှေကျွန်းမျှောဟိုတယ်အုပ်စုမှ မန်နေဂျာ ဦးခွန်ထွန်းဦးက "ဒေသခံတွေအနေနဲ့ သူတို့ထိန်းသိမ်းထားတဲ့ သစ်ပင်တွေအတွက် သူတို့ဂုဏ်ယူနေရမယ်၊ ခရီးသွားအများစုက သဘာဝဆန်တဲ့နေရာတွေကို ရှာဖွေနေကြတာ၊ သဘာဝကို ချစ်မြတ်နိုးတဲ့သူတွေဟာ သဘာဝတရားရှိရာနေရာတွေကို အရောက်လာကြမှာပါ" ဟု ပြောပြသည်။

**သတင်းဆောင်းပါး -သီသီမင်း၊ ဓာတ်ပုံ -WMT**




လွယ်ခေါ်ကျေးရွာ ဧည့်ဂေဟာကို တွေ့ရစဉ်။




# ကြေးမုံစာအုပ်စင် စာအုပ်အမြင် (မော်ကွန်း)

**ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)**

## ဖတ် မှတ် ကျင့်ကြံ လျှောက်ရာလမ်းမှန်သတိပဋ္ဌာန်



မိမိတို့အိမ်တွင် ဝေယျာဝစ္စလုပ်ရင်း၊ လုပ်ငန်းခွင်တွင် လုပ်ကိုင်နေရင်း ရရှိသော အချိန်တိုအတွင်း ဆင်ခြင်မှုဖြင့် တရားအသိတိုးစေရန်ရည်ရွယ်၍ စာရေးသူ သက်ဇော်ကို စီစဉ်သည့် ဖတ် မှတ် ကျင့်ကြံ လျှောက်ရာလမ်းမှန်သတိပဋ္ဌာန် စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ဒိဋ္ဌိဝိသုဒ္ဓိပညာစခန်းနဲ့တက်လှမ်းပုံ၊ သံဝေဂဉာဏ်ဖြစ်ပေါ်စေရန်လေ့လာခြင်း၊ မိမိပြုပြီး ပြုဆဲ ပြုလတ္တံ့ကုသိုလ်များကို ဝေဖန်ခြင်း၊ ရှစ်မျိုးသောအကြောင်းခံတရားတွေကြောင့် ဒိဋ္ဌိဖြစ်ပုံ၊ မဖြစ်မနေလုပ်ရမယ့် အကြောင်းကောင်း ဝိပဿနာ၊ အကြောင်းမှန်ရင် အကျိုးမှန်မယ်၊ သစ္စာလေးပါးမြင်နိုင်ဖို့ အရင်သိရမယ့်တရား၊ မလုပ်သင့်မလုပ်ထိုက်တဲ့အကုသိုလ်ကံ၊ မာနကြောင့် အောင်မြင်ပုံနဲ့ အောင်မြင်မှုကြောင့်ဖြစ်လာတဲ့မာနကြောင့် ကျရှုံးပုံ စသည့် အကြောင်းများကို ရေးသားထားသောကြောင့် ဘာသာရေးလေ့လာလိုက်စားသူများ ဖတ်ရှုသင့်သော စာအုပ်တစ်အုပ်ဖြစ်သည်။

**စာအုပ်ကို သစ္စာမဏ္ဍိုင်စာပေ၊ ရွှေတိဂုံတောင်ဘက်မုခ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း၀၁-၃၈၇၈၄၉ နှင့် ၀၉-၅၁၂၅၂၈၅တို့မှ တန်ဖိုးငွေကျပ် ၅၀၀၀ဖြင့် ဖြန့်ချိသည်။**


## အရာတော်ကမ်းက လွမ်းမပြေ



ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်မှ ၂၀၁၅ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုရ ဝတ္ထုတိုတတိယဆုရရှိသည့် ဇော်လွင်ဦး (ဟသ်ာတ) ၏ "အရာတော်ကမ်းက လွမ်းမပြေ" စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။ ယင်းစာအုပ်တွင် ၂၀၀၈ ခုနှစ် မေ ၂ ရက်နေ့တွင် ဖြစ်ပွားခဲ့သော နာဂစ်မုန်တိုင်းကြောင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသများတွင် ပျက်စီးဆုံးရှုံးမှုများနှင့် ထိတ်လန့်တုန်လှုပ်မှုများကို ကြုံတွေ့ခဲ့ရသော်လည်း ကိုယ့်အရပ်ကိုယ့်ဒေသကို စွန့်ခွာသွားခြင်းမရှိဘဲ လူသားအားမာန်နှင့်စုပေါင်း၍ ကြိုးစားထူထောင်ခဲ့ကြသည့်ပုံရိပ်များကို စာဖတ်သူရင်ထဲစွဲထင်စေရန် ရသမြောက်အောင် ရေးထားသည့်အတွက် စာဖတ်ပရိသတ်များ ဖတ်ရှုသင့်သည့်စာအုပ်တစ်အုပ်ဖြစ်ပါကြောင်း တိုက်တွန်းလိုက်ရပါသည်။

**စာအုပ်ကို အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း-၀၁ ၂၄၉၀၃၁၊ ၀၁ ၃၈၁၄၄၈၊ အမှတ် (တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း-၀၆၇-၃၄၁၄၆၈၁၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း-၀၂ ၃၀၁၈၆ နှင့် အမြို့မြို့ရှိစာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် အမှတ်-၅၂၉-၅၃၁၊ ကုန်သည်လမ်း၊ စာပေဗိမာန် အရောင်းဌာန ဖုန်း-၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈ တို့တွင် ဝယ်ယူသည်။**

## လျှို့ဝှက်ဖိုင် အမှတ် -၁




စုံထောက်နှင့် လျှို့ဝှက်သဲဖိုအကြောင်းအရာများကို ကြိုက်နှစ်သက်သူများအတွက် စာရေးသူ မောင်မောင်မြင့်အေးစီစဉ်ရေးသားသည့် လျှို့ဝှက်ဖိုင်စာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် လေဆန်ရွက်တိုက် အမှားစရိုက်နဲ့မိန်းကလေး၊ ဗူဒူနတ်ဘုရားပူဇော်ပွဲ၊ ဆင်အုပ်ကြီး ဦးဖိုးထိန်ပြောသော သမန်းကျားပုံပြင်၊ မကောင်းဆိုးဝါးမျက်နှာများ၊ ဝိညာဉ်များစံပျော်ရာအိမ်ကြီးမဟာများ၊ လူသတ်ခံရသော ယောက္ခမမိန်းမ သူ၏အမှု၊ ကျွန်တော့်ကို မနက်ဖြန်မှ ဖမ်းပါဆရာရယ်၊ ထူးဆန်းသောကျောက်ခဲလေးများ၊ ပြန်ပေး၊ ထူးထူးဆန်းဆန်း လူ့ဦးခေါင်းများ၊ ကိုယ်တွေ့ဖြစ်ရပ်ဆန်းများ စသည့် လျှို့ဝှက်အကြောင်းအရာများကို ရေးသားထားသည်။

**စာအုပ်ကိုဘုန်းရောင်စာပေ၊ တိုက်-၂၇၊ အခန်း-၁၂၊ ၅၂-လမ်း(အောက်)၊ မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်းကြား၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၆၀၀ဖြင့် ဖြန့်ချိသည်။**

## နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ၏ ၂၈ နှစ်တာခရီး



နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခဲ့မှုများကို သိရှိနိုင်ရန် စာရေးသူ မြင့်စိုး(နတလ)စီစဉ်သည့် နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ၂၈ နှစ်တာခရီးစာအုပ် ထွက်ရှိလာသည်။

နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ၏အစ အမှတ်တရမှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာနိုင်မည့်အပြင် နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်မှု၊ ရည်ရွယ်ချက်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ ဝန်ကြီးဌာနဖွဲ့စည်းခြင်းနှင့် အဆင့်ဆင့်ပြောင်းလဲလာပုံတို့ကို လေ့လာသိရှိနိုင်မည်ဖြစ်သည်။ ထို့ပြင် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကြိုးပမ်းဆောင်ရွက်ချက်များ၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်အကြောင်း သိကောင်းစရာများနှင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် နိုင်ငံတကာအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ(INGO)နှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအကောင်အထည်ဖော်ဆောင်ရွက်မှုများနှင့် နယ်စပ်ဖွံ့ဖြိုးရေး၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးဆိုင်ရာ ဆောင်းပါးများ စသည့်အကြောင်းအရာများကို လေ့လာသိရှိနိုင်ရန် ရေးသားထားသည်။

**စာအုပ်ကို 'သန်းထိုက်ရတနာပုံနှိပ်တိုက်' အမှတ် ၈၄/၈၆၊ လမ်း-၅၀ (အလယ်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၉၈၆၇၄ မှ ဖြန့်ချိသည်။**

## စိတ်ပျော်အောင်နေ အသက်ရှည်နှင့် ကျန်းမာစွာ နေထိုင်နည်းများ




လူသားတိုင်း အသက်ရှည်ရှည်နေထိုင်လိုသောကြောင့် စာရေးသူ ကြည်လွင်မြင့် (မုဒြာ) စီစဉ်ရေးသားသည့် စိတ်ပျော်အောင်နေ အသက်ရှည်နှင့် ကျန်းမာစွာ နေထိုင်နည်းများ စာအုပ်ထွက်ရှိလာသည်။

အိုခြင်း၊ နာခြင်း၊ သေခြင်း သုံးပါးတွင် လူသတ္တဝါမှန်သမျှမကြုံရသူမရှိ၊ သို့သော် ရှေးဘဝဆုတောင်းကောင်းသည်ဟုဆိုရမည်လား၊ အိုခြင်း၊ သေခြင်းနှင့် မကင်းနိုင်၊ သို့သော်နာခြင်းကင်းသောသူများရှိကြသည်။ ဝေဒနာခံစားရခြင်းမရှိဘဲ ရုတ်တရက်သေဆုံးသွားကြသည်။ အသက်ရှည်ခြင်းနှင့် ကျန်းမာခြင်းသည် စိတ်နှင့်လည်းဆိုင်သည်။ စိတ်ကိုပျော်ရွှင်အောင်နေတတ်သူများသည် အသက်ရှည်ရှည်နေရသည်ကို တွေ့ရသည်။ စိတ်ပျော်ရွှင်နိုင်စေရန် ရုပ်ရှင်၊ ပြဇာတ်များကြည့်ရှုခြင်းသည် ရယ်မောစရာဟာသများပါဝင်သော ဇာတ်ကားများကို ကြည့်ခြင်းဖြင့် ရယ်မောစေနိုင်ကာ စိတ်ချမ်းသာမှုကို ရရှိစေသောကြောင့် အသက်ရှည်စေနိုင်ကြောင်း ရေးသားထားသည်။

**စာအုပ်ကို အလင်းသစ်စာပေ၊ အခန်း-၆၀၁၊ အမှတ်-၁၇/၁၉၊ ၅၂-လမ်း(အောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၈၇၀၃၈၄၈နှင့် ၀၉-၅၄၀၀၃၀၂တို့မှ တန်ဖိုးငွေကျပ် ၂၀၀၀ဖြင့် ဖြန့်ချိသည်။**

## မင်းမှုထမ်းလေး မောင်ရွှေတိုး



သတိုးလွင် (ပထဝီဝင်) ၏ မင်းမှုထမ်းလေး မောင်ရွှေတိုး စာအုပ်ကို ထုတ်ဝေဖြန့်ချိထားကြောင်း သိရသည်။

စာအုပ်တွင် အခန်းခုနစ်ခန်းပါဝင်ပြီး စာရေးသူ၏ ဘဝအတွေ့အကြုံများကို စီကုံးခြယ်သထားကာ နန်းတော်မြေသို့ ပထမဆုံး ခြေချမိခြင်း၊ နန်းတော်ဆီသို့ လာရာလမ်း၊ ဝန်ထမ်းအစဘဝကာလ ပထမဆုံး မင်းမှုထမ်းသည့်နေ့၊ လက်ဖျားအေးခဲ့ရသည့် အစည်းအဝေးခန်းမကြီး၊ တာဝန်မှူးလေး မောင်ရွှေတိုး၊ ရုတ်ခြည်းပြောင်းလဲသွားသော နိုင်ငံရေးမိုးလေဝသ၊ သမိုင်းတစ်ကွေ့ ပြောင်းသောနေ့ နန်းတော်ပေါ်မှ လမ်းပေါ်သို့ရောက်ခဲ့ရပြီ စသည့် အကြောင်းအရာများ ပါဝင်သည်။

**စာအုပ်ကို မြန်မာ့ခြေရာစာပေက တစ်အုပ်လျှင် တန်ဖိုးငွေကျပ် ၃၅၀၀ ထုတ်ဝေဖြန့်ချိထားကြောင်း သိရသည်။**

## မျက်မမြင်အိုထံမှ ပေးစာ




စာရေးသူကျော်လင်းဆွေ ဘာသာပြန်ဆိုရေးသားသည့် မျက်မမြင်အိုထံမှ ပေးစာနှင့် အခြားထိုင်းဝတ္ထုတိုများစာအုပ် ထွက်ရှိလာသည်။

တချို့က အသက်ရှင်ရေးအတွက် အခြေခံလိုအပ်ချက်များကိုသာလိုသည်။ သို့သော် ထိုအခြေခံလိုအပ်ချက်များကိုရရှိသော် တခြားအရာများကို ပို၍ပို၍ များပြားသောအရာများကို အတောမသတ်အောင် များပြားသောအရာများ ရရှိရေးအတွက် ရုန်းကန်ကြရသည်။ တစ်ခါတလေတော့လည်း အချစ်ဆိုတာ ဗလာစာရွက်တစ်ရွက်နဲ့တော့အတူသား၊ ဘာမှ ရေးထားစရာမလိုဘူးသူလေ၊ ကြမ်းတမ်းခက်ထန်သော ပင်လယ်ပြင်အလယ်မှ ဘဝဆိုသည်မှာပင်ပန်းခက်ခဲမှုကြောင့် လူငယ်ကလေးတစ်ယောက် ရဲရင့်လာ၊ သန်စွမ်းလာခြင်းမျိုးလည်း များစွာရှိခဲ့ကြောင်း ရေးသားထားသည်။

**စာအုပ်ကိုခြူးခြူးစာအုပ်တိုက်၊ အမှတ်-၇၀၊ ၃-လွှာ၊ သံတံတားလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၃၂၆၃၈နှင့်၀၉-၇၉၇၇၈၄၈၇၄ တို့မှ တန်ဖိုးငွေကျပ် ၁၈၀၀ဖြင့် ဖြန့်ချိသည်။**

## Microsoft Office Word 2016




ကွန်ပျူတာပညာကို လေ့လာလိုက်စားလိုသူများအတွက် စာရေးသူ Aung Myint (M.E., Australia) စီစဉ်သည့် Microsoft Office Word 2016 စာအုပ် ထွက်ရှိလာသည်။

Microsoft Office Word 2016 စာအုပ်တွင် စာဖတ်သူများရင်းနှီးသည့် function များ၊ feature များအပြင် new enhancement တချို့လည်း ပါဝင်သည်။ Word 2016 တွင်ထူးခြားသည့် text box တစ်ခုက Ribbon မှာရှိနေသည်ကို သတိပြုကြည့်သင့်ပါသည်။ help box တစ်ခုလို အကောင်းဆုံးအသုံးပြု၍ရသည့် new feature ပင်ဖြစ်သည်။ စာတမ်းပြုစုသည့်သူများအတွက် များစွာအသုံးဝင်ပြီး new feature တစ်ခုက document မှာ သင်္ချာညီမျှခြင်းများကို ရေးထည့်ချင်ပါက Word 2016 မှာ အလွန်လွယ်ကူသည်။ mouse နှင့်စာရေးပြီး Insert၊ Equation Ink Equation အမိန့်နှင့် ကြိုက်သည့်နေရာတွင် insert formula လုပ်လို့ရသည်။ One Drive တွင် အသိမိတ်ဆွေများဆီသို့ PDF ဖိုင်၊ email attachment (copy) ကို Word uae Share လုပ်သည့်အခါတွင်လည်း လွယ်ကူနိုင်စေရန် ရေးသားထားသည်။

**စာအုပ်ကို အောင်မြင်စာပေ၊ အမှတ်(၁) အောင်ဘာလေလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၅၄၁၇၄၅နှင့် ၀၁-၅၅၂၁၀၄တို့က တန်ဖိုးငွေကျပ် ၄၀၀၀ဖြင့် ဖြန့်ချိသည်။**

## ပြည်တွင်းရေးရာ

# စဉ့်ကိုင်မြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်း ပြုလုပ်

**စဉ့်ကိုင် ဇူလိုင် ၂၅**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ကြက်မျှားကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ယနေ့နံနက် ၉ နာရီခွဲက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဦးဆောင်ပြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ကျေးလက်ဒေသနှင့် သက်ဆိုင်သော ဌာနဆိုင်ရာများပူးပေါင်းပြီး ပြည်သူများနှင့် ဖွံ့ဖြိုးရေးစကားဝိုင်း ပြုလုပ်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်လင်းက လွှတ်တော်အတွင်း ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ဖွံ့ဖြိုးရေးအကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းဆွေက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပြည်သူတို့၏အခန်းကဏ္ဍများအကြောင်း၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်မာစန်း၊ မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းဝင်းနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စိုးစိုးတို့က ပြည်သူများအတွက် ဆောင်ရွက်ပေးလျက်ရှိသော ဌာနလုပ်ငန်းများအကြောင်းများကို ရှင်းလင်းပြောကြားကြပြီး မြို့နယ်သဘင်အစည်းအရုံးဥက္ကဋ္ဌ ဦးဝင်းမောင်က ပြည်သူများအနေဖြင့် ပြန်လည်မေးမြန်းဆွေးနွေးအကြံပြုရာတွင် ခေါင်းစဉ်နှင့် လွဲချော်မှုမရှိစေရေး ရှင်းလင်းပြောကြားသည်။

ထို့နောက် ဆွေးနွေးပွဲစကားဝိုင်းသို့ တက်ရောက်လာကြသည့် ကြက်မျှားကျေးရွာ၊ ကံသစ်ရွာ၊ မင်းတပ်ရွာ၊ ကြက်စမ့်ရွာ၊ ဆင်ဖြူကုန်းကျေးရွာတို့မှ ဒေသခံများက မိမိတို့ကျေးရွာများတွင် လိုအပ်လျက်ရှိသည့် စိုက်ပျိုးရေးကဏ္ဍများနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍများကို မေးမြန်းဆွေးနွေးကြရာ သက်ဆိုင်ရာဌာနများက ပြန်လည်ဖြေကြားပေးခဲ့ကြပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်လင်းက ဆွေးနွေးမှုများနှင့် ပတ်သက်၍ ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# သုံးခွမြို့နယ်၌ စားသုံးသူပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစေရေး ကွင်းဆင်းစစ်ဆေး

**သုံးခွ ဇူလိုင် ၂၅**

စားသုံးသူပြည်သူများ ဘေးအန္တရာယ် ကင်းရှင်းစေရေးနှင့် လုံခြုံစိတ်ချစေရေးအတွက် သုံးခွမြို့နယ် စားသုံးသူရေးရာဦးစီးဌာနမှူး ဦးကျော်စိုးနှင့် ဝန်ထမ်းများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့မဈေး ဈေးတာဝန်ခံ ဦးတင်ယုနှင့်အဖွဲ့တို့ ပူးပေါင်း၍ ဇူလိုင် ၂၅ ရက် နံနက် ၁၀ နာရီက သုံးခွမြို့ မြို့မဈေးအတွင်း ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်း သိရသည်။

"မြို့မဈေးအတွင်းရှိ ကုန်စုံဆိုင်တွေ၊ မုန့်ဈေးဆိုင်တွေကို စစ်ဆေးခဲ့ပါတယ်။ စစ်ဆေးတဲ့အခါမှာ ရက်လွန်အစားအစာတွေ၊ ရက်စွဲမပါတဲ့ အစားအစာတွေ မရောင်းချရေးကို မှာကြားခဲ့ပါတယ်။ ဒါက ဘာလို့လဲဆိုရင် စားသုံးသူပြည်သူတွေက အမှတ်တမဲ့ ဝယ်ယူစားသုံးကြလို့ အန္တရာယ်မဖြစ်ရအောင် လိုက်လံစစ်ဆေးပေးရတာ ဖြစ်ပါတယ်"ဟု မြို့နယ် စားသုံးသူရေးရာဦးစီးမှူးက ပြောသည်။

**ကြည်စိုးလွင်(သုံးခွ)**




**ပဲခူးခရိုင် အင်းတကော်မြို့ ချဉ်ပေါင်ကုန်းကျေးရွာတွင် အလင်းရောင်စီမံချက် One Stop Service ဖြင့် ဇူလိုင် ၂၂ ရက်က နေ့ချင်းပြီး မီတာများတပ်ဆင်ရန် ဆောင်ရွက်ပေးစဉ်။** သန့်ဇင်(ပဲခူး)



**နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် ဇေယျာသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇူလိုင် ၂၅ ရက်က ဥတ္တရခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ခင်မောင်သန်း သက်ငယ်မုဒိမ်းမှု လျော့နည်းကျဆင်းရေး၊ လူသတ်မှုလျော့နည်းရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မူးယစ်ဆေးဝါး ပပျောက်ရေးကိစ္စများ ဟောပြောစဉ်။**

ခွန်းဆက်နေ

**စာပေမြင့်မှ လူမျိုးတင့်မည်**

## ကြေညာချက်

၁။ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားပြီးဖြစ်သော ကုမ္ပဏီအားလုံး (စာရင်းရှင်းလင်းဖျက်သိမ်းပြီးသော ကုမ္ပဏီများမှအပ)သည် ၂၀၁၉ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နောက်ဆုံးထား၍ ပြန်လည်မှတ်ပုံတင်ရန် လိုအပ်ပါသည်။ ပြန်လည်မှတ်ပုံတင်ခြင်းနှင့် ပတ်သက်သည့်ပုံစံများကို ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ website (www.dica.gov.mm)တွင် ရယူကြည့်ရှုနိုင်ပါကြောင်းနှင့် ပြန်လည်မှတ်ပုံတင်ခြင်းကို မြန်မာကုမ္ပဏီအွန်လိုင်းမှတ်ပုံတင် (Myanmar Companies Online Registry-MyCO) www.myco.dica.gov.mmတွင် ၂၀၁၈ ခုနှစ် ဩဂုတ်လ ၁ ရက် နံနက် ၉ နာရီမှစတင်၍ ဆောင်ရွက်နိုင်ပါသည်။

၂။ ပြန်လည်မှတ်ပုံတင်ရာတွင် ပြောင်းလဲမှုများ ဆောင်ရွက်လိုသည့် ကုမ္ပဏီများသည် ၂၀၁၇ခုနှစ် မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဖြစ်စေရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်-

(က) ပြန်လည်မှတ်ပုံတင်ရာတွင် အစုရှယ်ယာဝင်အသစ်များ ပါဝင်ခြင်း (သို့မဟုတ်) တစ်ဦးတည်းအစုရှယ်ယာပိုင်ကုမ္ပဏီအဖြစ်သို့ ပြောင်းလဲခြင်းအတွက် အစုရှယ်ယာဝင်များ လက်မှတ်ရေးထိုးထားသည့် အစုရှယ်ယာပြောင်းလဲခြင်းပုံစံနှင့် ကုမ္ပဏီ၏အစုဝင် မှတ်ပုံတင်စာရင်း ရေးသွင်းခြင်းကို ပြန်လည်မှတ်ပုံတင်ခြင်းမပြုမီ နောက်ဆုံးအခြေအနေနှင့် ကိုက်ညီအောင် ဆောင်ရွက်ထားရန်။

(ခ) ပြန်လည်မှတ်ပုံတင်ရာတွင် ဒါရိုက်တာအသစ်များ ပါဝင်ခြင်း (သို့မဟုတ်) ဒါရိုက်တာတစ်ဦးတည်းရှိသည့် ကုမ္ပဏီအဖြစ်သို့ ပြောင်းလဲခြင်းအတွက် အစုရှယ်ယာဝင်များ၏ဆုံးဖြတ်ချက်ဖြင့် ဒါရိုက်တာအသစ်ခန့်အပ်ကြောင်းနှင့် ဒါရိုက်တာအသစ်များက မိမိတို့အားခန့်အပ်ခြင်းကို သဘောတူကြောင်း စာဖြင့် ရေးသားထားသည့် မှတ်တမ်း ရယူထားရှိ ဆောင်ရွက်ရန်။

(ဂ) ပြန်လည်မှတ်ပုံတင်ရာတွင် ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအသစ် (သို့မဟုတ်) စံပြုဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းဖြင့် ဆောင်ရွက်ခြင်းအတွက် အစုရှယ်ယာဝင်များ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းသစ်ကို ကျင့်သုံးကြောင်း အထူးဆုံးဖြတ်ချက်ရယူရန်။

၃။ ဒါရိုက်တာအဖွဲ့ဆုံးဖြတ်ချက်နှင့် အစုရှယ်ယာဝင်များ ဆုံးဖြတ်ချက်များကို ၂၀၁၇ခုနှစ်၊ မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေနှင့်အညီ အတည်ပြု၍ကုမ္ပဏီတွင် မှတ်တမ်းတင်ထားရှိရန် လိုအပ်ပါသည်။

၄။ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ၁၉၁၄ နှင့်အညီ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆောင်ရွက်ဆဲကုမ္ပဏီများသည် အဆိုပါဥပဒေအတိုင်းသာ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကို ဆက်လက်ဆောင်ရွက်ရန်ဖြစ်ပြီး ပြန်လည်မှတ်ပုံတင်ရန် မလိုအပ်ပါ။

၅။ ကုမ္ပဏီများအနေဖြင့် ပြန်လည်မှတ်ပုံတင်ရန် သတ်မှတ်ထားသည့် ကာလအတွင်း နှစ်ပတ်လည်အစီရင်ခံစာတင်ပြရန် မလိုအပ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန**

### အမည်ပြောင်းခြင်း

ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ ရွှေဂွန်းစံပြကျေးရွာနေ ဦးသက်ဝေထွန်း [၃/လဘန(နိုင်)၀၃၉၆၄၆]၏သား မောင်ရှိုင်းရတုထွန်း[၃/လဘန(နိုင်)၁၈၈၇၄၄] အား မောင်ကောင်းခံ့သာဟု ပြောင်းလဲခေါ်ဆိုကြပါရန်။ **မောင်ကောင်းခံ့သာ**

### ဖခင်အမည်မှန်

အထက(၁) သယ်န်းကျွန်း၊ တက္ကသိုလ်ဝင်တန်း (အတွဲ-၁) မှမောင်မျိုးမင်းဟိန်း၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးမြင့်စန်း [၁၂/ဒဂတ(နိုင်)၀၂၂၄၂၂] ဖြစ်ပါကြောင်း။ **ဦးမြင့်စန်း**

**သင့်သွေးဖြင့် အသက်ကယ်ပါ**



# ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေး အမျိုးသမီးများ အလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။

(ဂ) ၁-၁-၂၀၁၉ ရက်နေ့တွင် အသက် ၁၆ နှစ်ပြည့်ပြီး ၁၉ နှစ်ထက်မကြီးရ။

(ဃ) အရပ်(၅)ပေ(၂)လက်မ၊ ပေါင်(၁၀၀)နှင့်အထက် ရှိရမည်။
(အထက်ပါအတိုင်းကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)

(င) မိဘအုပ်ထိန်းသူ သဘောတူညီကြောင်းထောက်ခံချက်ပါရှိရမည်။

၂။ လျှောက်လွှာများကို နီးစပ်ရာစစ်ဌာနချုပ်များတွင် ၂၈-၆-၂၀၁၈ ရက်နေ့မှစတင်၍ အခမဲ့ရယူပြီး ၂၉-၆-၂၀၁၈ ရက်နေ့မှ ၂၄-၈-၂၀၁၈ ရက်နေ့အတွင်း စစ်ဌာနချုပ်များသို့ အောက်ပါစာရွက်စာတမ်းများနှင့်အတူ လူကိုယ်တိုင်လာရောက်သတင်းပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးလက်မှတ်။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး/ မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ တစ်လအတွင်းရရှိသော ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃)ပုံ။

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ရေးချုပ်ရုံး၊ စိစစ်ရွေးချယ်ရေးဘုတ်အဖွဲ့မှ ပဏာမရွေးချယ်ပါမည်။ ပဏာမရွေးချယ်ခံရသူများအား တိုင်းစစ်ဌာနချုပ်အစီစဉ်ဖြင့် လေ့ကျင့်ပေးမည့်သင်တန်းကျောင်းသို့ပို့ဆောင်ပေးမည်။ ၎င်းတွင် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ အခြေခံရုံးလုပ်ငန်းစည်းမျဉ်း၊ ကွန်ပျူတာနှင့် အင်္ဂလိပ်စာ ဘာသာရပ်တို့ကို ၂ နှစ်ကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip,C.S (Diploma in Computer Studies) ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ ၂ နှစ်အတွင်း ခြေလျင်တပ်သားသစ် သင်တန်းကာလတွင် တပ်သားသစ်လစာ ၁၄၄၀၀၀ိ/-ကျပ်ကိုလည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်း ပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည်အထိ တပ်သားအခြေခံလစာ ၁၅၀၀၀၀ိ/-ကျပ်ကိုလည်းကောင်းရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး (စာရေး/ကွန်ပျူတာ)(တတိယတန်း) (အခြေခံလစာ- ၂၀၄၀၀၀ိ + အရည်အချင်းလစာ ၄၀၀၀ိ + M.H.R.A = ၁၀၀၀၀ိ = ၂၁၈၀၀၀ိ)အဖြစ် ခန့်အပ်ပေးမည်။

၆။ တပ်မတော်(ကြည်း၊ ရေ၊ လေ) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) အဆင့်/အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ လုပ်သက် ၂ နှစ် ပြည့်သည့်အခါ အဆင့်/အတန်းတိုးမြှင့်ရေးစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ စာမေးပွဲအောင်မြင်ပါက အောက်ဖော်ပြပါ အဆင့်/အတန်းများတိုးမြှင့်ရရှိနိုင်ပြီး ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြပါ လစာ၊ စရိတ်များ ရရှိမည်-

| **အဆင့်အတန်း** | **အခြေခံ လစာ** | **အရည်အချင်း လစာ** | **M.H.R.A** | **ပေါင်း** |
|---|---|---|---|---|
| (က) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) (ဒုတိယတန်း) | ၂၀၄၀၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၂၂၀၀၀၀ |
| (ခ) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) (ပထမတန်း) | ၂၀၄၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၂၂၀၀၀ |
| (ဂ) ဒုတိယအရာခံဗိုလ် (စာရေး/ကွန်ပျူတာ) | ၂၄၀၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၅၈၀၀၀ |
| (ဃ) အရာခံဗိုလ် (စာရေး/ကွန်ပျူတာ) | ၂၅၈၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၇၆၀၀၀ |

**မှတ်ချက်။** နှစ်တိုးလစာကို ၂ နှစ်လျှင် ၂၀၀၀ိ/- နှုန်းဖြင့် ၁၀၀၀၀ိ/- အထိ ခံစားခွင့်ရှိသည်။

၇။ တာဝန်ထမ်းဆောင်စဉ် **အပေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေး**အတွက် အဆင်ပြေစွာဖြေဆိုနိုင်သည်။

**မှတ်ချက်။** အသေးစိတ်သိလိုပါက နီးစပ်ရာ စစ်ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဆရာဦးစိန်လင်း (မအူပင်)**
**B.A, B.L,M.C.A.S (Canada)**
**တရားလွှတ်တော်ရှေ့နေ**
**ထူးပုံနှိပ်တိုက်၊ ရာပြည့်ပုံနှိပ်တိုက်**
**အသက် (၈၇) နှစ်**

ကျေးဇူးရှင်ဆရာဦးစိန်လင်းသည် ၂၄-၇-၂၀၁၈ (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တပည့်များ-** ဦးခင်မောင်မြင့် (ကနောင်)၊ ဒေါ်စန္ဒာစိုး၊ ဒေါ်နေခြည်ဦး (တရားလွှတ်တော်ရှေ့နေများ)
ဒေါ်ဆွေသီလင်း၊ ဒေါ်ဝတ်ရည်ငွေး၊ နော်မြတ်လေးနွယ်၊
ဦးအောင်မင်းဖြိုး(အထက်တန်းရှေ့နေများ)၊
ကိုကျော်ဇေယျ (ခ) ဖိုးသား

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဗိုလ်မှူးကြီးချစ်ခင် (ငြိမ်း)၊ ရေ-၁၁၂၂**
**စစ်တက္ကသိုလ် အပတ်စဉ်(၇)**
**ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**
**ပို့ဆောင်ရေးဝန်ကြီးဌာန**
**အသက် (၇၆) နှစ်**

ရန်ကုန်မြို့၊ အမှတ်(၃၆၄/က)၊ ရွှေနှင်းဆီလမ်းနေ ဒေါ်ခင်သန်းမြင့်၏ချစ်လှစွာသောခင်ပွန်း၊ ဗိုလ်မှူးစိုးချစ်ခင်(ငြိမ်း)၊ ဒေါ်တိုးတိုးချစ်ခင်တို့၏ ချစ်လှစွာသောဖခင်၊ မောင်စိုင်းကောင်းထက်၏ ချစ်လှစွာသော အဘိုး ဗိုလ်မှူးကြီးချစ်ခင်(ရေ/ငြိမ်း )သည် ၂၅-၇-၂၀၁၈ ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးထွန်းလွင်ဦးနှင့် ဒေါ်စိုးစိုးထွန်း**
**(ညွှန်ကြားရေးမှူးချုပ်)**
**ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဗိုလ်မှူးကြီးချစ်ခင် (ငြိမ်း)၊ ရေ-၁၁၂၂**
**စစ်တက္ကသိုလ် အပတ်စဉ်(၇)**
**ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**
**ပို့ဆောင်ရေးဝန်ကြီးဌာန**
**အသက် (၇၆) နှစ်**

ရန်ကုန်မြို့၊ အမှတ်(၃၆၄/က)၊ ရွှေနှင်းဆီလမ်းနေ ဒေါ်ခင်သန်းမြင့်၏ချစ်လှစွာသောခင်ပွန်း၊ ဗိုလ်မှူးစိုးချစ်ခင်(ငြိမ်း)၊ ဒေါ်တိုးတိုးချစ်ခင်တို့၏ ချစ်လှစွာသောဖခင်၊ မောင်စိုင်းကောင်းထက်၏ ချစ်လှစွာသော အဘိုး ဗိုလ်မှူးကြီးချစ်ခင်(ရေ/ငြိမ်း )သည် ၂၅-၇-၂၀၁၈ ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း/အမှုထမ်းများ**
**ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

---

**ဝမ်းနည်းကြေကွဲခြင်း**

ဒေါ်ခင်သန်းနွဲ့(B.Sc, IC) MD.JEWEL HOTELသည် ၂၁-၇-၂၀၁၈ ရက်နေ့တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

**1980/81 (IC) သူငယ်ချင်းများ**

---

**ဝမ်းနည်းကြေကွဲခြင်း**
**ဗိုလ်ကြီး ပြည့်ဖြိုးအောင်**
**အသက် (၃၀)**
**ကြည်း-၅၂၇၃၂၊ စစ်တက္ကသိုလ် အမှတ်စဉ်(၅၀)**

သူငယ်ချင်း ဒေါ်သစ်သစ်သိန်း၏သား ဗိုလ်ကြီးပြည့်ဖြိုးအောင်သည် ၂၁-၇-၂၀၁၈ ရက် ညနေ ၄း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် သူငယ်ချင်းတို့မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၇၉ ခုနှစ် စီးပွားရေးတက္ကသိုလ်**
**ဘွဲ့ရသူငယ်ချင်းများ**

---

**ဦးစိုင်းမြတ်အေး**
**အသက်(၅၃)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ အမှတ် (၁၅)၊ မင်းကျောင်းလမ်းနေ (ဗိုလ်မှူးကြီး အေးမောင်-ငြိမ်း)၊ ဒေါ်တင်တင်ဦးတို့၏သား၊ (ဦးစက်တိုး-ဒေါ်တင်တင်အေး)တို့၏ သားသမက်၊ ဦးစိုင်းဝင်းအေး၏ညီ၊ ဒေါ်ယဉ်ယဉ်ဝင်း၊ ဦးစိုင်းငြိမ်းအေးတို့၏ အစ်ကို၊ ဒေါ်နွယ်နီတိုး၏ ခင်ပွန်း၊ မောင်စိုင်းဘုန်းမြတ်အေး၏ ဖခင်၊ အိဖြူ၊ ပုံပုံ၊ ဂါးဖီး၊ ကီးကီးတို့၏ ဦးလေးသည် ၂၅-၇-၂၀၁၈ ရက် နံနက် ၉း၃၀ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကာယကံရှင်၏ ဆန္ဒအရ ယင်းနေ့ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၃၁-၇-၂၀၁၈ ရက်တွင် ရန်ကုန်မြို့၊ အမှတ် (၁၅)၊ မင်းကျောင်းလမ်း၊ ဒဂုံမြို့နယ်၊ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရား တော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဦးမျိုးသန့်(ရေစကြို)**
**အသက်(၆၈)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ်(၄၆)၊ (၁၂၃)လမ်းနေ (ဦးငြိမ်း-ဒေါ်စံ)တို့၏ သား၊ (ဦးပုလေး-ဒေါ်ခင်ခင်)၏ သားသမက်၊ ဒေါ်တင်ဆွေရီ၏ချစ်လှစွာသောခင်ပွန်း၊ ကေဇင်မျိုး (KMD.Computer Centre)၊ (မောင်ရဲထွဋ်အောင်)၊ ငြိမ်းစုဝေ (Myanmar DCR Co.Ltd.)တို့၏ ချစ်လှစွာသော ဖခင် ဦးမျိုးသန့်သည် ၂၄-၇-၂၀၁၈ (အင်္ဂါနေ့) ည ၇း၂၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၇-၂၀၁၈ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသဖြင့် ဆွေမျိုးမိတ်သင်္ဂဟတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဝမ်းနည်းကြေကွဲခြင်း**
**ဗိုလ်မှူးကြီးချစ်ခင်(ငြိမ်း)**
**ရေ-၁၁၂၂၊ စစ်တက္ကသိုလ်အမှတ်စဉ်(၇)**
**အသက်(၇၆)နှစ်**

စစ်တက္ကသိုလ်အမှတ်စဉ်(၃၂)မှ ဗိုလ်မှူးစိုးချစ်ခင်(ငြိမ်း)၏ ဖခင်ဖြစ်သူ ဗိုလ်မှူးကြီးချစ်ခင်(ငြိမ်း)သည် ၂၅-၇-၂၀၁၈ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၃၂)မှ သူငယ်ချင်းမိသားစုများ**

---

**ဗိုလ်မှူးကြီးချစ်ခင် (ငြိမ်း)၊ ရေ-၁၁၂၂**
**စစ်တက္ကသိုလ် အပတ်စဉ်(၇)**
**ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**
**ပို့ဆောင်ရေးဝန်ကြီးဌာန**
**အသက် (၇၆) နှစ်**

ရန်ကုန်မြို့၊ အမှတ်(၃၆၄/က)၊ ရွှေနှင်းဆီလမ်းနေ (ဦးဘိုနီ-ဒေါ်မြကြည်)တို့၏သား၊ (ဦးထွန်းတင်-ဒေါ်စောမြ)တို့၏သားသမက်၊ ဒေါ်ခင်သန်းမြင့်၏ ချစ်လှစွာသောခင်ပွန်း၊ ဗိုလ်မှူးစိုးချစ်ခင်(ငြိမ်း)၊ ဒေါ်တိုးတိုးချစ်ခင်တို့၏ ချစ်လှစွာသောဖခင်၊မောင်စိုင်းကောင်းထက်၏ ချစ်လှစွာသောအဘိုး၊ ဗိုလ်မှူးကြီး ချစ်ခင်(ရေ/ငြိမ်း၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန)သည် ၂၅-၇-၂၀၁၈ ရက် နံနက် ၁၀း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၇-၂၀၁၈ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၃၀-၇-၂၀၁၈ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဦးစိန်ရှပ် (ခ) ဦးတင်မောင်ထွဋ်**
**အသက် (၆၁) နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မာန်အောင်ရပ်ကွက်၊ ကျောက်ရေတွင်းလမ်း၊ အမှတ်(၉၄)နေ ဒေါ်တင်တင်ရီ၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဝင်းမျိုးခန့်-ဒေါ်သက်စုဦး၊ ဒေါ်နှင်းစုစုဝေ၊ ဒေါ်ခင်စုစုဝင်း၊ ဦးလပြည့်အောင်-ဒေါ်ချယ်ရီသင်း၊ ဦးလင်းထွန်းဇော်တို့၏ကျေးဇူးရှင်ဖခင်သည် ၂၄-၇-၂၀၁၈ (အင်္ဂါနေ့) ညနေ ၆း၃၀ နာရီတွင် မ/ဥက္ကလာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၇-၂၀၁၈ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၀-၇-၂၀၁၈ (တနင်္လာနေ့) နံနက်တွင် အထက်ပါတာမွေမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ခရစ်တော်၌ အိပ်ပျော်ခြင်း**
**ဒေါ်တင်ချိုဝင်း(ခ)ချိုထွေး(စင်ကာပူ) (၄၇) နှစ်**

ရန်ကုန်မြို့၊အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ ခြံအမှတ်(၃၅)၊ ကန်လမ်းနေ ဦးဘန်နီတင်ထွန်း-[ဒေါ်ချယ်ရတီဟားဝဒ် (ခ) ဒေါ်ဝင်းဝင်းကြည်]တို့၏ စတုတ္ထမြောက်သမီး၊ ဦးထွန်းထွန်း၏ဇနီး၊ မောင်ဝင်းသူရိန်ထွန်း(Dennis) (ခေတ္တ-ဩစတြေးလျနိုင်ငံ)၏ချစ်လှစွာသောမိခင်၊ ဒေါ်နီနီဝင်း (ဧည့်လမ်းညွှန်၊ အင်္ဂလိပ်+ဂျပန်)၊ ဒေါ်တင်ညိုဝင်း(ခေတ္တ-စင်ကာပူ)၊ ဒေါ်တင်မြဝင်းတို့၏ ညီမ၊ ဒေါ်တင်နွယ်ဝင်း(နီတာ)၊ ဦးဇော်ဝင်းထွန်း(ဖိုးချို)(ခေတ္တ-အင်္ဂလန်)တို့၏ အစ်မ၊ ဒေါက်တာအောင်ပြည့်စုံဝင်း၊မောင်စိုးစံမောင်နိုင်(WYTU)၊ မထူးနွယ်မာဝင်း(Grade-11၊ အထက-၂ အင်းစိန်)တို့၏အဒေါ်သည် ၂၃-၇-၂၀၁၈ (တနင်္လာနေ့) နံနက် ၂း၃၀ နာရီတွင် မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး၌ ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၇-၇-၂၀၁၈ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်ရေဝေးသုသာန်ခန်းမ၌ ဝတ်ပြုကိုးကွယ်ပြီး ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (ရွာမဘုရားရှိခိုးကျောင်းရှေ့မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [၂၉-၇-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီမှ မွန်းလွဲ ၁ နာရီအထိ အောက်မေ့ဖွယ်ရာ ပြုလုပ်မည်ဖြစ်ပါသည်။)

ကျန်ရစ်သူမိသားစု

---

**မအူပင်မြို့နယ်အသင်း (ရန်ကုန်)**
**ဦးစိန်လင်း (မအူပင်)**
**တရားလွှတ်တော်ရှေ့နေနှင့်**
**(Notary Public)**
**မအူပင်မြို့နယ်အသင်း နာယကကြီး**
**အသက် (၈၇) နှစ်**

ဒေါ်ခင်စိုးဦး၏ ခင်ပွန်း မအူပင်မြို့နယ် အသင်း(ရန်ကုန်) ၏ နာယကကြီး ဦးစိန်လင်းသည် ၂၄-၇-၂၀၁၈ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ဗဟိုရိစည် ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၇-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါ၍ အသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါရန်။

အမှုဆောင်အဖွဲ့၊
မအူပင်မြို့နယ်အသင်း (ရန်ကုန်)

---

**ဒေါ်ညွန့်ကြည်**
**အသက်(၈၆)နှစ်**
**ပိန်းကန်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ အမှတ်(၉/၃)လမ်း၊ ပထမထပ်နေ (ဦးဖိုးသစ်-ဒေါ်ခင်မေ)တို့၏ သမီး၊ (ဦးသိန်းကြွယ်)၏ ဇနီး၊ (ဦးသန်းဝင်း)-ဒေါ်သန်းမြင့်၊ (ဦးမြင့်ဆွေ)၊ ဒေါ်မြင့်မြင့်သန်းတို့၏ အစ်မ၊ ဦးအောင်မြင့်-ဒေါ်အေးအေးမာ၊ ဦးအုံးမြ-ဒေါ်မာမာအေး၊ ဦးအုန်းသွင်-ဒေါ်တင်တင်ဝင်း၊ ဦးလှမင်း-ဒေါ်ဇင်မာအောင်တို့၏ မိခင်၊ မြေးခုနစ်ယောက်၊ မြစ်ငါးယောက်တို့၏ အဘွားသည် ၂၄-၇-၂၀၁၈ (အင်္ဂါနေ့) ည ၉း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၇-၂၀၁၈ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**လပွတ္တာမြို့နယ်အသင်း (ရန်ကုန်)**
**ဘုရား၊ ရဟန်း၊**
**ကျောင်းဒါယိကာမကြီး**
**ဒေါ်ခင်ထွေး (လပွတ္တာ)**
**အသက် (၈၉) နှစ်**

လပွတ္တာမြို့၊ (၅)ရပ်ကွက်၊ ကုန်သည်လမ်း၊အမှတ်(၁၂၄)နေ ဦးစံမောင် (ကြိမ်၊ ဝါးပစ္စည်းဆိုင်) ၏ ဇနီးသည် ၂၄-၇-၂၀၁၈ (အင်္ဂါနေ့) ည ၇း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၇-၂၀၁၈ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် လပွတ္တာမြို့သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါ၍ အသင်းသူ/အသင်းသားများသိစေရန် အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း**
**ဒါယကာကြီး**
**ဦးအောင်လင်း(ခ)ဦးကောင်း**
**အသက်(၆၇)နှစ်**

ရန်ကုန်မြို့၊ လသာမြို့နယ်၊ အမှတ် (၁၅၆)၊ ဗိုလ်ရွဲလမ်းနေ ဒေါ်ခင်ခင်၏ ခင်ပွန်း၊ (ဦးချာရိန်-ဒေါ်လွင်ကျော့)တို့၏ သား၊ (ဒေါ်ရှုရင်)၊ ဒေါ်ငွေရင်၊ ဒေါ်ဟွာရင်၊ ဒေါ်ပိုရင်တို့၏ အစ်ကို၊ ဦးအောင်မြတ်ထွဋ်-ဒေါ်ငုဝါလင်း၊ ဦးစိုးကိုကို၊ ဦးအောင်ကိုကို-ဒေါ်မျိုးပပဝင်း၊ ဦးနေဦးထွဋ်-ဒေါ်မြစံပယ်ငုံ၊ ဒေါ်ခင်စံပယ်ဖြူတို့၏ မွေးသဖခင်၊ မြေးခြောက်ယောက်တို့၏ အဘိုးသည် ၂၅-၇-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၈း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၇-၂၀၁၈ (သောကြာနေ့) နံနက် ၉ နာရီတွင်ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းမည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၁-၇-၂၀၁၈ ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**အနိစ္စ**

**ဘုရား၊ ရဟန်း၊ သိမ်၊**
**ကျောင်းဒါယကာကြီး**
**ဦးမြသိန်း (ခ) ဦးချိန်ဝမ်**
**(ထန်းတပင်မြို့)**
**အသက် (၁၀၂) နှစ်**

(ဦးရန်ဟုန်-ဒေါ်ကျင်မေ)တို့၏သားကြီး၊ (ဦးဖိုးဒေါင်း-ဒေါ်မယ်ခင်)တို့၏ သားသမက်၊ (ဦးရဲထွတ်-ဒေါ်သန်းယဉ်)၊ (ဦးစံသိန်း)-ဒေါ်မြမြတင်၊ ဦးအေးကျော်-ဒေါ်ခင်လှနွဲ့၊ (ဦးစိုးမြင့်)-ဒေါ်စန်းစန်းရည်၊ ဒေါက်တာခင်မောင်သန်း-ဒေါ်ခင်ကြူကြူ၊ ဦးလှမြင့်-ဒေါ်မြင့်မြင့်အေး၊ (ဦးတင်မောင်ညွန့်)-ဒေါ်မူမူမြင့်တို့၏ ဖခင်ကြီး၊ အမှတ် (၅)၊ ရတနာပုံလမ်း၊ ဈေးကုန်းအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်နေ (ဒေါ်မြကြည်)၏ ခင်ပွန်း၊ မြေး ၂၁ ယောက်၊ မြစ် ၁၄ ယောက်တို့၏ဘိုးဘိုးကြီးသည် ၂၅-၇-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၃း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၇-၂၀၁၈ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၁-၇-၂၀၁၈ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အမှတ် (၅)၊ ရတနာပုံလမ်း၊ ဈေးကုန်းအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဒေါ်အုန်းရီ**
**အသက် (၈၉) နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းမြောက်ရပ်ကွက်၊ သရဝဏ်ရိပ်သာ(၂)လမ်း၊ အမှတ်(၃)၊ အခန်း(၃-အေ)နေ (ဦးဖိုးရင်-ဒေါ်စိန်ရင်)တို့၏ သမီး၊ [ဦးဖေသွင်(B.P.I၊ အရာရှိ-ငြိမ်း)]၏ဇနီး၊ ဦးဝင်းကြည်မြင့်(B.P.I၊ ငြိမ်း)-(ဒေါ်မြမြအေး)၊ (ဦးသိန်းကြည်မြင့်)၊ (ဦးသန်းကြည်မြင့်)၊ [ဒေါ်ခင်မြသွေးကြည်မြင့်-ဦးသောင်းထိုက်(ရေကြောင်းပို့ဆောင်ရေး)]၊ ဒေါ်ခင်ဆွေသန်း (Ocean Queen Shipping Agency)၊ [ဦးကျော်အောင်သွင် (ဧည့်လမ်းညွှန်)]တို့၏မိခင်၊ မဝင်းသန္တာခင် (Assistance Director-Taw Win Family Co.,Ltd)၊ မောင်အောင်ကိုကိုဆွေ(M & E Manager, YWB, UMG Co.,Ltd)- မမြကြည်ဖြူ(K9-Auto CAD, Designer)၊ မောင်နိုင်ဝင်း (Ocean Tanker) - မမေသော်ထိုက်၊ မမြတ်ရွှေစင်မင်း (Taw Win Family Co.,Ltd)တို့၏ အဘွား၊ ထက်ဝတီဝင့်၊ ယွန်းယမုံတို့၏အဘွားသည် ၂၄-၇-၂၀၁၈ (အင်္ဂါနေ့) မွန်းလွဲ ၂း၂၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၂၄-၇-၂၀၁၈ ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

**ညောင်တုန်းမြို့နယ်အသင်း(ရန်ကုန်)**
**ဦးကျော်မြင့်**
**အကြီးတန်းသတင်းထောက်**
**(မြန်မာ့အသံ)**
**ဦးစီးအရာရှိ(ငြိမ်း)**
**စာပေစိစစ်ရေးဦးစီးဌာန**
**အသက်(၈၃)နှစ် ရာ/၁၀၇၉**

ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၃၅) ရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ အမှတ် (၁၈၇)နေ ဒေါ်ခင်အေးမူ၏ ခင်ပွန်း ဦးကျော်မြင့်သည် ၁၅-၇-၂၀၁၈ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၇-၂၀၁၈ ရက်တွင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း အသင်းဝင်များအား အသိပေးအပ်ပါသည်။

အမှုဆောင်အဖွဲ့

---

**အကောက်ခွန်ဝန်ထမ်းဟောင်းများ**
**အသင်း**
**ဦးတူး**
**အသက်(၇၉)နှစ်**
**အကောက်ခွန်မှူး(ငြိမ်း)**

ရာသက်ပန်အသင်းဝင် အမှတ် (၃၆၅) ဦးတူးသည် ၂၅-၇-၂၀၁၈ ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၇-၂၀၁၈ရက် ညနေ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် သဂြိုဟ်မည်ဖြစ်ပါ၍ အသင်းသူ/အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

---

**မိုးကုတ်ယောဂီ**
**ဒေါ်စောသိန်းဖြူ (ရသေ့တောင်မြို့နယ်၊ လောင်းချောင်း)**
**အသက်(၈၄)နှစ်**

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ အမှတ်(၁၄၃၄၊ ဂန္ဓမာလမ်း)၊ (၄၁) ရပ်ကွက်နေ ဦးကျော်သိန်း(ဦးဂန္ဓမာ)အေးရိပ်သာကျောင်း၊ ပြင်ဦးလွင်မြို့-ဒေါ်မမြ၊ ဦးအောင်ထွန်းမြင့် (လ-ဝ-က မှူး၊ လဝက ဌာနခွဲ၊ မောင်တော)-ဒေါ်နန်းစန္ဒာထွန်း၊ ဦးထွန်းရွှေသိန်း-ဒေါ်ခင်စောမြင့်၊ ဒေါ်ခင်သောင်းမြင့် (အမက-၇၊ တာမွေ)၊ ဦးခိုင်ဇော်ဝင်း-(ဒေါ်မြင့်မြင့်သန်း)၊ ဦးထွန်းအောင်မြင့်-ဒေါ်ယဉ်ယဉ်အေး၊ ဦးမြင့်သန်း-ဒေါ်မြသီတာထွန်းတို့၏ မိခင်ကြီး၊ မြေး ၁၄ ယောက်၊ မြစ်တစ်ယောက်တို့၏ အဘောင်ရှင်၊ အဖွားရှင် ဒေါ်စောသိန်းဖြူသည် ၂၄-၇-၂၀၁၈ (အင်္ဂါနေ့) ည ၇း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၇-၂၀၁၈ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [မိခင်ကြီးအား ရည်စူး၍ ၃၀-၇-၂၀၁၈ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ခရစ်တော်၌ အိပ်ပျော်ခြင်း**
**ဦးလောရင့်(စ်)ထွန်းနိုင်**
**တပ်မတော်-ရေ ဆေးမှူး (ငြိမ်း)**
**ကိုယ်ပိုင်အမှတ် ရေ/၁၀၅၇၅**
**အသက် (၈၀)**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၄၄)ရပ်ကွက်၊ အမှတ်(၃၄၄)၊ သခင်ဖိုးလှကြီးလမ်းနေ ဦးဂျော့-ဒေါ်ပီစတာတို့၏ ဒုတိယသား၊ ဦးသာရင် (တက္ကသိုလ် ပုံနှိပ်တိုက်မန်နေဂျာ-ငြိမ်း)-ဒေါ်မေရီစိန်(အထပြ-ငြိမ်း၊ အထက-၂၊ အင်းစိန်)တို့၏ညီ/မောင်၊ ဦးအောင်ကြည်မြင့်-(ဒေါ်မေရီဂျော့)တို့၏အစ်ကို၊ ဒေါ်ထားရီ၏ချစ်လှစွာသောခင်ပွန်း၊ သောမတ်စ်(ခ) စောသန့်၊ မကြည်ကြည်နိုင် (ခ) မချူး၊ (မောင်မျိုးဝင်း)-မမြင့်မြင့်နိုင်၊ မောင်သိုက်ထွန်း-မခင်အုန်းမြင့်၊ မောင်သောင်းစိန်ဦး-မတင်တင်နိုင်၊ (မောင်ဖုန်းမြင့်နိုင်)တို့၏ချစ်လှစွာသောဖခင်၊ မောင်အောင်ကောင်းမြတ်၊ Rapheal, John Gabriel၊ မောင်ကျော်ဇင်သော်၊ မောင်မင်းစည်သူမောင်၊ မောင်ဝေယံမင်းသူတို့၏ချစ်လှစွာသောဘိုးဘိုး ဦးလောရင့်(စ်)ထွန်းနိုင်သည် ၂၄-၇-၂၀၁၈ ရက် နံနက် ၂ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၈-၇-၂၀၁၈ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးခရစ်ယာန်ဥယျာဉ်တော်၌ ဂူသွင်းသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၄၅ နာရီတွင် ထွက်ပါမည်။) [ ၃၀-၇-၂၀၁၈ ရက် နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ဝတ်ပြုကိုးကွယ်မည်ဖြစ်ပါ၍ အသိမိတ်ဆွေများအားလုံးကို အကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
**ဦးတူး (အကောက်ခွန်မှူး-ငြိမ်း)**
**အသက်(၇၉)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊ (၁၆၄)လမ်း၊ အမှတ်(၃၁)၊ (ပထမထပ်)နေ (ဦးသိန်းဝင်း-ဒေါ်စန်းကြည်)တို့၏ သား၊ (ဒေါ်လှလှ)၏ ခင်ပွန်း၊ (ဦးမြင့်ဦး)-ဒေါ်ခင်သန္တာ၊ (ဦးကျော်ထွန်းဇော်)-ဒေါ်ဖြူဖြူဝင်း၊ ဦးကျော်ကျော်ခိုင်-ဒေါ်မာလာမျိုးဇော်တို့၏ ဖခင်၊ မြေးငါးယောက်၊ မြစ်နှစ်ယောက်တို့၏ အဘိုးသည် ၂၅-၇-၂၀၁၈ ရက် နံနက် ၀၀း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၇-၂၀၁၈ ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း**
**အလ်ဟာဂျ် ဦးမောင်မောင် (ခ) T.A Ahmed**
**(တောင်ကြီးမြို့)**
**မန်နေးဂျင်းဒါရိုက်တာ၊ ဝိဇ္ဇာမောင်ကမ္ဘောဇ**
**Travel & Tours Co.,Ltd**
**အသက် (၇၄) နှစ်**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်တထောင်ဘုရားလမ်းသွယ်(၂)၊ အမှတ်(၅/၇-B)နေ(ဦးမောင်သူ-ဒေါ်အမာ)တို့၏သား၊ ဒေါ်စန်းစန်း၏ခင်ပွန်း၊ ဦးတင်ဝင်းနိုင်-ဒေါ်သက်သက်အောင်၊ ဒေါ်တင်တင်ဝင်းတို့၏ဖခင်၊ မောင်ကျော်ဇင်လင်း၊ မောင်မျိုးသက်နိုင်၊ မခိုင်ဇင်ဝင့်တို့၏အဘိုး အလ်ဟာဂျ် ဦးမောင်မောင် (ခ) T.A Ahmed သည် ၂၅-၇-၂၀၁၈ ရက် ညနေ ၃ နာရီတွင် အလ္လာဟ်သျှင်မြတ် အမိန့်တော်ခံယူသွားပါသဖြင့် ၂၆-၇-၂၀၁၈ ရက် နံနက် ၁၀ နာရီတွင် ရေဝေးစွန်နီကဘာရ်စတန်၌ ဒါဖနာမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဒေါ်ခင်သန်းပို (ဒု/ကျောင်းအုပ်၊ ငြိမ်း)**
**အ. ထ. က(၁၂)၊ မန္တလေးမြို့**
**အသက် (၆၅) နှစ်**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ (၇၄)လမ်း၊ (၂၈)လမ်းနှင့် (၂၉)လမ်းကြား၊ စိတ္တရမဟီရပ်၊ အကွက်(၇၂၀)၊ မောက်မယ်ဝင်း၊ အမှတ်(၁၃၃/၂)နေ ဦးတင့်အောင်ဆွေ(စုံစမ်းရေးမှူး၊ စ. စ. စ၊ မကွေးတိုင်းဒေသကြီးရုံး)-ဒေါ်ချောစုငြိမ်း(ဦးစီးမှူး၊ စီမံကိန်းရုံး၊ မန္တလေးတိုင်းဒေသကြီး)၊ ကိုမင်းသူဆွေ (Sky Star, CCTV Security & IT Solution)တို့၏ချစ်လှစွာသောမွေးသမိခင်၊ မောင်သွင်ဘုန်းမြတ်ဆွေ၊ မခင်ဆုဆုသာတို့၏ ချစ်လှစွာသော ဘွားဘွား၊ ဦးသိန်းဆွေ၏ချစ်လှစွာသောဇနီးသည် ၂၄-၇-၂၀၁၈ (အင်္ဂါနေ့) နံနက် ၀၀း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၇-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် အထက်ပါနေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်ဆွေသင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**
**ဦးစန်းမြင့်(ခ)ဦးဝင်းဗိုလ်**
**အသက်(၅၆)နှစ်**
**(ဒေဝဒဟ ကုမ္ပဏီလီမိတက်)**

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဝါဆိုရပ်ကွက်၊ အောင်တံခွန်လမ်း၊ အမှတ်(၈)နေ (ဦးသန်းအောင်-ဒေါ်ထွေးကျင်)တို့၏သား၊ (ဦးကျော်မြ-ဒေါ်ပုစိန်)တို့၏ သားသမက်၊ ဒေါ်မြမြအေး ၏ ခင်ပွန်း၊ ဗိုလ်ကြီးကျော်စည်သူဗိုလ်-မမြတ်နိုးဆွေ၊ မောင်အောင်သီဟ-မသိမ့်သီရိအောင်၊ မောင်ဟိန်းခန့်ဇော်ဗိုလ်တို့၏ ဖခင်၊ မောင်ကောင်းထက်ကျော်၏ အဘိုး သည် ၂၄-၇-၂၀၁၈ (အင်္ဂါနေ့) ည ၇း၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၇-၂၀၁၈(ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် ဂူသွင်းသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၃၀-၇-၂၀၁၈(တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီထိ ပရိတ်တရားတော်နာကြွရောက်ပါရန် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား သိစေအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒုတိယနေ့ ကျင်းပ



ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒုတိယနေ့ ကျင်းပစဉ်။

**နေပြည်တော် ဇူလိုင် ၂၅**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသည့် ၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ အရေးပေါ်ရန်ပုံငွေမှ ငွေကျပ် ၈၁၇၅ ဒသမ ၂၇၂ သန်း ခွဲဝေသုံးစွဲခဲ့သည့် ကိစ္စရပ်နှင့်စပ်လျဉ်း၍ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်နှင့် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်တို့က လွှတ်တော်သို့ ရှင်းလင်းတင်ပြကြသည်။

**ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်က** ဆိုင်ကလုန်းမုန်တိုင်း(မိုရာ) သဘာဝဘေးဒဏ်ကြောင့် ပျက်စီးမှုများအား စစ်ဆေးရေးဘုတ်အဖွဲ့ဖြင့် စနစ်တကျ စစ်ဆေးခဲ့ပြီး ပျက်စီးခဲ့သည့် အဆောက်အအုံ ၁၀၀၉ လုံးအနက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း အချိန်မီပြန်လည်ပြုပြင်ပြီးစီးနိုင်မည့် အဆောက်အအုံ ၈၈၂ လုံးအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် အရေးပေါ်ရန်ပုံငွေမှ ငွေကျပ် ၄၉၈၉ ဒသမ ၆၉၄ သန်း ခွင့်ပြုပေးခဲ့ပြီး ဖြစ်ပါကြောင်း။

၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်အတွင်း အချိန်မီ ပြင်ဆင်ပြီးစီးနိုင်ခြင်းမရှိဘဲ ပြန်လည်ပြုပြင်ရန် ကျန်ရှိသည့် အဆောက်အအုံ ၁၂၇ လုံးအား ၂၀၁၈ ခုနှစ် ဧပြီလမှ **စာမျက်နှာ ၈ ကော်လံ ၁ သို့**

## မြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် ဇူလိုင် ၂၅**

ယနေ့မွန်းလွဲ ၂ နာရီခွဲအချိန်တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် သုံးပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

အလားတူ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် လေးပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း တစ်ပေခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် တစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း တစ်ပေခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သဖြင့် ဘားအံမြို့နယ်၊ ရွှေကျင်မြို့နယ်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။ **ကြေးမုံ**

## အာဆီယံ ယူ-၁၆ ပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာ ယူ-၁၆ အသင်း ပြင်ဆင်

**ရန်ကုန် ဇူလိုင် ၂၅**

ဇူလိုင် ၂၉ ရက်မှ ဩဂုတ် ၁၁ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည့် ၂၀၁၈ အာဆီယံ ယူ-၁၆ ပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာ ယူ-၁၆ အသင်းသည် အပြီးသတ်လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။

အာဆီယံ ယူ-၁၆ ပြိုင်ပွဲကို အုပ်စုနှစ်ခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စု (က) တွင် ဗီယက်နမ်၊ မြန်မာ၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ တီမော၊ ဖိလစ်ပိုင်၊ အုပ်စု (ခ)တွင် ထိုင်း၊ မလေးရှား၊ လာအို၊ ဘရူနိုင်းနှင့် စင်ကာပူအသင်းတို့ ပါဝင်ကြသည်။ မြန်မာ ယူ-၁၆ အသင်းသည် ပြိုင်ပွဲအကြိုပြင်ဆင်မှုအဖြစ် ထိုင်းနိုင်ငံ၌ ဇူလိုင် ၂၀ ရက်မှ ၂၄ ရက်အထိ သွားရောက်လေ့ကျင့်ခဲ့ပြီး ခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားရာ တစ်ပွဲနိုင်၊ တစ်ပွဲသရေကျခဲ့သည်။ မြန်မာ ယူ-၁၆ အသင်းသည် Bangkok Christain College အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး ထိုင်း ယူ-၁၆ လူငယ်လက်ရွေးစင်အသင်းနှင့် တစ်ဂိုးစီ သရေကျခဲ့သည်။ မြန်မာယူ-၁၆ အသင်းသည် ဘောလုံးအကယ်ဒမီများမှ ကစားသမားများဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ပြီး အတွေ့အကြုံရရန် ယူ-၂၁ အမှတ်ပေးပြိုင်ပွဲတွင် MFF Youth အသင်းအမည်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ပြိုင်ပွဲဝင် မြန်မာ ယူ-၁၆ အသင်းတွင် အုပ်ချုပ်သူ ဦးစည်သူဝင်း၊ နည်းပြချုပ် ဦးညီညီလတ်၊ လက်ထောက်နည်းပြ ဦးမင်းမင်းထွန်း၊ ဦးထွန်းလင်းအောင်၊ ဂိုးနည်းပြ ဦးစိန်အေး၊ ကစားသမားများအဖြစ် ဂိုးသမား- ဟိန်းထက်စိုး၊ နေလင်းထက်၊ စောခူမို၊ နောက်တန်း စောထူးပွဲမို၊ မျိုးချစ်ဇော်၊ သော်ဇင်ထက်၊ ဉာဏ်လင်းထက်၊ ရှင်းသန့်အောင်၊ ကောင်းခန့်ကျော်၊ အလယ်တန်း နောင်နောင်စိုး၊ ဇော်ဝင်းသိန်း၊ အောင်ကိုဦး၊ ရဲထက်အောင်၊ ငြိမ်းဇေယျာ၊ ရန်နိုင်လင်း၊ ဝေယံစိုး၊ ရန်ကျော်စိုး၊ နိုင်ထွေး၊ ခွန်ကျော်ဇင်ဟိန်း၊ သန့်စည်သူ၊ ရွှေ့တန်း ပြည့်ဖြိုးအောင်၊ လမင်းထွေး၊ စောကျော်ထက်တို့ ပါဝင်သည်။ မြန်မာ ယူ-၁၆ အသင်းသည် ထိုင်းခြေစမ်းခရီးစဉ် သွားရောက်ကစားခဲ့သည့် ကစားသမား ၂၃ ဦးဖြင့် သွားရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ **သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**



မြန်မာ ယူ-၁၆ အသင်း နည်းပြချုပ် ဦးညီညီလတ်